The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 46 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | November 27, 2017

# ရော်ဘာနဲ့ ဒေသထွက်ကုန်များ အရည်အသွေးကောင်းမွန်ပြီး ပြည်ပပို့ကုန် ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး

စာမျက်နှာ - ၈









■ မြန်မာနိုင်ငံမှတင်ပို့သည့် ဖရဲသီး၊ သခွားသီးများအား တစ်ဖက်နိုင်ငံမှ ဝယ်လက်များက အခွန်ပေးဆောင်လျက်ရှိသဖြင့် မြန်မာ့ဖရဲတင်ပို့သူများ အကျိုးအမြတ်ရရှိနေ

စာမျက်နှာ - ၁၆

■ မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် AAA အမှတ်တံဆိပ် ဘိလပ်မြေကို အိန္ဒိယနိုင်ငံသို့ စတင်တင်ပို့

စာမျက်နှာ - ၂၂

■ ကယားပြည်နယ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါးတင်ပို့သူများ အသင်းနှင့် တွေ့ဆုံဆွေးနွေး

စာမျက်နှာ - ၃၀

## ပြောင်းလဲချိန်တန်သည့် ပြောင်း



စာမျက်နှာ - ၂၁





အချိန်ကောင်းရောက်ပြီမို့ Authentic နှင့် ခရီးသွားစို့ ...
AUTHENTIC
MYANMAR Outbound Tour ®
(ရန်ကုန်ရုံးချုပ်) ခြံအမှတ် (၄၆/ခ) ကျိုက်ကော်အိမ်ယာ၊ မဟာဗန္ဓုလလမ်း၊ ကျိုက်ကော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ဖုန်း) ၀၉ ၇၆၈ ၄၀ ၅၉ ၅၀ - ၅၃
(မန္တလေးရုံးခွဲ) ခြံအမှတ် (၄)၊ (၁၁)လမ်း၊ (၇၅ × ၇၆) လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့။ (ဖုန်း) ၀၉ ၂၀ ၁၇ ၄၆၈၊ ၀၉ ၇၉ ၂၀ ၁၇ ၄၆၈
www.authentiquemyanmar.com | outbound@authentiquemyanmar.com




မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော
ဖုန်းပိုက်ဆံ
Myanmar MOBILE MONEY
anywhere
anytime
anyone
အချိန်တိုင်း .... နေရာတိုင်း... လူတိုင်း ... အတွက် ...
Cash In
ငွေသွင်းခြင်း(Cash In)
Cash Out
ငွေထုတ်ခြင်း(Cash Out)
Purchase
ဈေးဝယ်ခြင်း(Purchase)
P2P Transfer
ငွေလွှဲပို့ခြင်း(P2P Transfer)
Top Up
ဖုန်းဖြောငွေဖြည့်ခြင်း(Top Up)
Salary Disbursement
လစာပေးခြင်း(Salary Disbursement)
"ခေတ်မီဆန်းသစ်လိုသူတိုင်း မြန်မာမိုဘိုင်းလ်မန်းနီးကို အသုံးပြုကြပါစို့။"
အမှတ် – ၅၁ / ၈၅၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း – ၀၉ – ၃၁၀၀၁၅၂၉၊ ၀၉ – ၃၁၀၀၁၅၃၀၊ ၀၉ – ၃၁၀၀၁၅၃၁၊ ၀၉ – ၃၁၀၀၁၅၃၂
Call Center - 1212 , Website - www.myanmarmobilemoney-easypay.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် နီပေါနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Bhim K. Udas အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် တာဝန်ရှိသူများသည် ရန်ကုန်မြို့၊ နီပေါနိုင်ငံ သံရုံးမှ သံအမတ်ကြီး H.E. Mr. Bhim K. Udas အား နိုဝင်ဘာ ၂၃ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးဧည့်ခန်းမ (၁) ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-နီပေါ နှစ်နိုင်ငံကုန်သွယ်မှုမှာ နည်းပါးနေသေးသည့်အတွက် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်လာစေရန် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ၊ ပဲစားသုံးမှုမြင့်မားသည့် နီပေါနိုင်ငံသို့ မြန်မာနိုင်ငံမှ ပဲတင်ပို့နိုင်ရေးအခြေအနေများ၊ နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်လာစေရေး အတွက် အဓိကအချက်ဖြစ်သည့် နှစ်နိုင်ငံကုန်းလမ်းဆက်သွယ်မှုကောင်းမွန်ရေး၊ မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများ တင်ပို့နိုင်ရေး၊ မြန်မာ-နီပေါ ကုန်သည်/စက်မှုအသင်း ထူထောင်နိုင်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ကုန်သည်အသင်းချုပ်များအကြား နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ ကြောင်း သတင်းရရှိသည်။

**MOC(IR)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နိုင်ငံခြားရေးရုံးမှ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်

## ဟန်ဂေရီနိုင်ငံ၊ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား သီးခြားစီလက်ခံတွေ့ဆုံ

နိုဝင်ဘာ ၂၁ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နိုင်ငံခြားရေးရုံးမှ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Zhang Xioqin ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဟန်ဂေရီနိုင်ငံ၊ နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး H. E. Mr. Peter Szijjarto ဦးဆောင်သည့်ကိုယ်စား လှယ်အဖွဲ့တို့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဧည့်ခန်းမ(၁) ၌ သီးခြားစီ လက်ခံတွေ့ဆုံခဲ့သည်။

နံနက် ၁၁ နာရီတွင် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နိုင်ငံခြားရေးရုံးမှ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Zhang Xioqin ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံများဖြစ်သည့်အားလျော်စွာ အနာဂတ်တွင်လည်း ကုန်သွယ်မှု တိုးမြှင့်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန် အလားအလာရှိသည့်ကဏ္ဍများ၊ One Belt One Road ကို အောင်မြင်စွာ အကောင် အထည်ဖော်နိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်ပြီးတင်ပို့ရောင်းချနိုင်ရေးအတွက် တရုတ်နိုင်ငံမှ နည်းပညာနှင့် အရင်းအနှီးများ ရယူသွားရေးတို့နှင့် နှစ်နိုင်ငံအကြားထိစပ်နေသည့် ပြည်နယ်များအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားနိုင်ရေးတို့အတွက် ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ မွန်းလွဲ ၁၇:၃၀ နာရီ၌ ဟန်ဂေရီနိုင်ငံ၊ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး H. E. Mr. Peter Szijjarto ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံရာတွင် မြန်မာနိုင်ငံမှ အီးယူနိုင်ငံများသို့ ဆန်နှင့်အဝတ်အထည်များ တင်ပို့လျက်ရှိရာ တိုးမြှင့်တင်ပို့သွားနိုင်မည့် အခွင့်အလမ်းများ၊ e-Commerce, e-Government, e-Banking စသည့် နည်းပညာကဏ္ဍတွင် ဟန်ဂေရီနိုင်ငံမှ အသိပညာနှင့် အရင်းအနှီးများဖြင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ မြန်မာနိုင်ငံတွင် အားနည်းချက်ရှိနေသည့် ကဏ္ဍများတွင် ဟန်ဂေရီနိုင်ငံမှ ချေးငွေနှင့် နည်းပညာများ ထောက်ပံ့ပေးသွားနိုင်ရေး၊ နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်ဆက်ဆံမှုများ တိုးမြှင့်သွားရေးတို့အပါအဝင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး ခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

# ဒုတိယဝန်ကြီး ဦးအောင်ထူး နိုင်ငံပြင်ပသို့ စပါးဝယ်ယူတင်ပို့ခြင်းကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

"နိုင်ငံပြင်ပသို့ တရားမဝင် စပါးဝယ်ယူတင်ပို့ခြင်းကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး"ကို နိုဝင်ဘာ ၂၃ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် ပြည်တွင်းလုပ်ငန်းရှင်များက စပါးများအား နယ်အသီးသီးမှ ဝယ်ယူပြီး နယ်စပ်ဒေသမှတစ်ဆင့် တရားမဝင် တင်ပို့နေမှုကိစ္စရပ်များနှင့်ပတ်သက်၍ တားဆီးဆောင်ရွက်နိုင်မည့် နည်းလမ်းများအား ညှိနှိုင်းဆွေးနွေးအဖြေရှာနိုင်ရန်အတွက် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ပြည်ပသို့ဆန်တင်ပို့မှုအခြေအနေမှာ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်အထိ ဆန်တန်ချိန် ၁ ဒသမ ၉ သန်းကျော်တင်ပို့နိုင်ခဲ့ပြီး ပင်လယ်ရေကြောင်းမှ ဆန်တန်ချိန်တစ်သန်းခန့်နှင့် နယ်စပ်မှ တန်ချိန်ကိုးသိန်းကျော် တင်ပို့နိုင်ခဲ့ပါ ကြောင်း၊ ပြီးခဲ့သည့် ဘဏ္ဍာနှစ်မှစ၍ ပင်လယ်ရေကြောင်းမှတစ်ဆင့် ဆန်တင်ပို့မှုတိုးတက်လာခဲ့ပါကြောင်း၊ ယခုနှစ် မိုးစပါးပေါ်ချိန် စပါးဈေးနှုန်းများကောင်းမွန်သည့်အတွက် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ တိုက်ရိုက်အကျိုးခံစားရသည်ကို တွေ့မြင်ရပါကြောင်း၊ ယခုဖြစ်ပေါ်နေသည့် အခြေအနေကောင်းများအား ရေရှည်ဆက်လက်ထိန်းသိမ်းပြီး ဆန်စပါးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာ အောင်ဝိုင်းဝန်းဆောင်ရွက်ကြရန် ဌာနဆိုင်ရာပိုင်းနှင့် ပုဂ္ဂလိကကဏ္ဍပိုင်းပါ ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးဖို့တာဝန်ရှိပါကြောင်း၊ လယ်ယာထွက်ကုန်သီးနှံများအား ပြည်တွင်းတွင် လွတ်လပ်စွာဝယ်ယူခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများကို ခွင့်ပြုပေးထားသော်လည်း ပြည်တွင်းမှစပါးများကို ဝယ်ယူပြီး ကုန်ကြမ်းအတိုင်း နယ်စပ်မှတစ်ဆင့် တရားမဝင် တင်ပို့မှုကိစ္စနှင့်ပတ်သက်၍ တားဆီးဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များက ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအသီးသီးမှ တက်ရောက်လာကြသော ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ မူဆယ်ဆန်စပါးကုန်သည်ဒိုင်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက စပါးများ တရားမဝင် တင်ပို့ရောင်းချနေမှု

စာမျက်နှာ - ၇ သို့

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ကြည်မာ

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ပြည့်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၈၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# တစ်ပတ်အတွင်း ဆန်နဲ့ဆန်ကွဲတန်ချိန်ခြောက်သောင်းကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၈၁၄ သန်းတန်ဖိုးရှိ ဆန်နဲ့ကောက်ညှင်းဆန် ၅၂၄၃၁ တန်နီးပါးတင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရဲ့ ကုန်သွယ်ရေးစခန်းများဖြစ်တဲ့ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၇၆ တန်ကျော်၊ ဧည့်မထဆန် ၄၉၁၄၅ တန်နဲ့ ကောက်ညှင်းဆန် ၃၁၉ တန်ခန့်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၂၁၀၄တန်ကျော်တင်ပို့ခဲ့ပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှ ဧည့်မထ ဆန် ၃၂ တန်၊ မောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန်၇၅၅တန်ကျော်တင်ပို့ခဲ့တာကြောင့် စုစုပေါင်း ၅၂၄၃၁တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်၄၉၂၂၅ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၂၀၆ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၃၁ သန်းတန်ဖိုးရှိ ဆန်ကွဲ ၂၇၇၅ တန်တင်ပို့ခဲ့ရာ မူဆယ်မှ ၂၄၈၂ တန်နဲ့ လွယ်ဂျယ်မှ ၂၉၃ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၁၇၈၃တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၉၉၂တန် ပိုမိုတင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ နိုဝင်ဘာ ၁၂ရက်မှ ၁၈ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ဒသမ ၇၆၆သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ပေါင်းဆန် ၅၄၁၅တန်တင်ပို့ခဲ့ရာ စင်ကာပူနိုင်ငံသို့ ငစိန်ဆန်တန်တစ်ဝက်ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဧည့်မထဆန်တန်ချိန်၇၅၀၊ တရုတ်နိုင်ငံသို့ ငစိန် ဆန်တန်ချိန် ၅၀၊ ဂျပန်နိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၅၀၀၊ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၇၅၀နဲ့ ငစိန်ဆန် ၇၅တန်၊ မက်ဒါဂါစကားနိုင်ငံသို့ ဧည့်မထဆန်တန်ချိန်၂၅၄၀၊ တောင်အာဖရိကနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၅၀၀ နဲ့ ဘယ်လ်ဂျီယံနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၂၅၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ၃၃၂၅တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန်၂၀၉၀ ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်းမှ ယခုတစ်ပတ်ဆန်ကွဲတင်ပို့မှုမှာ တန်ဖိုးအမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂၇ သန်းနဲ့ တန်ချိန် ၄၂၅၀ ဖြစ်ပါတယ်။ ဆန်ကွဲတင်ပို့တဲ့နိုင်ငံများမှာ တရုတ်နိုင်ငံသို့တန်ချိန် ၅၀၊ အင်ဒိုနီးရှားနိုင်ငံသို့တန်ချိန် ၂၀၀၀၊ အီးယူနိုင်ငံများသို့ တန်ချိန် ၂၂၀၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲတင်ပို့မှုမှာ တန်ချိန် ၅၅၀ဖြစ်တဲ့အတွက် ယခုတစ်ပတ်ဆန်ကွဲတင်ပို့မှုမှာတန်ချိန် ၃၇၀၀ ပိုမိုလာကြောင်း သိရပါတယ်။

**ယဥ်ယဉ်အေး**

## ပုသိမ်ဆန်စပါးဈေးကွက်တွင် မိုးကောက်စောစပါးသစ်၊ ပေါ်ဆန်းရင်နှင့်ကောက်ညှင်းစပါးသစ်များ ဈေးကွက်သို့ဝင်ရောက်

ပုသိမ်ဆန်စပါးဈေးကွက်တွင် မိုးကောက်စောစပါးနှင့်အတူ ပေါ်ဆန်းရင်နှင့်ကောက်ညှင်းအသစ်များလည်း ဈေးကွက်သို့ဝင်ရောက်လျက်ရှိပြီး မိုးကောက်စော ဧည့်မထစပါးပေါင် ၁၀၀ တင်း ၁၀၀ လျှင် ကျပ်ခြောက်သိန်း၊ ဆန်တစ်အိတ်လျှင် ကျပ်၂၁၀၀၀မှ ကျပ်၂၁၅၀၀၊ ပေါ်ဆန်းရင်စပါးသစ် ၁၀၅ပေါင် တင်း၁၀၀လျှင် ကျပ်ရှစ်သိန်းခွဲ၊ ဆန်တစ်အိတ်လျှင် ကျပ် ၂၉၀၀၀မှ ကျပ် ၃၀၀၀၀၊ ကောက်ညှင်းအသွယ် ၁၀၅ ပေါင် တင်း ၁၀၀ကို ကျပ်ခြောက်သိန်းခွဲမှကျပ်ခုနစ်သိန်း၊ ဆန်တစ်အိတ်လျှင်ကျပ် ၂၇၅၀၀မှ ကျပ် ၂၈၀၀၀၊ ကောက်ညှင်းအပွ ၁၀၅ ပေါင် တင်း ၁၀၀ ကို ကျပ်ငါးသိန်းနှစ်သောင်းမှ ကျပ်ငါးသိန်းသုံးသောင်း၊ ဆန် တစ်အိတ်လျှင်ကျပ် ၂၅၀၀၀ မှ ကျပ်၂၆၀၀၀ဈေးဖြင့်ဈေးကွက်တွင် ပုံမှန်ရောင်းဝယ်လျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှသိရသည်။

လက်ရှိဈေးကွက်တွင် အဟောင်းလက်ကျန်များလျော့နည်းလျက်ရှိပြီး ဒေသတွင်းစားသုံးမှုနှင့်ရန်ကုန်ဈေးကွက်သို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ဒီဇင်ဘာလအတွင်း စပါးသစ်များဈေးကွက်လှိုင်လာချိန်ဈေးနှုန်းအတက်၊ အကျရှိနိုင်ကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှသိရသည်။

**မင်းမင်းဦး(ပုသိမ်)**

## ဆန်သစ်ဈေးကွက်အေးလို့ ဈေးကျ

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချော အဟောင်းဈေးငြိမ်ပြီး ဆန်ကြမ်းအဟောင်းဈေးအနည်းငယ် တက်ပါတယ်။ ဆန်အသစ်ကတော့ ဈေးကွက်အေးနေတဲ့အတွက် အနည်းငယ်ဈေးကျကြောင်း ဝါးတန်းဆန်ကုန်စည်ဒိုင်မှသိရပါတယ်။ ကုန်စည်ဒိုင်ရဲ့လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကျပ် ၄၂၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၉၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန်ထိပ်စတစ်အိတ် ကျပ် ၄၃၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၄၁၀၀၀၊ နယ်စုံကျိုက်လတ်ထိပ်စတစ်အိတ်ကျပ်၃၈၅၀၀နဲ့လတ်စ တစ်အိတ် ကျပ်၃၆၅၀၀ဖြစ်ပြီး ဆန်ဟောင်းဈေးမှာယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေပါတယ်။ ရွှေဘိုပေါ်ဆန်းဆန်အဟောင်းကတော့ တစ်အိတ်ကိုကျပ် ၅၅၀၀၀ မှ ကျပ် ၅၈၀၀၀နဲ့ ပေါ်ဆန်းအသစ်(ရှယ်)တစ်အိတ်ကျပ် ၂၆၅၀၀မှကျပ်၂၇၅၀၀ရှိပြီး တစ်အိတ်ကျပ် ၅၀၀ ခန့်ဈေးကျပါတယ်။ မြောင်းမြပေါ်ဆန်းဆန်အသစ်တစ်အိတ်ကျပ် ၃၅၀၀၀မှ ကျပ်၃၇၀၀၀ရှိပြီး တစ်အိတ်ကိုကျပ် ၁၀၀၀ ခန့်ဈေးတက်ပါတယ်။

ဆန်ဟောင်းဧည့်မထဆန်ထိပ်စတစ်အိတ်ကျပ် ၂၃၅၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၂၀၅၀၀၊ နှွေသီးထပ်(ရှယ်) တစ်အိတ်ကျပ် ၂၅၀၀၀ မှ ကျပ် ၂၅၅၀၀၊ နှွေဆန်ရက် ၉၀ တစ်အိတ်ကျပ် ၂၆၀၀၀မှ ကျပ် ၂၇၀၀၀၊ ဧည့်မထ ၂၅မှတ် တစ်အိတ်ကျပ် ၂၀၀၀၀ မှ ကျပ် ၂၁၀၀၀အထိရှိပြီး နှွေသီးထပ်နဲ့ နှွေဆန်ရက် (၉၀)တစ်အိတ်ကို ကျပ် ၅၀၀ မှ ကျပ် ၁၀၀၀ အထိဈေးတက်ပါတယ်။ ဆန်အဝင်နည်းလို့ ဈေးတက်တာလို့ သိရပါတယ်။ ဧည့်မထဆန်ကတော့ ဈေးငြိမ်နေပါတယ်။

ဆန်ကြမ်းအသစ်(ရှယ်) တစ်အိတ်လျှင် ကျပ် ၂၁၇၀၀မှ ကျပ်၂၂၀၀၀၊ ရက်၉၀ အသစ်(ရှယ်) တစ်အိတ်ကျပ် ၂၂၅၀၀ မှ ကျပ် ၂၃၀၀၀ ရှိပြီး အကြမ်းအသစ်(ရှယ်) တစ်အိတ်ကျပ် ၅၀၀ ခန့်ဈေးကျပါတယ်။ ဆန်သစ်က အရောင်းအဝယ်ပါးပြီး ဈေးကွက်ပြန်အေးတဲ့အတွက် ဈေးကျတာလို့ ဝါးတန်းဆန်ဈေးကွက်မှသိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ ဧည့်မထ ၅မှတ်မော်ဘီ တစ်အိတ် ၁၄၂ယွမ်မှ ၁၄၄ယွမ်၊ ဧည့်မထ ၅ မှတ်စူပါတစ်အိတ်ယွမ် ၁၄၀မှ ၁၄၄ယွမ်၊ ဧည့်မထ ၁၀မှတ်မော်ဘီတစ်အိတ် ၁၃၆ယွမ်မှ ၁၃၈ ယွမ်၊ ဧည့်မထ ၁၀ မှတ် စူပါတစ်အိတ်၁၃၇ယွမ်မှ ၁၃၉ယွမ်၊ သုခ ၁၅ မှတ်တစ်အိတ် ၁၂၆ ယွမ်မှ ၁၂၇ ယွမ်၊ သုခ ၂၅မှတ်တစ်အိတ် ၁၂၂ ယွမ် မှ ၁၂၄ ယွမ်၊ ငစိန် ၅မှတ်တစ်အိတ် ၁၂၉ ယွမ်မှ ၁၃၁ ယွမ်၊ ငစိန် ၁၅မှတ် တစ်အိတ် ၁၂၅ယွမ်မှ ၁၂၇ယွမ်၊ ငစိန် ၂၅ မှတ်တစ်အိတ် ၁၂၂ ယွမ်မှ ၁၂၄ ယွမ်ရှိပြီး ဧည့်မထစူပါတစ်အိတ်ကို လေးယွမ်ခန့်ဈေးတက်ပါတယ်။သုခနဲ့ငစိန်ကတော့တစ်အိတ်ကို တစ်ယွမ်မှ သုံးယွမ်ခန့်ဈေးကျကြောင်း မူဆယ်မှသတင်းရရှိပါတယ်။

မြို့တွင်းနယ်စုံမှ မူဆယ်သို့ဆန်အဝင်မှာ နိုဝင်ဘာ ၁၆ ရက်မှ ၂၂ရက်အထိ ၅၃၆၉၇တန်ရှိပါတယ်။ ယခင်တစ်ပတ်ထက်ဆန်အဝင်ပိုမိုပြီး အရောင်းအဝယ်လည်း ကောင်းကြောင်း မူဆယ်ဆန်ဈေးကွက်မှသိရပါတယ်။ နိုဝင်ဘာ ၂၃ ရက်ရဲ့ ငွေလဲနှုန်းအရတစ်ယွမ်ကို ၂၀၄ကျပ်ဈေးပေါက်ကြောင်းသိရပါတယ်။

**ယဥ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၄-၁၁-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၀၄ | ၄၀၀ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၄ | ၃၉၀ | △ | ၃၉၂ | ၃၉၂ | □ | ၃၉၀ | ၃၉၅ | △ | ၃၇၉ | ၃၇၅ | ▽ |
| ဆန်ဖြူ ၁၀% | ၃၇၂ | ၃၈၀ | △ | ၃၈၇ | ၃၈၇ | □ | - | - | - | ၃၇၅ | ၃၇၁ | ▽ |
| ဆန်ဖြူ ၁၅% | ၃၆၈ | ၃၈၀ | △ | ၃၈၀ | ၃၈၀ | □ | - | - | - | ၃၇၁ | ၃၆၇ | ▽ |
| ဆန်ဖြူ ၂၅% | ၃၄၉ | ၃၆၅ | △ | ၃၅၈ | ၃၆၅ | △ | ၃၅၅ | ၃၇၅ | △ | ၃၄၅ | ၃၄၂ | ▽ |
| ပေါင်းဆန် | ၄၁၉ | ၄၃၄ | △ | - | - | - | ၃၉၅ | ၃၉၅ | □ | ၄၂၀ | ၄၂၅ | ▽ |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၂၄-၁၁-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၀၀၀ | □ | ၂၃၀၀၀ | □ | ၈၂၈၀ | □ | ၃၇၀၀၀ | □ |
| ပုသိမ် | ၅၅၂၀ | □ | ၂၃၀၀၀ | □ | ၈၄၁၀ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၅၀၀ | △ | ၂၂၀၀၀ | △ | ၆၇၀၀ | □ | ၃၆၀၀၀ | □ |
| ရွှေဘို | ၆၀၀၀ | □ | ၂၃၀၀၀ | □ | ၁၅၅၀၀ | △ | ၅၃၀၀၀ | △ |
| စစ်တွေ | ၄၃၀၀ | □ | ၁၈၀၀၀ | □ | ၇၂၀၀ | □ | ၃၅၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၂၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၆၀၀ | ▽ | ၂၃၀၀၀ | □ | - | - | ၄၀၃၀၀ | □ |
| မန္တလေး | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| မကွေး | ၇၂၀၀ | □ | ၂၄၅၀၀ | □ | - | - | ၄၈၀၀၀ | △ |
| မော်လမြိုင် | ၅၀၀၀ | □ | ၂၀၀၀၀ | □ | ၇၂၀၀ | □ | ၂၈၀၀၀ | □ |
| လှိုင်ကော် | ၇၃၀၀ | △ | ၃၅၀၀၀ | □ | - | - | ၅၆၀၀၀ | □ |
| မြိတ် | ၅၀၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၅၀၀၀ | □ |
| ဘားအံ | ၅၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၅၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၀-၁၁-၂၀၁၇ မှ ၂၄-၁၁-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 852 | 35,289,916.227 |
| 2 | Form D | 58 | 2,356,160.698 |
| 3 | Form E | 96 | 3,020,425.190 |
| 4 | Korea GSP | 7 | 160,352.700 |
| 5 | Form AK | 154 | 4,509,629.290 |
| 6 | Form AJ | 6 | 89,410.740 |
| 7 | Form AI | 65 | 2,559,562.350 |
| 8 | Form AANZ | 5 | 79,851.580 |
| 9 | Form DFTP | 1 | 29,232,000 |
| **Grand Total** | | **1244** | **48,094,540.775** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၄-၁၁-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၇/၁၁ | ၂၄/၁၁ | ပြောင်းလဲမှု | ၁၇/၁၁ | ၂၄/၁၁ | ပြောင်းလဲမှု | ၁၇/၁၁ | ၂၄/၁၁ | ပြောင်းလဲမှု | ၁၇/၁၁ | ၂၄/၁၁ | ပြောင်းလဲမှု |
| မတ်ပဲ | ၇၇၉ | ၇၇၇ | ▼ | ၈၀၀ | ၈၃၃ | ▲ | ၈၂၅ | ၈၂၅ | ■ | ၈၅၀ | ၈၅၀ | ■ |
| ပဲစင်းငုံ | ၅၃၉ | ၅၄၇ | ▲ | ၅၀၀ | ၅၁၇ | ▲ | ၅၀၅ | ၅၃၀ | ▲ | ၄၇၅ | ၅၂၅ | ▲ |
| ပဲတီစိမ်း | ၁၅၃၀ | ၁၅၀၀ | ▼ | ၁၅၂၉ | ၁၅၁၁ | ▼ | ၁၃၁၆ | ၁၃၆၅ | ▲ | ၁၄၆၅ | ၁၃၉၅ | ▼ |
| ကုလားပဲရိုးရိုး | ၂၆၅၀ | ၂၆၀၀ | ▼ | ၂၁၃၁ | ၁၉၂၁ | ▼ | ၂၁၀၅ | ၁၈၉၅ | ▼ | ၁၉၆၅ | ၁၇၁၀ | ▼ |
| ပဲလွန်းဖြူ | - | ၁၇၁၅ | - | ၁၈၀၀ | ၂၀၀၀ | ▲ | - | - | - | ၁၅၃၀ | ၁၅၃၀ | ■ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၅၆၅ | ■ | - | - | - | - | - | - | - | - | - |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၄-၁၁-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၁၇/၁၁ | ၂၄/၁၁ | ပြောင်းလဲမှု | ၁၇/၁၁ | ၂၃/၁၁ | ပြောင်းလဲမှု | ၁၇/၁၁ | ၂၃/၁၁ | ပြောင်းလဲမှု |
| မတ်ပဲ | ၃၆၀ | ၃၆၀ | ■ | ၅၅၅ | ၅၅၂ | ▼ | ၅၄၀ | ၅၄၀ | ■ |
| ပဲစင်းငုံ | ၂၅၀ | ၂၆၀ | ▲ | ၅၇၁ | ၅၅၂ | ▼ | ၆၀၉ | ၆၀၂ | ▼ |
| ပဲတီစိမ်း | ၆၈၀ | ၆၈၀ | ■ | - | - | - | ၆၉၄ | ၇၃၀ | ▲ |
| ကုလားပဲဖြူလုံးကြီး | ၁၁၃၀ | ၉၀၀ | ▼ | ၇၅၆ | ၇၆၄ | ▲ | ၇၆၃ | ၇၇၃ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၁.၁၁.၁၇)ထိ | ယခုတစ်ပတ် (၁၈.၁၁.၁၇)ထိ | (၁.၁.၁၇) မှ (၁၈.၁၁.၁၇) ထိ |
| မတ်ပဲ | ၄၄၃၂၃၆ | ၆၉၉၈ | ၄၅၀၂၃၄ |
| ပဲတီစိမ်း | ၁၁၀၂၀၈ | ၁၀၅၈ | ၁၁၁၂၆၆ |
| ပဲစင်းငုံ | ၂၁၁၂၃၄ | ၈၀၃ | ၂၁၂၀၃၇ |
| ကုလားပဲ | ၃၈၃၀၂ | ၃ | ၃၀၃၀၅ |
| ပဲလွန်းဖြူ | ၁၂၈၂၈ | ၃ | ၁၂၈၃၁ |
| မြေထောက်ပဲ | ၁၈၄၈၄ | ၁ | ၁၈၄၈၅ |

## ပြည်မြေပဲဆန်ဈေး ဝယ်လိုအားရှိပေမယ့် ဈေးအနည်းငယ်ကျ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆန်အရောင်းအဝယ်ဖြစ်ပေမယ့် ဈေးမှာအနည်းငယ်ပြန်ကျလာတာတွေ့ရပါတယ်။ ဆောင်းမြေပဲ(အသစ်)များကို ပြည်၊ အောင်လံကြားရှိ ကျေးရွာများနှင့်ဝက်ထီးကန်၊ ပေါက်ခေါင်း၊ ပေါင်းတလည်ဘက်မှ တစ်နေ့လျှင်အိတ် ၅၀၀ခန့်ဝင်ရောက်လာလို့ ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ မြေပဲဆီဆန်ကို မကွေးဝယ်လက်များနှင့်လုံးဆန်ကို မန္တလေးဝယ်လက်များက ဝယ်ယူမှုရှိပေမယ့် ယခင်တစ်ပတ်ထက် ဈေးအနည်းငယ် ကျလာတာတွေ့ရပါတယ်။ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ မြေပဲဆီဆန်တစ်ပိဿာ လျှင် ကျပ် ၂၁၀၀ ဖြင့် ဆီစက်များမှ တစ်နေ့လျှင် အိတ် ၅၀၀ ခန့်ဝယ်ယူနေတာတွေ့ရပါတယ်။ မြေပဲလုံးဆန်ဈေးမှာ(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၃၅၀နှင့်(အနီ)တစ်ပိဿာလျှင် ကျပ် ၂၂၀၀ဖြင့် တစ်နေ့လျှင်အိတ် ၃၀၀ခန့် မန္တလေးဝယ်လက် များက အဝယ်ရှိနေတာတွေ့ရပါတယ်။

**ဝေဝေမင်း**

## မျိုးပဲဝယ်ယူမှုများလာတဲ့ ပြည်ကုလားပဲ

နိုဝင်ဘာတတိယပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ဆောင်းပဲသီးနှံအချို့ မျိုးပဲများဆက်လက်အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ ဆောင်းပဲသီးနှံဖြစ်သော မတ်ပဲသီးနှံအစား အချို့ဒေသများတွင် ကုလားပဲသီးနှံအစားထိုးစိုက်ပျိုးလာတဲ့အတွက် မျိုးပဲသီးနှံအား ပန်းတောင်းနှင့်ရန်ကုန်-ပြည်ရထားလမ်းတစ်လျှောက် မြို့နယ်အချို့မှလာရောက်ဝယ်ယူကြကာ အိတ် ၄၀ ကျော် ၅၀ ထိ ဝယ်ယူကြတယ်လို့ သိရပါတယ်။ မျိုးပဲဈေးမှာတစ်တင်းကျပ် ၄၅၀၀၀ဖြစ်ပြီး ပဲခွဲစက်များမှ ဝယ်ယူသည့်ဈေးနှုန်းမှာ တစ်တင်းကျပ် ၃၉၀၀၀ရှိကာ ယခင်တစ်ပတ်ကဈေးနှုန်းထက် လျော့နည်းသွားခဲ့တယ်လို့သိရပါတယ်။

**ခင်ဆွေဝင်း**

# နိုဝင်ဘာတတိယပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲတီစိမ်းသီးနှံအထွက်လှိုင်လို့ အရောင်းအဝယ်သွက်ပြီး ပဲကြီးသီးနှံဈေးအမြင့်ဆုံးရလျက်ရှိ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံ ဈေးကွက်မှာ နိုဝင်ဘာတတိယပတ်အတွင်း ဆောင်းပဲသစ်အချို့ဝင်ရောက်မှုရှိသလို ဆောင်းပဲမျိုးသီးနှံဝယ်ယူမှုများလည်း ရှိနေကြတယ်လို့ သိရပါတယ်။

ယခုကာလသည် မတ်ပဲ၊ကုလားပဲသီးနှံများစိုက်ပျိုးချိန်ဖြစ်တဲ့အတွက် မျိုးပဲများဝယ်ယူလျက်ရှိကာ အချို့ဒေသများတွင် မတ်ပဲသီးနှံ အစားထိုးစိုက်ပျိုးရန်အတွက် ကုလားပဲသီးနှံမျိုးပဲများကို ဝယ်ယူမှုပိုများတယ်လို့သိရပါတယ်။ မတ်ပဲသီးနှံမှာ ပဲလက်ကျန်ရှိပေမယ့် ပဲဈေးအခြေအနေကြောင့် ရောင်းချသူနည်းကာ ငွေလို၍ရောင်းချသူအချို့ရှိလို့အရောင်းအဝယ်ဖြစ်သည့်ရက်တွင် အိတ် ၁၀၀/၁၅၀ကျော် ရောင်းချခဲ့ကြရကာ တစ်တင်းကျပ် ၁၆၈၀၀ ဖြင့် ယခင်တစ်ပတ်က ဖြစ်ပေါ်ခဲ့သောဈေးအတိုင်း ရောင်းချနေခဲ့ကြတာကိုတွေ့ရပါတယ်။ ယခင်နှစ်က ယခုလို ပဲစိုက်ပျိုးချိန်ကာလတွင် မျိုးပဲဈေးမှာ တစ်တင်းကျပ် လေးသောင်းပတ်ဝန်းကျင်ရရှိခဲ့ပါတယ်။ နှစ်ကုန်မှာ မျိုးပဲအဝယ်လိုက်လာလို့ ဈေးလျော့သွားပြီး တစ်တင်းကျပ်လေးသောင်းအောက် ရရှိခဲ့ပေမယ့် ယခုနှစ်မှာတော့ မတ်ပဲ သီးနှံဟာ အဝယ်အေး၊ ဈေးအေးနေတဲ့အတွက် ပဲဈေးနှုန်းက ကျပ်နှစ်သောင်းအောက်ဖြင့်သာ ဈေးအေးနေတဲ့သီးနှံဖြစ်ခဲ့ပါတယ်။

ပဲတီစိမ်းသီးနှံမှာ ပဲသစ်များအဝင်ဆက်တိုက်ရှိလာပြီး ပန်းတောင်း၊ မင်းတုန်း၊ ကံမမြို့နယ်များမှ အဓိက ဝင်ရောက်ခဲ့တာကြောင့် တစ်ရက်အိတ် ၆၀၀ ကျော် ၇၀၀ အထိ အများအပြား ဝင်ရောက်လျက်ရှိပါတယ်။ အဝင်များလာသလို ဝယ်လိုအားကလည်း မန္တလေးလိုင်းသမား အဝယ်လိုက်လာတဲ့အတွက် ဝင်လာသမျှ ရောင်းချခဲ့ကြရကြောင်း သိရပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၈၀၀၀ ဖြင့်ဈေးအတက်အကျသိပ်မဖြစ်ဘဲ ပဲအထွက်လှိုင်လာချိန်မှာလည်း ဈေးလျော့မသွားခဲ့ဘူးလို့ သိရပါတယ်။

ပဲစင်းငုံသီးနှံကတော့ လက်ကျန်အနည်းငယ်ရှိမှုအပေါ် အရောင်းအဝယ်အေးနေပြီး ဈေးကလည်း ကျပ်တစ်သောင်းခန့်သာရရှိနေတာကြောင့် ငွေလို၍ရောင်းချသူရှိမှသာ အိတ်အနည်းငယ်အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ်က ယခုချိန်မှာ ပဲစင်းငုံသီးနှံတစ်တင်းကျပ်သုံးသောင်းအထက်ရရှိနေခဲ့ပြီး ပဲသစ်ဝင်ချိန်မှာတော့ တစ်တင်းကျပ် ၂၄၀၀၀ဖြင့် ပဲဟောင်းဈေးထက်လျော့နည်း အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ယခုနှစ်ကတော့ ပဲဈေးမှာကတည်းက တစ်တင်းကျပ် တစ်သောင်းခန့်သာရရှိနေလို့ ပဲသစ်ပေါ်လာလျှင်ဈေးအခြေအနေဘယ်လိုရှိလာမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ပဲကြီးသီးနှံအနေဖြင့် ဈေးတရိပ်ရိပ်တက်လာနေလို့ ဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရလျက်ရှိသလို ပဲကြော်ဖိုသမားများက အိတ် ၁၀၀-၁၅၀ကျော် ပုံမှန်ဝယ်ယူလျက်ရှိတယ်လို့ သိရပါတယ်။ ပဲဈေးနှုန်းများမှာ ရွှေကျွန်းတစ်တင်းကျပ် ၇၀၀၀၀၊ (ကမ်းနား) ပဲတစ်တင်းကျပ် ၆၅၀၀၀ တို့ဖြင့် အသီးသီးဈေးမြင့်တက်လျက်ရှိပါတယ်။

ယခင်နှစ် နိုဝင်ဘာလအတွင်းက ပဲကြီးသီးနှံဈေးဟာ မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲသီးနှံတို့ထက် ဈေးလျော့ခဲ့ပေမယ့် ယခုနှစ်မှာတော့ ပဲကြီးသီးနှံဟာ အဆိုပါပဲများ အားလုံးထက်ဈေးပိုရပြီး စံချိန်တင်မြင့်တက်ခဲ့လို့ ဈေးကွက်မှာ ဈေးအမြင့်ဆုံးရရှိတဲ့ ပဲသီးနှံစာရင်းဝင်နေခဲ့ပါတယ်။

အခြားလက်လီပဲများဖြစ်သော ထောပတ်ပဲ၊ စားတော်ပဲသီးနှံများအနေဖြင့် ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်စီမြင့်တက်ခဲ့လို့ ထောပတ် ပဲ တစ်တင်းကျပ် ၃၁၀၀၀၊စားတော်ပဲ တစ်တင်းကျပ် ၃၁၀၀၀ မှ ၄၉၀၀၀ ဖြင့် ပဲအမျိုးအစားအပေါ်မူတည်၍ ဈေးကွာခြားတယ်လို့ သိရပါတယ်။

ကနေဒါပဲ အမျိုးအစားက ဈေးလျော့ပြီး မင်းတုန်းစားတော်ပဲ အမျိုးအစားမှာ နှစ်စဉ်ဈေးကောင်းရနေတဲ့ပဲဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**



## ပြည်ပဲပုပ်ဈေးမြင့်တက်လာလို့ အခြားလက်လီပဲဈေးနှုန်းများကိုမီလာခဲ့

ယခုတစ်ပတ်ပြည်ပဲဈေးကွက်မှာ လက်လီရောင်းဝယ်နေကြတဲ့ပဲအချို့ ယခင်တစ်ပတ်ထက် ဈေးပိုရလာတာကို တွေ့ရပါတယ်။ ပဲပုပ်သီးနှံမှာ ဈေးကွက်အတွင်း ပဲလက်ကျန်အမြောက်အများမရှိသော်လည်း လက်လီဝယ်ယူမှုများရှိလို့ နေ့စဉ် အိတ်အနည်းငယ်ရောင်းချမှုရှိခဲ့ပါတယ်။ ပဲဈေးမှာ လဆန်းရက်မှလလယ်ထိ ဈေးမြင့်တက်ခြင်းသိပ်မရှိဘဲ တစ်တင်းကျပ်သုံးသောင်းအောက်သာရရှိနေပြီး ယခုတစ်ပတ်မှာတော့ ဈေးပိုမြင့်လာလို့ တစ်တင်းကျပ် ၃၁၀၀၀ ဖြင့် ယခင်တစ်ပတ်ထက် ကျပ်နှစ်ထောင်နီးပါးမြင့်တက်လာခဲ့တာကြောင့် ဈေးကွက်အတွင်းမှာလည်း အခြားလက်လီပဲများရဲ့ဈေးကို မီလာခဲ့ပြီဖြစ်ပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲလွန်းဖြူသစ်ဈေးကွက်သို့ ဝင်ရောက်လာပြီဖြစ်

ပြည်ပဲဈေးကွက်သို့ နိုဝင်ဘာလ တတိယပတ်အတွင်း ဆောင်းပဲသစ် အချို့ဝင်ရောက်လာပြီဖြစ်လို့ ပဲလွန်းဖြူသစ်များလည်း ဝင်ရောက်ခဲ့တာကို တွေ့ရပါတယ်။ ဝင်ရောက်မှုနည်းနေတဲ့အတွက် အိတ်အနည်းငယ်သာ ဝင်ရောက်ခဲ့ပြီး ပဲသစ်အဖွင့်ဈေးမှာ တစ်တင်းကျပ် ၃၂၀၀၀ ဖြင့် ဈေးဖွင့်ဝယ်ယူနေကြပါတယ်။ ပဲဟောင်းလက်ကျန်ပြတ်ချိန်မှာ တစ်တင်းကျပ် ငါးသောင်းအထိ ဈေးကောင်းရနေခဲ့သော်လည်း ပဲသစ်ပေါ်ချိန်မှာတော့ ဈေးလျော့အဝယ်ရှိလို့ ပဲဟောင်းဈေးထက်လျော့နည်းခဲ့တာကို တွေ့ရပါတယ်။

ယခင်နှစ်ကပဲသစ်ပေါ်ချိန်အဖွင့်ဈေးမှာ တစ်တင်းကျပ် ၂၂၀၀၀သာရရှိလို့ယခုနှစ်ဈေးနှုန်းမှာ ယခင်နှစ်ထက် တစ်တင်း ကျပ်တစ်သောင်းကျော် ဈေးပိုရနေကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲနီပြားသီးနှံလက်လီပဲဈေးကွက်အတွင်း ဈေးကောင်းဝင်သီးနှံဖြစ်

လက်လီပဲဈေးကွက်မှာ ပဲအားလုံးလိုလိုဈေးကောင်းရနေခဲ့တဲ့အတွက် တစ်တင်းကျပ်သုံးသောင်းအထက် ရရှိတာကို တွေ့ရပါတယ်။ ပဲနီပြားသီးနှံဟာဆိုလျှင်လည်း လက်လီသာရောင်းဝယ်မှုဖြစ်ပေမယ့် ပဲတစ်တင်းကျပ် ၃၆၀၀၀ထိ ဈေးကောင်းနေခဲ့လို့ အခြားလက်လီပဲများဖြစ်သော ပဲလွန်းဖြူ ဘိုကိတ်၊ ပဲပုပ် စသည့်သီးနှံများထက် ဈေးပိုခဲ့ကာ လက်ကျန်ပဲများ နေ့စဉ်ရောင်းချခဲ့ရပါတယ်။ ယခင်နှစ်က ပဲနီပြားသီးနှံ၏ နိုဝင်ဘာလအတွင်းရရှိခဲ့သော ဈေးနှုန်းမှာတစ်တင်း ကျပ် ၂၃၅၀၀သာရရှိခဲ့လို့ ယခုနှစ်မှာယခင်နှစ်ဈေးထက် တစ်တင်းကျပ်တစ်သောင်းကျော်ထိမြင့်တက်ခဲ့ကာ လက်လီပဲဈေးကွက်မှာ ဈေးကောင်းရခဲ့တဲ့သီးနှံထဲမှာပါဝင်တဲ့ ပဲတစ်မျိုးဖြစ်တယ်လို့သိရပါတယ်။

**ခင်ဆွေဝင်း**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၃ . ၁၁ . ၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း (၂) | - SIMA PERFECT | ကုန်သေတ္တာ ၄၈၆ ကုန်ချဆဲ |
| အလုံဆိပ်ကမ်း (၁) | - NEW CHALLENGE | ဆန် ၂၃၂၅၀ တန်ကုန်တင်ဆဲ |
| အလုံဆိပ်ကမ်း (၃) | - Concrete Pile | ၄၂၄၉ ကုန်ချဆဲ |
| စက်မှုဆိပ်ကမ်း (၃) | - OCEAN ARROW | ကုန်သေတ္တာ ၃၉၁ ကုန်တင်ရန် |
| စက်မှုဆိပ်ကမ်း (၄) | - TOVE MAERSK | ကုန်သေတ္တာ ၇၃၀ ကုန်တင်ရန် |
| သူးလေဆိပ်ကမ်း (၂) | - HANDY STRANGER | ဆန် ၂၀၀၀၀ တန်ကုန်တင်ဆဲ |
| သူးလေဆိပ်ကမ်း (၅) | - ANTIMILOS | ဆန် ၂၅၅၀၀ တန်ကုန်တင်ဆဲ |
| သူးလေဆိပ်ကမ်း (၇) | - ALKAR TRUST | ဆန် ၂၂၀၀၀ တန်ကုန်တင်ဆဲ |
| ဗိုလ်တထောင်ဆိပ်ကမ်း(၁) | - KYAUK PHYU | Steel Product ၅၃၇၃ ကုန်ချဆဲ |
| ဗိုလ်တထောင်ဆိပ်ကမ်း(၃) | - OEL MALAYSIA | ကုန်သေတ္တာ ၄၃၀ ကုန်တင်ရန် |
| Myanmar Integrated Port Ltd | - SHUN WANG | Coal (In Buik) ၂၈၀၀၀ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၁) | - KOTA RESTU | ကုန်သေတ္တာ ၄၁ကုန်တင် ၇၇ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၄) | - YAN DUN JIAO-1 | Steel &G/C ၂၈၇၇၃ကုန်ချဆဲ |
| သီလဝါဆိပ်ကမ်း (၅) | - FURNESS ST KILDA | Steel& Equipment 30000 ကုန်ချဆဲ |
| MMTM JETTY | - MT.FLY MARLIN | Diesel Oil ၉၆၈၄ ကုန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| MIKAWA | (HOT Roued Coilk) ၃၁၄၅တန်ကုန်ချရန် | VIETNAM | ၂၄.၁၁.၂၀၁၇ |
| AKDENIZ-M | COAL 27864 တန်ကုန်ချရန် | MOZAMBIQUE | ၂၄.၁၁.၂၀၁၇ |
| SY FOUR SEASON | For Docking At Shipyard | THAILAND | ၂၅.၁၁.၂၀၁၇ |
| ASIAN LEADER | Units Vehicle(RO/RO) ၄၁၆ တန်ကုန်ချရန် | JAPAN | ၂၆.၁၁.၂၀၁၇ |
| MS.SEVEN SEAS VOYAGER | Nos Cruise Vessel 500 Pax | THAILAND | ၂၈.၁၁.၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၃.၁၁.၂၀၁၇ |
| SINAR BALI | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၄.၁၀.၂၀၁၇ |
| EVER ALLY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၄.၁၁.၂၀၁၇ |
| SHAMIM | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၄.၁၁.၂၀၁၇ |
| MCC SINGAPORE | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၅.၁၁.၂၀၁၇ |
| ARCA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၅.၁၁.၂၀၁၇ |
| MATHU BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၅.၁၁.၂၀၁၇ |
| SINAR BATAM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၅.၁၁.၂၀၁၇ |
| KUO HSUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၆.၁၁.၂၀၁၇ |
| SINAR BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၆.၁၁.၂၀၁၇ |
| HANSA BHUM | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၆.၁၁.၂၀၁၇ |
| BLPL TRUST | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၂၆.၁၁.၂၀၁၇ |
| DAWEI | MALAYSIA | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၂၈.၁၁.၂၀၁၇ |
| MCC SHANGHAI | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၈.၁၁.၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.AULAC VENUS | ဒီဇယ်ဆီ | SINGAPORE | ၂၄.၁၁.၂၀၁၇ |
| MT.AMA ZONA | P.Oil (In Bulk) | INDINESIA | ၂၄.၁၁.၂၀၁၇ |
| MT.OCEAN WINTER | ဒီဇယ်ဆီ | SINGAPORE | ၂၆.၁၁.၂၀၁၇ |
| MT.ROYAL-36 | P.Oil (In Bulk) | INDINESIA | ၂၇.၁၁.၂၀၁၇ |
| MT.OCEAN VICTORY | ဒီဇယ်ဆီ | SINGAPORE | ၂၇.၁၁.၂၀၁၇ |
| MT.OCEAN DOLPHIN | ဒီဇယ်ဆီ | SINGAPORE | ၂၇.၁၁.၂၀၁၇ |
| MT.MESON | P.Oil (In Bulk) | INDINESIA | ၂၉.၁၁.၂၀၁၇ |
| MT.CORVUS | P.Oil (In Bulk) | INDINESIA | ၂၉.၁၁.၂၀၁၇ |
| MT.OCEAN AUTUMN | ဒီဇယ်ဆီ | SINGAPORE | ၂၉.၁၁.၂၀၁၇ |

## နိုဝင်ဘာတတိယပတ်အတွင်း ရေစကြိုကုန်စည်ဒိုင်၌အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော ဈေးကွက်နှင့်ဈေးနှုန်း

ယခုတစ်ပတ်ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲလုံးဆန်နီ (မြောင်) တစ်ပိဿာလျှင် ကျပ်၂၁၀၀ မှ ၂၂၀၀၊ ကျွန်းဆန် တစ်ပိဿာလျှင် ကျပ်၂၁၀၀၊ S1(မြေပဲဖြူလုံးဆန်)တစ်ပိဿာ လျှင်ကျပ် ၂၁၀၀မှ ၂၂၀၀ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက် ရှိပါသည်။

ရေစကြိုဒေသထွက် မတ်ပဲတစ်တင်းလျှင် အနိမ့်ဈေး တစ်တင်းကျပ် ၁၅၅၀၀၊အမြင့်ဈေးတစ်တင်းလျှင်ကျပ် ၁၆၀၀၀၊ရေစကြိုကုန်စည်ဒိုင်တွင် ပဲပိစပ်တစ်တင်းလျှင် ကျပ် ၁၄၅၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း တွေ့ရ သည်။ ကုလားပဲများဖြစ်သော HL တစ်တင်းလျှင် ကျပ် ၃၁၀၀၀၊ 929တစ်တင်းလျှင်ကျပ် ၃၁၀၀၀၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင်ကျပ် ၃၄၀၀၀ ဈေးဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိပါသည်။ နှမ်းဖြူသန့်အနိမ့်ဈေးကျပ် ၃၇၀၀၀၊ အမြင့်ဈေးကျပ် ၃၇၅၀၀ဖြင့် ရေစကြိုကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။

**လှိုင်ဦးမွှာဦး(ပခုက္ကူ)**

## နိုဝင်ဘာတတိယပတ်အတွင်း ပခုက္ကူကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော ဈေးကွက်နှင့်ဈေးနှုန်း

ပခုက္ကူကုန်စည်ဒိုင်၌ ယခုတစ်ပတ်အတွင်း ပဲစင်းငုံနီ ဈေးနှုန်းများ တဖြည်းဖြည်းမြင့်တက်လျက်ရှိပြီး တစ်တင်း လျှင် ကျပ် ၁၀၉၀၀ ဖြင့်တင်း ၅၀ မှ ၂၀၀ ခန့်အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ်ပခုက္ကူကုန်စည်ဒိုင်တွင် ကုလားပဲဈေးကွက်မှာ ပြည်ပဝယ်လက်မရှိခြင်းနဲ့ အနယ် နယ်အရပ်ရပ်တွင် ဈေးများကျဆင်းနေခြင်းတို့ကြောင့် ကုလားပဲဈေး တဖြည်းဖြည်း ကျဆင်းနေကြောင်း ကုန်စည် ဒိုင်မှသတင်းရရှိပါတယ်။

ယခင်လက ကုလားပဲဖြူ V2 တစ်တင်းလျှင်ကျပ်၄၂၀၀၀ ရှိခဲ့ပြီး ယခုလတွင်မူ ကုလားပဲဖြူ V2တစ်တင်းလျှင်ကျပ် ၃၅၅၀၀ ထိကျဆင်းနေပါတယ်။ ထို့ပြင်ကုလားပဲဝါ HLနှင့် ကုလားပဲဖြူလုံးကြီး 929 တစ်တင်းလျှင် ကျပ်၃၁၅၀၀ ထိ ကျဆင်းနေပြီး အိတ်ရေ ၃၀ မှ ၅၀ ခန့်သာအရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။ ပဲတီစိမ်း အသစ်တစ်တင်းလျှင် ကျပ် ၂၈၀၀၀ ဈေးဖြင့် တင်း ၅၀ ကျော်ခန့် အရောင်းအဝယ်ဖြစ် လျက်ရှိပါတယ်။

ပခုက္ကူဒေသထွက်ဖြစ်သည့် နှမ်းဈေးကွက်မှာပြည်ပမှ အဝယ်လိုက်လာခြင်းတို့ကြောင့် တဖြည်းဖြည်းမြင့်တက် လျက်ရှိပြီး ယခင်တစ်ပတ်က နှမ်းညိုတစ်တင်း ကျပ် ၃၀၈၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ကျပ် ၃၄၅၀၀ ဖြင့်အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဂန့်ဂေါခရိုင် ယောဒေသထွက် ဖြစ်သည့်နှမ်းဝါမှာအရည်သွေးကောင်းမွန်၍ ပခုက္ကူကုန်စည် ဒိုင်တွင် ဈေးကောင်းရရှိနေပြီး တစ်တင်းလျှင် ကျပ် ၃၈၀၀၀ ဖြင့် အိတ် ၅၀ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ တိရစ္ဆာန်စာ ဖြစ်သည့်ပြောင်းဖူးစေ့(CP) မှာ တစ်တင်းလျှင်ကျပ် ၆၈၀၀ ကျပ်ဖြင့်အိတ်၅၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရ ပါတယ်။ကြက်သွန်နီစိုက်တောင်သူများတွင် လက်ကျန်နည်းပြီး ကြက်သွန်နီဈေးအနည်းငယ်မြင့်တက်လျက်ရှိပြီး တစ်ပိဿာ လျှင် ထိပ်စကျပ် ၁၉၀၀၊ အလတ်စကျပ် ၁၈၀၀၊ အနိမ့်စ ၁၆၇၅ ကျပ်ဈေးဖြင့် တစ်နေ့လျှင် ပိဿာချိန် ၁၅၀၀၀ မှ ၄၀၀၀၀ ကြားနေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိ ရပါတယ်။

**လှိုင်ဦးမွှာဦး(ပခုက္ကူ)**

## ပြည်ဆန်/စပါးဈေးကွက်တွင် မိုးစပါးအသစ်များအရောင်းအဝယ်ဖြစ်လျက်ရှိ

ပြည်ခရိုင်အတွင်း မိုးစပါးအသစ်များ အတော်အသင့် ရိတ်သိမ်းလျက်ရှိနေပြီး ရိတ်သိမ်းသမျှ မိုးစပါးအထွက်များ အရည်အသွေးကောင်းမွန်ပြီး အစိုဓာတ်၁၅မှ ၁၆ ရာခိုင်နှုန်း ဝန်းကျင်နှင့် စပါးဈေးကောင်းလျက်ရှိတာကြောင့် အရောင်း အဝယ်လည်းသွက်လျက်ရှိကြောင်းသိရပါတယ်။ ဆန်စပါး ရောင်းဝယ်ရေးသမားများနဲ့ ပွဲစားများပါဝယ်ယူနေတာ ကြောင့် စပါးအသစ်ပေါ်စမှာပင် ဈေးကောင်းနေတာတွေ့ရပါ တယ်။ နယ်ဝယ်လက်များအဝယ်ရှိနေပြီး လိုသလောက် မတင်ပို့နိုင်သေးကြောင်းလည်း သိရပါတယ်။

ခရိုင်အတွင်း မြို့နယ်စုံ၊ ဒေသစုံတို့မှအထွက်မစုံသေး တာကြောင့် ဒေသတွင်း စီးဆင်းမှုလည်းမလုံလောက်သေးတာ တွေ့ရပါတယ်။ ယခုနှစ် မိုးစပါးအသစ်ဈေးနှုန်းများမှာ ဧည့်မထ(စပါး) အုပ်စုတွင် မော်ဘီ၊ ဆင်းသွယ်စပါးဈေးတင်း (၁၀၀) ၄၆ ပေါင်ကိုက်ဈေးကျပ် ၅၃၃၆၀၀၊ ရတနာတိုး၊ ကျော်ဇေယျ၊ မနောသုခနဲ့ ကရင်မ စပါးဈေးတို့မှာ ကျပ် ၅၂၀၀၀၀ ဈေးပေါက်လျက်ရှိနေပါတယ်။ ဆန်ဈေးကွက်မှာ ဆန်ဟောင်းလက်ကျန်များရှိနေတာကြောင့် (မိုးဟောင်း) မော်ဘီနှင့်ဆင်းသွယ်လတ်မှာ တစ်အိတ်လျှင် ကျပ် ၂၅၀၀၀ နှင့်ရတနာတိုး၊ မနောသုခ၊ ကရင်မ(ထိပ်စ) ဈေးများမှာ ကျပ် ၂၄၀၀၀နှင့်ဈေးငြိမ်နေတာတွေ့ရပါတယ်။ ပြည်ဈေးကွက် တွင်တော့ (မိုးဆန်)သစ်များဝင်ရောက်မှုမရှိသေးဘဲ ဆန်စက် များတွင်သာ တစ်တင်းခွဲတစ်အိတ်လျှင် (ထိပ်စ) ကျပ်၂၂၀၀၀ မှ ကျပ် ၂၄၀၀၀ထိ ပေါက်ဈေးဖြင့်ရောင်းဝယ်နေပြီး နယ်သို့ လည်းတင်ပို့လျက်ရှိကြောင်းသိရပါတယ်။ နယ်တင်ပို့မှုမှာ ရန်ကုန်၊ မန္တလေးသို့တစ်ပတ်အတွင်း အနည်းဆုံးအိတ် ၁၅၀၀ကျော်တင်ပို့ရပြီး ဒေသတွင်း နေ့စဉ်အိတ် ၅၀၀ နီးပါး အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

**နီနီဝင်း**

## အာဟာရပြည့်ဝတဲ့ ပဲစင်းငုံပူတင်းပြုလုပ်နည်း

ပဲစင်းငုံကိုခွဲခြမ်းပြုလုပ်၍ သီးစုံ ဟင်းရည်ချက်ပြုတ်ခြင်း၊ ပဲနှပ်ပြုလုပ် ခြင်း၊ ပဲကြော်၊ ပဲလှော်ပြုလုပ်ခြင်းများ ကိုသာလူတိုင်းသိသော်လည်း ပဲစင်း ငုံပူတင်းပြုလုပ်နည်းကိုတော့ သိသူ ရှားပါးကြတဲ့အတွက် ပူတင်းပြုလုပ် နည်းအားအများသိရှိစေရန် ဖော်ပြ အပ်ပါတယ်။

**ပါဝင်ပစ္စည်း**

၁။ ပဲစင်းငုံအခြမ်းနို့ဆီဗူး(၁)ဗူး၊
၂။ နွားနို့ (၅၀)ကျပ်သား၊
၃။ ကြက်ဥ(၆)လုံး၊
၄။ ဂျုံမှုန့် (၁၅)ကျပ်သား၊
၅။ သကြား (၁၀)ကျပ်သား၊
၆။ နို့ဆီ (၁၀)ကျပ်သား၊
၇။ ထောပတ် (၅)ကျပ်သား၊
၈။ စားဆီ (၁၀)ကျပ်သား၊
၉။ ဆားလက်ဖက်စားဇွန်း (၁)ဇွန်း

**ပြုလုပ်နည်း**

နွားနို့ကျိုပြီး အအေးခံထားပါ။ ပဲစင်းငုံအခြမ်းများကိုရေစိမ်ပြီးပြုတ် ထားပါ။ ပြုတ်ပြီးပဲစင်းငုံအခြမ်းများကို ဆန်ကာနှင့်စစ်၍ရေအေးလောင်းပါ။ ဂျုံမှုန့်၊ သကြား၊ ဆား၊ ရေအနည်းငယ် ထည့်ပြီး ဂျုံမှုန့်နပ်သည်အထိ ရော နယ်ပါ။ နယ်ထားသည့်ဂျုံမှုန့်များအား ကြက်ဥ၊ နို့ဆီ၊ နွားနို့များ ထည့်မွှေပြီး ရေစစ်ထားသည့် ပဲစင်းငုံပြုတ်တို့ အား ထည့်မွှေပါ။

ပူတင်းဖုတ်မည့်ကန်မီးဖိုပေါ် တင်၍ဆီထည့်ပါ။ ဆီကျက်လျှင် ထောပတ်ထည့်ပြီး မွှေထားသောမုန့်များ လောင်းထည့်ပါ။ မီးသွေးဖိုတွင် အောက်မီးအနည်းငယ်နှင့်အထက် မီးများတင်ပြီးစတင်ဖုတ်ပါ။ ဖုတ်ထား သည့်ပူတင်းများခဲသည့်အချိန်ထိ မီးအနည်းငယ်ဖြင့်ဖုတ်ပါ။

မျက်နှာပြင်နှင့် ဘေးပတ်လည် ကျက်ပါက သန့်ရှင်းလတ်ဆတ်သော၊ အာဟာရပြည့်ဝသော၊ အနံ့အရသာ ရှိသော ပဲစင်းငုံပူတင်းကို ရရှိမှာဖြစ် တဲ့အတွက် မိမိတို့မိသားစုနှင့် အပေါင်းအသင်းများကို အာဟာရ ပြည့်ဝသည့် ပဲစင်းငုံပူတင်း ကျွေးကြ ပါစို့။

**တင်တင်ခိုင်**
**စားသုံးသူ(မန္တလေး)**




# မုံရွာမြို့တွင်ဒေသထွက်ကုန်ပြပွဲနှင့် ပို့ကုန်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မြန်မာကုန်သွယ်မှု မြှင့်တင်ရေး အဖွဲ့နှင့် DFID, UK aid နှင့် Dana Facility တို့ပူးပေါင်း၍ ဒေသထွက်ကုန် ပြပွဲနှင့် ပို့ကုန်မြှင့်တင်ရေး အလုပ်ရုံ ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၊ မြို့တော်ခန်းမ၌ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် DFID, UK aid မှ Adviser Mr.Robbie Barkell တို့ တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပါသည်။ ထို့နောက် ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီးမှ ထွက်ရှိသော ဒေသထွက်ကုန်များ ပြသထားသည့် ပြခန်းပေါင်း ၃၅ ခန်းကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပါသည်။

ဆက်လက်၍ ပို့ကုန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် DFID, UK aid မှ Adviser Mr.Robbie Barkell တို့က အဖွင့်အမှာစကားများ အသီးသီး ပြောကြားခဲ့ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ မုံရွာစီးပွားရေး တက္ကသိုလ်၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ဒေသခံ ပြည်သူလူထုများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိဒေသအလိုက် ထွက်ကုန်များတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုနှင့် အခွင့်အလမ်းများ၊ ပို့ကုန်တင်ပို့နိုင်မှု အလားအလာများပေါ် အခြေခံ၍ အမျိုးသားပို့ကုန်မဟာဗျူဟာအရ ဒေသအလိုက် ဦးစားပေး ဆောင်ရွက်သင့်သည့် ထုတ်ကုန်များနှင့် အကောင် အထည်ဖော်ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို ဆွေးနွေးဖော်ထုတ်ရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်သည်။ ဆွေးနွေးပွဲ ပထမနေ့တွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဒေသခံ အသင်းအဖွဲ့များမှ တာဝန်ရှိသူများက လက်ရှိ မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးကြပြီး ဒုတိယနေ့တွင် ဒေသထွက်ကုန်များအလိုက် အလားအလာများ၊ ဆောင်ရွက်သင့်သည့်အစီအမံများကို အုပ်စုဖွဲ့ဆွေးနွေးပြီး ဖော်ထုတ်ရရှိချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကြပါသည်။ ထို့နောက် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီတစ်ရပ် ဖွဲ့စည်းရေးအတွက် အကြို ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲမှ ဖော်ထုတ်ရရှိချက်များအပေါ်မူတည်၍ ဒေသရှိဦးစားပေးထုတ်ကုန်များအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းများနှင့် ကူညီပံ့ပိုးနိုင်မည့်လုပ်ငန်းရပ်များအတွက် လုပ်ငန်းစီမံချက် (work plan) ကိုရေးဆွဲ၍ တိုင်းဒေသကြီး အစိုးရနှင့်ပူးပေါင်းကာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**NES Unit**

**စာမျက်နှာ (၃) ဒုတိယဝန်ကြီး ဦးအောင်ထူး …… မှအဆက်**

အခြေအနေများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ညှိနှိုင်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့်ရှမ်းပြည်နယ်အစိုးရ အဖွဲ့တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆန်စပါးဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **MOC(IR)**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပကုန်သည်ကြီးများအသင်းတို့ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပကုန်သည်ကြီးများအသင်းတို့ ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ရန်ကုန်မြို့ရှိ နိုဗိုတယ်လ်ဟိုတယ်မက်စ်၌ နိုဝင်ဘာ ၂၄ရက်က ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။

"ဒီလိုလက်မှတ်ရေးထိုးခြင်းအားဖြင့် မြန်မာနိုင်ငံရဲ့ ပို့ကုန်မဟာဗျူဟာကို ပိုမိုအကောင်အထည်ဖော်နိုင်မှာဖြစ်ပြီးတော့ မြန်မာနိုင်ငံက ပို့ကုန်တွေ ဥရောပနိုင်ငံတွေကို ပိုမိုပြီးတော့မှ တင်ပို့နိုင်မှာဖြစ်ပါတယ်။ ဥရောပနိုင်ငံတွေအနေနဲ့ မြန်မာနိုင်ငံနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်လိုတဲ့ဆန္ဒကို ထပ်လောင်းဖော်ပြတာဖြစ်ပါတယ်။ အခုလို အကျပ်အတည်းတွေဖြစ်ပေါ်နေတဲ့အချိန်မှာ သို့လော၊ သို့လောတွေဖြစ်ကြတယ်။ အခုလိုလက်မှတ်ရေးထိုးခြင်းကဥရောပနိုင်ငံတွေအနေနဲ့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့၊ ကုန်သွယ်ဖို့ စိတ်ဝင်စားမှုရှိတယ်ဆိုတဲ့အရာကို ထပ်လောင်းပြသလိုက်တာဖြစ်ပါတယ်။ ဒါက နိုင်ငံရေးအရလည်းအရေးပါသလို စီးပွားရေးအရလည်း အရေးပါတဲ့ လက်မှတ်ရေးထိုးမှုဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းကိုလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အပြည့်အဝထောက်ခံပါတယ်"ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။

၎င်းနားလည်မှုစာချွန်လွှာအရ လက်မှတ်ရေးထိုးသည့်နေ့မှ နောက်(၅) နှစ်အတွင်း နှစ်ဦးနှစ်ဖက်အကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မဟာဗျူဟာမြောက် ဦးစားပေးနယ်ပယ်များနှင့် လိုအပ်မှုများအတွက် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်သည်။ နားလည်မှုစာချွန်လွှာသည် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား ပူးပေါင်းချိတ်ဆက်မှုများ တိုးမြှင့်စေသည်သာမက အာဆီယံဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုပါတိုးမြှင့်စေမည့် အရေးပါသည့်စာချွန်လွှာတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂနိုင်ငံများအကြား ကုန်သွယ်မှုသည် လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း တိုးတက်လာခဲ့ရာ ပြီးခဲ့သည့်ဘဏ္ဍာနှစ်က ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံသို့ ရောက်ရှိခဲ့ပြီး လက်ရှိပို့ကုန်အလားအလာများနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအရ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**သန်းထိုက်အောင်**

# ရောဝတီရေတပ်စခန်းဌာနချုပ်၊ သန်လျက်စွန်းတပ်နယ်အတွင်းရှိ အရာရှိ/စစ်သည်၊ အိမ်ထောင်သည်ရဲမေများအား စားသုံးသူအကာအကွယ်ပေးရေးအကြောင်းသိကောင်းစရာများ ဟောပြော

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိဝန်ထမ်းများ၊ အရှေ့ပိုင်းခရိုင် ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ နိုဝင်ဘာလ ၂၃ ရက် ဗိုလ်တထောင်မြို့နယ်၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်၊ သီဟသူရထွန်းတင်ခန်းမ၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် ဒလတပ်နယ်အတွင်းရှိ အရာရှိ/စစ်သည်၊ အိမ်ထောင်သည်ရဲမေများကို စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောခဲ့ရာ စုစုပေါင်း ၅၅၀ ဦး တက်ရောက်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် ဧရာဝတီရေတပ်စခန်းဌာနချုပ်မှူး ဦးစီးအရာရှိ (ဒုတိယတန်းစစ်ရေး) ဗိုလ်မှူးရဲထွဋ်က နှုတ်ခွန်းဆက်အဖွင့်စကားပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိဒေါ်ထားထားလှိုင်က စားသုံးသူအကာအကွယ်ပေးရေးပေါ်ပေါက်လာပုံနှင့် စားသုံးသူများ အခွင့်အရေးနှင့် လိုက်နာရမည့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်နှင့်တားမြစ်ချက်တွင်ပါရှိသည့် အချက်များအား တိကျစွာမလိုက်နာလျှင် အရေးယူခံရမည့်ပြစ်မှု၊ ပြစ်ဒဏ်များ၊ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ဖြေရှင်းဆောင်ရွက်ခဲ့မှုများ၊ ဌာနမှ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ဟောပြောဆွေးနွေးခဲ့ပါတယ်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ဇင်ဝိုင်းလျှန်နှင့် ဆေးဝါးကျွမ်းကျင်(၂) ဒေါ်ဖွန်လေးနွယ်တို့က အစားအသောက်များတွင် ပါဝင်နေသည့် ဓာတုဆေးဝါးများနှင့် အိမ်သုံးဆေးဝါးများအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပါသည်။

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ကုန်စည်၊ ဝန်ဆောင်မှုနှင့်ပတ်သက်၍ ဆုံးရှုံးနစ်နာမှုများကို ဖြေရှင်းရာတွင် ဌာနမှ ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရန် စားသုံးသူမှ အာမခံကဒ်ပြား၊ ပြေစာစသည့်လိုအပ်သည့် အထောက်အထားများဖြင့် တိုင်ကြားရန်လိုအပ်ကြောင်း၊ Online မှ ရောင်းချသည့်ပစ္စည်းများကိုလည်း အသိသတိနှင့်ဝယ်ယူရန်၊ ကုန်ပစ္စည်းများဝယ်ယူသုံးစွဲသည့်အခါ စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါအတိုင်း စားသုံးသူ၏ အခွင့်အရေးကိုသိရှိရန်နှင့် အမှတ်တံဆိပ်တွင်ပါရှိသည့် အညွှန်းအတိုင်း လိုက်နာရန်မှာ စားသုံးသူ၏ တာဝန်ပင်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါတယ်။

အလားတူ နိုဝင်ဘာလ တတိယပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် ခုနစ်နေရာ၊ အနောက်ပိုင်းခရိုင်တွင် သုံးနေရာ၊ တောင်ပိုင်းခရိုင်တွင် ၁၃ နေရာ၊ မြောက်ပိုင်းခရိုင်တွင် လေးနေရာတို့တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်မြဦး (စားသုံးသူ)ရန်ကုန်**

# ရော်ဘာနဲ့ ဒေသထွက်ကုန်များ အရည်အသွေးကောင်းမွန်ပြီး ပြည်ပပို့ကုန် ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး



| ခင်မြနွယ် (Myantrade)|

မြန်မာနိုင်ငံမှာ ရော်ဘာကို မြန်မာနိုင်ငံတောင်ပိုင်းဒေသတွေအနက် မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်ဟာ ရော်ဘာအများဆုံးစိုက်ပျိုးတဲ့ဒေသတွေဖြစ်ကြပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ တနင်္သာရီတိုင်းဒေသကြီးတို့မှာလည်း စိုက်ပျိုးကြပေမယ့် မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်လောက် အများအပြားစိုက်ပျိုးခြင်းမရှိကြပါဘူး။

မွန်ပြည်နယ်မှာ ရော်ဘာစိုက်ဧက ငါးသိန်းနီးပါးရှိပြီး ကရင်ပြည်နယ်မှာ ရော်ဘာစိုက်ဧက ၂၇၀၀၀၀ နီးပါးရှိတယ်လို့ သိရပါတယ်။

တစ်နိုင်ငံလုံးအနေနဲ့ ပြောရမယ်ဆိုရင် ရော်ဘာစိုက်ဧက ၁၆ သိန်းရှိပြီး အပင်ပေါင်းခုနစ်သန်းခန့်ဟာ အစေးခြစ်ရမယ့်အရွယ်ကို ရောက်ရှိနေပြီလို့ သိရပါတယ်။

မြန်မာနိုင်ငံရဲ့ရော်ဘာတင်ပို့မှုကို ကြည့်မယ်ဆိုရင် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း စက်တင်ဘာလကုန်အထိ ပင်လယ်ရေကြောင်းမှ အမေရိကန် ဒေါ်လာ ၆ ဒသမ ၈ သန်းကျော်ဖိုးရှိ ရော်ဘာတန်ချိန် ငါးထောင်ကျော်ကို တင်ပို့နိုင်ခဲ့ပါတယ်။

မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်ဟာ ဒေသချင်းဆက်စပ်နေတဲ့ပြည်နယ်နှစ်ခုဖြစ်ပြီး ရာသီဥတု အနေအထားချင်းလည်း တူညီတဲ့ဒေသနှစ်ခုဖြစ်ပါတယ်။ ပြည်နယ်နှစ်ခုစလုံးမှာ ထင်ရှားကျော်ကြားတဲ့ သဘာဝအခြေခံခရီးသွားလုပ်ငန်းတွေရှိကြသလို နိုင်ငံရဲ့ နိုင်ငံခြားငွေကို တစ်ထောင့်တစ်နေရာကနေ ရှာဖွေပေးနေတဲ့ ရော်ဘာပင်အများအပြား စိုက်ပျိုးရာ ဒေသတွေလည်းဖြစ်ကြပါတယ်။

မွန်ပြည်နယ်ဟာ ရော်ဘာစိုက်ပျိုးမှုနဲ့ နာမည်ထင်ရှားသလို ကျွဲကောသီးနဲ့ ဒူးရင်းသီးဟာလည်း ဒေသထွက်ကုန်တွေအနက် အထင်ရှားဆုံးသောထွက်ကုန်များပဲဖြစ်ပါတယ်။ ဒါပေမဲ့လည်း အဲဒီသစ်သီးဝလံများဟာ ပြည်တွင်းမှာသာ စားသုံးနေရတဲ့အဆင့်မှာပဲရှိနေတာဟာ အင်မတန် ဝမ်းနည်းစရာ ကောင်းတဲ့အခြေအနေတစ်ခုလို့ ပြောရမှာဖြစ်ပါတယ်။

အခုလက်ရှိအချိန်မှာ ကမ္ဘာ့နိုင်ငံ အသီးသီးဟာ စားသုံးသူအကာအကွယ်ပေးရေးအတွက် ဓာတုကင်းလွတ်သီးနှံများကိုသာ တင်သွင်းခွင့်ပြုနေတဲ့အတွက် ဓာတုကင်းလွတ်တဲ့သီးနှံဖြစ်ဖို့က အဓိက အခန်းကဏ္ဍမှာ ပါဝင်နေတယ်ဆိုတာ ငြင်းလို့ရမယ်မထင်ပါဘူး။

မြန်မာနိုင်ငံဟာ ဆယ်စုနှစ် နှစ်စု ကြာမျှ ပိုးသတ်ဆေးတွေ၊ ဓာတုဆေးဝါးတွေနဲ့ယဉ်ပါးနေခဲ့တဲ့အတွက် ဓာတုကင်းလွတ်တဲ့ အော်ဂဲနစ်သီးနှံဖြစ်ဖို့ အချိန်အတော်ကြာယူရဦးမှာဖြစ်ပါတယ်။

"ကျွန်တော်တို့ မွန်ပြည်နယ်မှာ ဒေသထွက်ကုန်အနေနဲ့ ကျွဲကောသီး၊ မင်းကွတ်သီး၊ ဒူးရင်းသီး၊ ကြက်မောက်သီးတို့ ထွက်ရှိပြီး အဓိကထွက်ကုန်ကတော့ ကျွဲကောသီးပါ။ လောလောဆယ် အနေအထားအရတော့ ကျွဲကောသီးကို ပြည်တွင်းမှာပဲ စားသုံးကြပါတယ်။ နိုင်ငံခြားကို တင်ပို့နိုင်ခြင်းမရှိသေးပါဘူး။ မွန်ပြည်နယ်မှာ ပြည်ပပို့ကုန်အဖြစ် အရည်အသွေးမီတဲ့ ယိုစုံနဲ့ ဆွဲတီမဆလာ ရှိပါတယ်။ ဒါပေမဲ့ ပြည်တွင်းမှာပဲ ဖြန့်ဖြူးရတဲ့အဆင့်မှာပဲ ရှိပါတယ်"လို့ မွန်ပြည်နယ် ရာမညကုန်သွယ်မှုဇုံဌာန တာဝန်ခံလက်ထောက် ညွှန်ကြားရေးမှူး ဦးခင်ဇော်က ပြောကြားခဲ့ပါတယ်။

မွန်ပြည်နယ်တွင် ကျွဲကောစိုက် ဧကပေါင်း နှစ်ထောင်ကျော်ရှိနေသော်လည်း ပြည်ပသို့ တင်ပို့ရန်မှာ GAP စနစ်ကို မကျင့်သုံးနိုင်သေးသဖြင့် အဆင်မပြေသေးကြောင်း၊ ကျွဲကောဇုန် ပြုလုပ်ပြီး GAP စနစ်ဖြင့်ကျင့်သုံးပြီးလျှင် ကမ္ဘာ့နိုင်ငံအနှံ့အပြားကို တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း ၎င်းက ထပ်မံ ပြောကြားခဲ့ပါတယ်။

ရော်ဘာပင်ဟာ တစ်ပင်လုံးအသုံးဝင်တဲ့ အပင် တစ်မျိုးဖြစ်ပါတယ်။ ရော်ဘာဟာ ပြည်တွင်းစက်မှုလုပ်ငန်းအတွက်သာမက ပြည်ပပို့ကုန်အတွက် အရေးပါတဲ့ စက်မှုကုန်ကြမ်းသီးနှံဖြစ် ပါတယ်။ ရော်ဘာပင်ဟာ ပင်ပျိုအရွယ်မှာ အစေးထုတ်ယူလို့ရသလို အပင်အိုသွားချိန်မှာလည်း သစ်အဖြစ် အသုံးပြုနိုင်ပါတယ်။ ရော်ဘာသစ်နဲ့ သစ်ခွဲသားတွေ ပြုလုပ်ပြီး ပြည်ပသို့ တင်ပို့ရောင်း ချလို့ရသလို အချောထည်ကုလားထိုင်များ၊ စားပွဲများ စတဲ့ ပရိဘောဂပစ္စည်းများ ပြုလုပ်ကာ ပြည်ပသို့ တင်ပို့ရောင်းချလျက် ရှိကြောင်း MOS ရော်ဘာသစ်အချော ထည်ထုတ်လုပ်ရေးစက်ရုံမှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ရော်ဘာပင်ဟာ နှစ်ရှည်ပင်ဖြစ်တာကြောင့် မျိုးကောင်းမျိုးသန့်ရွေးချယ် စိုက်ပျိုးရေးဟာ အရေးအကြီးဆုံးဖြစ်တယ်လို့ ဆိုပါတယ်။ ရော်ဘာအစေး ပိုမိုထွက်ရှိရေးနဲ့ သက်တမ်းပြည့် အစေးလှီးနိုင်ရေးတို့ဟာ ရော်ဘာပင်ရဲ့အရေးကြီးတဲ့အချက်ဖြစ်ပါတယ်။ ဒါကြောင့် မိမိဒေသရဲ့ ရေမြေရာသီဥတုနဲ့ကိုက်ညီတဲ့ အထွက်ကောင်းမျိုးများကို ရွေးချယ် စိုက်ပျိုးဖို့ လိုအပ်လှပါတယ်။

"မြန်မာနိုင်ငံဒေသအလိုက် စိုက်ပျိုးဖို့ သင့်တော်တဲ့မျိုးတွေကတော့ မိုးရေချိန်လက်မ ၁၈၀၊ ၂၀၀ ရရှိလို့ မိုးများပြီး ခြောက်သွေ့တဲ့တနင်္သာရီ၊ မွန်၊ ကရင်၊ ရခိုင်ဒေသတွေမှာ စိုက်သင့်တဲ့ မျိုးတွေကတော့ BPM-24 , RRIC-100, RRIM-717, PB-235 တို့ဖြစ်ပါတယ်။ မိုးရေချိန်လက်မ ၁၀၀-၁၂၀ ရရှိလို့ မိုးအသင့်အတင့်ရှိပြီး ပူပြင်း ခြောက်သွေ့တဲ့ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီဒေသတွေမှာ စိုက်ပျိုးသင့်တဲ့ မျိုးတွေကတော့ PB-260, RRIM-717, PB-235, RRIM-623, GT-1 ဖြစ်ပါတယ်။ မိုးရေချိန်လက်မ ၅၀-၆၀ ပဲရရှိလို့ မိုးနည်းပြီး အေးမြတဲ့ ကချင်၊ ရှမ်းတောင်တန်းဒေသတွေမှာ စိုက်သင့်တဲ့ မျိုးတွေကတော့ RRIM-600, GT-1, PR-255, PR-107, RRIM-623 တို့ဖြစ်ကြပါတယ်။ ရော်ဘာပင်ရဲ့ သဘာဝဟာ စတင်စိုက်ပျိုးတဲ့အချိန်ကနေ အနည်းဆုံး ၇ နှစ်၊ ၈ နှစ်ကြာမှသာ အစေးထုတ်ယူနိုင်တာကြောင့် ကိုယ့်ဒေသနဲ့ကိုက်ညီတဲ့ မျိုးတွေကို ရွေးချယ် စိုက်ပျိုးဖို့ လိုအပ်ပါတယ်"လို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နှစ်ရှည်သီးနှံဌာနမှ ဌာန တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြမြဝင်းက ပြောကြားခဲ့ပါတယ်။

မြန်မာ့ရော်ဘာဟာ အရည်အသွေးကောင်းပေမယ့် ထုတ်ယူမှု နည်းစနစ်မမှန်ခြင်း၊ နည်းပညာပိုင်းဆိုင်ရာ အားနည်းခြင်း၊ နိုင်ငံတကာအဆင့်မီသည့် ရော်ဘာပြားများ မထုတ်လုပ်နိုင်ခြင်းစတဲ့အချက်တွေကြောင့် နိုင်ငံတကာ ရော်ဘာဈေးကွက်မှာ ဈေးကောင်းမရဘဲ ဈေးနှိမ်ခံရခြင်းများနဲ့သာ ရင်ဆိုင်နေရကြောင်း သိရပါတယ်။

"ပြည်တွင်းက ထွက်ရှိတဲ့ရော်ဘာတွေကို အရည်အသွေးကိုလိုက်ပြီး ဈေးအနည်းငယ် ကွာခြားပါတယ်။ ကျွန်တော်တို့ အဝယ်ဒိုင်ကိုတော့ ရန်ကုန်၊ ပဲခူး၊ မွန်၊ တနင်္သာရီ စတဲ့ဒေသတွေက ရော်ဘာလုပ်ငန်းရှင်တွေ လာရောက်ရောင်းချကြပါတယ်။ လာရောင်းကြတာကတော့ RSS-1, RSS-2 နဲ့ RSS-3 တို့ က အများဆုံးပါ။ မြန်မာနိုင်ငံ ရော်ဘာအသင်းရဲ့ချိတ်ဆက်ပေးမှုကြောင့် ပြည်ပအဝယ်ဒိုင်တွေနဲ့ ချိတ်မိပါတယ်။ ကျွန်တော်တို့ အဝယ်ဒိုင်အနေနဲ့တော့ လက်ငင်းငွေချေစနစ်ကိုသာ အသုံးပြုပါတယ်"လို့ မေထားရော်ဘာ အဝယ်ဒိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပါတယ်။

မြန်မာ့ရော်ဘာအထွက်ရဲ့ ၈၀ ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့ တင်ပို့ပြီး ကျန်တာကို ထိုင်း၊ မလေးရှားနဲ့ ဂျပန်နိုင်ငံတို့ကို တင်ပို့ကြောင်း သိရပါတယ်။ ဒါပေမဲ့ ပြည်တွင်းက ရန်ကုန်တာယာစက်ရုံက အများဆုံးဝယ်ယူကြောင်း သိရပါတယ်။

သို့သော် မြန်မာ့ရော်ဘာများရဲ့ အရည်အသွေးဟာ ကမ္ဘာ့နိုင်ငံအသီးသီးက ထုတ်လုပ်တဲ့ ရော်ဘာများရဲ့အရည်အသွေးကို မမီတာကြောင့် ရော်ဘာ အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် အဆင့်မြင့်ရော်ဘာဓာတ်ခွဲခန်းတစ်ခုကို ရန်ကုန်တိုင်းဒေသကြီးမှာ တည်ဆောက်နေပြီဖြစ်ပါတယ်။

ဒါ့အပြင် ထားဝယ်မြို့နယ် သဗျာကျေးရွာအနီးမှာ ကျပ်သန်း ၂၀၀၀ တန် စက်ရုံကို အရည်အသွေးမြင့်ရော်ဘာ ထုတ်လုပ်ဖို့ ဆောက်လုပ်လျက်ရှိရာ ဒီဇင်ဘာလအတွင်း ပြီးစီးမှာဖြစ်တယ်လို့ ဆိုပါတယ်။

ဒါ့အပြင် ဘားအံစက်မှုဇုန်မှာ နော်ဝေနိုင်ငံမှ Nyor ကုမ္ပဏီ၊ ထိုင်းနိုင်ငံမှ Southland ကုမ္ပဏီ၊ ကရင်ပြည်နယ်ရော်ဘာထုတ်လုပ်ရေးအသင်းတို့နဲ့အတူ ရော်ဘာစက်ရုံတစ်ရုံ ဆောက်လုပ်ဖို့ ရည်ရွယ်ထားကြောင်း သိရပါတယ်။

အရည်အသွေးမီတဲ့ရော်ဘာများရရှိဖို့ အခုလိုစီမံကိန်းတွေမှာ ပြည်ပကုမ္ပဏီတွေနဲ့ ပူးပေါင်းမှသာ ရော်ဘာ အရည်အသွေးကိုမြင့်စေပြီး၊ ဒေသတွင်းရော်ဘာထွက်ကုန်တွေကိုလည်း အရည်အသွေးမြင့်တင်ရာရောက်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတကာရဲ့ ဝယ်လိုအားလည်း တက်လာပြီး မှောင်ခိုတင်ပို့မှုလည်း လျော့ကျလာမှာဖြစ်ပါ တယ်။

မွန်ပြည်နယ်နဲ့ ဆက်စပ်နေတဲ့ ကရင်ပြည်နယ်ဟာ ထူးခြားတဲ့ဒေသထွက်ကုန် မရှိပေမယ့် ဒေသတွင်းမှာ စားသုံးဖို့အတွက် စပါး၊ ရော်ဘာ၊ မြေပဲ၊ ပြောင်း၊ ကွမ်းသီး၊ ဆေးရွက်ကြီး၊ကော်ဖီ၊ ပဲတီစိမ်း၊ နှမ်း စတဲ့ လယ်ယာထွက်ကုန်တွေ စိုက်ပျိုးလျက်ရှိပါတယ်။

အဲဒီလယ်ယာထွက်ကုန်များအနက် သံတောင်မြို့က ထွက်ရှိတဲ့ ကော်ဖီဟာ အမျိုးအစားအကောင်းဆုံးကော်ဖီဖြစ်တယ်လို့ ဒေသခံများထံမှ သိရပါတယ်။

ဒါပေမဲ့လည်း သံတောင်ဒေသမှာစိုက်ပျိုးတဲ့ ကော်ဖီပင်တွေဟာ အပင်သစ်ကို စိုက်ပျိုးခြင်း မဟုတ်ဘဲ အပင်ဟောင်းကိုသာ ကိုင်းချိုင်ခြင်း၊ ကိုင်းသစ်ထွက်စေခြင်း စတဲ့မိရိုးဖလာနည်းများနဲ့ စိုက်ပျိုးကြတာဖြစ်ပါတယ်။ ဒါ့အပြင် ကော်ဖီသီးများကို ခူးဆွတ်ရာမှာလည်း ကော်ဖီအထွက်နှုန်းနဲ့ အရည်အသွေးကို အဓိကထားပြီး ခူးဆွတ်တာမျိုး မဟုတ်ဘဲ တစ်နိုင်တစ်ပိုင် မိသားစုပုံစံနဲ့သာ ထုတ်လုပ်နေတာကြောင့် အရည်အသွေး ကောင်းပေမယ့် ဈေးကောင်းမရဖြစ်နေတယ်လို့ ဆိုပါတယ်။ သံတောင်ကြီး ဒေသမှာ ကော်ဖီစိုက်ဧက ၉၅၉၀ ရှိကြောင်း သိရပါတယ်။

မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်တို့ဟာ ထိုင်းနိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ ဒေသနှစ်ခုဖြစ်တာကြောင့် ထိုင်းနိုင်ငံကထွက်ရှိတဲ့ လယ်ယာထွက်ကုန်မှအစ လူသုံးကုန်ပစ္စည်းအဆုံး တရားဝင်လမ်းကြောင်းရော၊ တရားမဝင်လမ်းကြောင်းများမှပါ ဝင်ရောက်နေတာ တွေ့ရပါတယ်။

အထူးသဖြင့် ပြည်တွင်းက သစ်သီးဝလံပန်းမန်ဈေးကွက်ကို ထိုင်းနိုင်ငံရဲ့ သစ်သီးဝလံပန်းမန်ဈေးကွက်က ကြီးစိုးနေတာဟာ မြန်မာ့သစ်သီးဝလံဈေးကွက်အတွက် အဓိက စိန်ခေါ်မှုတစ်ခုပဲဖြစ်ပါတယ်။

ထိုင်းနိုင်ငံက တင်သွင်းလာတဲ့ သစ်သီးဝလံများဟာ သစ်သီးရဲ့အရသာမှာ ပြည်တွင်းကထွက်ရှိတဲ့ သစ်သီးများရဲ့ အရသာကို မမီပေမယ့်လည်း အဆိုပါ သစ်သီးများရဲ့အရွယ်အစား၊ အရောင်အဆင်း၊ အရည်အသွေးတို့ကို ပြည်တွင်းထွက် သစ်သီးဝလံများက လိုက်မမီတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါဟာ မျိုးကောင်းမျိုးသန့်ကို မစိုက်ပျိုး

စာမျက်နှာ (၁၄)သို့ ➤

## ခတ်ဆီ/ဒီဇယ်

### ရေကြောင်းလမ်းမှ ခတ်ဆီ၊ ဒီဇယ်တန်ချိန် ၁၂၀၀၀၀ ကျော်ဝင်

နိုဝင်ဘာ ၁၂ ရက်မှ နိုဝင်ဘာ ၁၈ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၈၆၀၇၀၅၆ တန်ဖိုးရှိ ခတ်ဆီ ၅၇၃၄၀ ဒသမ ၂၉ တန်နဲ့ အမေရိကန်ဒေါ်လာ ၃၀၆၉၄၂၃၁ တန်ဖိုးရှိ ဒီဇယ် ၆၀၉၁၇ ဒသမ ၄၃ တန်၊ စုစုပေါင်း ၁၁၈၂၅၇ ဒသမ ၇၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ခတ်ဆီတန်ချိန် ၄၄၂၉၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ခတ်ဆီတန်ချိန် ၁၃၀၄၀ ကျော် ပိုမိုတင်သွင်းခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၅၀၆၉၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ်တန်ချိန် ၁၀၂၂၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ခတ်ဆီရောဒီဇယ်ပါ တင်သွင်းမှုပိုခဲ့ပါတယ်။

နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်သီတင်းပတ်အတွင်း နယ်စပ်စခန်းဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၃၃၉၅၈ တန်ဖိုးရှိ ဒီဇယ်၃ ဒသမ ၀၆၀ တန်နဲ့ အမေရိကန်ဒေါ်လာ ၈၆၈၈၉ တန်ဖိုးရှိ ခတ်ဆီ ၁ ဒသမ ၁၉၆ တန် တင်သွင်းခဲ့ပြီး မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၈၃ တန်ဖိုးရှိ Re-Export ဒီဇယ် ၉၄၆၄ ဒသမ ၂၉ တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာသုညဒသမ ၃၀၃၆ တန်ဖိုးရှိ Re-Export ဒီဇယ်တန်ချိန် ၅၀၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ခတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်၊အဆင့်မြင့်ဒီဇယ် ၊အောက်တိန်း (92)နဲ့ (95) မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ် ၇၆၅ ကျပ်၊ အောက်တိန်း (92) ၇၆၅ ကျပ်၊ အောက်တိန်း (95) ကျပ် ၈၁၀၊ အဆင့်မြင့် ဒီဇယ် ၇၈၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ နိုဝင်ဘာ ၂၀ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၅၉၀၀၀၊ ရောင်းဈေး ကျပ် ၁၆၁၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ နိုဝင်ဘာလ ၂၀ ရက်မှာ ခတ်ဆီ ဝယ်ဈေး ကျပ် ၁၆၄၀၀၀၊ ရောင်းဈေး ကျပ်၁၇၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ရောခတ်ဆီပါ ဈေးအနည်းငယ်မြင့်ခဲ့တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)၊အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့် ဒီဇယ်မှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း(95) တစ်လီတာ ကျပ် ၉၁၀၊ ဒီဇယ် တစ်လီတာ ကျပ် ၈၀၀ ၊အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၈၂၀၊ အောက်တိန်း (92)တစ်လီတာ ကျပ် ၈၃၀ ၊ ခတ်ဆီ တစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ နိုဝင်ဘာ ၂၀ ရက်တွင်ဒီဇယ်ဝယ်ဈေးကျပ် ၁၅၉၀၀၀၊ ရောင်းဈေး ကျပ် ၁၆၂၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92)ဈေးမှာ နိုဝင်ဘာ ၂၀ ရက်တွင် ဝယ်ဈေး ကျပ် ၁၆၆၀၀၀၊ ရောင်းဈေးကျပ် ၁၆၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဈေးငြိမ်ပြီးအရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ဒီဇယ်ဈေးနည်းနည်းမြင့်ပေမယ့် ခတ်ဆီဈေးငြိမ်နေတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးများမှာ ခတ်ဆီ ၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၈၂၅ ကျပ်၊ အောက်တိန်း(92) ကျပ် ၈၀၀၊ အောက်တိန်း (95) ၈၅၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၈၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ်၃၆၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၉၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

တောင်ကြီးဈေးကွက်မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ်တစ်လီတာ ကျပ် ၈၀၀ ၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၂၀ ၊အောက်တိန်း (92) ကျပ် ၈၁၀ ၊ အောက်တိန်း (95) ကျပ် ၉၃၀ နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၇၅၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၃၇၅၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

### ပြည်တွင်းရွှေဈေးများ အနည်းငယ်ကျဆင်း

ပြီးခဲ့သည့်ရက်သတ္တပတ်က မြင့်တက်ခဲ့သည့် ပြည်တွင်းရွှေဈေးများသည် ယခုတစ်ပတ်တွင် အနည်းငယ် ပြန်လည်ကျဆင်းလာခဲ့ကြောင်း ပြည် တွင်းရွှေဈေးကွက်အတွင်းမှ သိရသည်။ ကမ္ဘာ့ရွှေဈေးများမြင့်တက်လာသော်လည်း ပြည်တွင်းငွေလဲနှုန်းများ ငြိမ်သက်နေသဖြင့် ပြည်တွင်းရွှေဈေးများသည် အနည်းငယ်ပြန်လည်ကျဆင်းလာခဲ့ခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်းမှသိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ကမ္ဘာ့ရွှေဈေးကွက်တွင် အရောင်းအဝယ်အများအပြားဖြစ်ခဲ့သဖြင့် ကမ္ဘာ့ရွှေဈေးများမြင့်တက်ခဲ့ကာ ယခုတစ်ပတ်အထိ မြင့်တက်နေဆဲပင်ဖြစ်ကြောင်း သိရသည်။

"ဒီတစ်ပတ်မှာ ပြည်တွင်းရွှေဈေးက နည်းနည်းပြန်ကျလာတယ်။ ကမ္ဘာ့ရွှေဈေးက အမေရိကန်ဒေါ်လာ ၁၃၀၀ နားကို ကပ်လာပေမယ့် ပြည်တွင်းငွေလဲနှုန်းက ငြိမ်နေတာကြောင့် ပြည်တွင်းရွှေဈေးက လိုက်ပြီးတက်မလာတာပါ။ ကမ္ဘာ့ဈေးကွက်မှာတော့ တန်ချိန် ၂၀၀ လောက် အရောင်းအဝယ်ဖြစ်သွားတဲ့အတွက် ဈေးမြင့်တက်လာရတာပါ။ ပြည်တွင်းဈေးကွက်မှာတော့ အရောင်းအဝယ်က ပုံမှန်အတိုင်းပါပဲ။ အထည်ပိုင်းကတော့ အရောင်းအဝယ်ဖြစ်ပါတယ်။ ဝယ်ရောင်းသမားတွေကတော့ ဈေးကျသွားတယ်ဆိုရင် နည်းနည်းပြန်ငြိမ်သွားကြတယ်။ ဈေးတက်မယ်လို့ထင်ကြမှ အရောင်းအဝယ်က ပြန်သွက်လာတာပါ"ဟု ရွှေကုန်သည်ဦးစံမြင့်ကဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် နိုဝင်ဘာ ၂၀ ရက်က ကျပ် ၉၃၆၀၀၀ရှိခဲ့ပြီး နိုဝင်ဘာ ၂၂ ရက်တွင် ကျပ် ၉၃၂၀၀၀ သို့ အနည်းငယ်ကျဆင်းသွားခဲ့သည်။ နိုဝင်ဘာ ၂၄ ရက်တွင် အနည်းငယ်ပြန်လည်မြင့်တက်လာခဲ့ကာ ကျပ် ၉၃၄၀၀၀ ရှိခဲ့သည်။ ကမ္ဘာ့ရွှေဈေးကွက်တွင် နိုဝင်ဘာ ၂၀ ရက်က တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၉၂ ရှိခဲ့ပြီး နိုဝင်ဘာ ၂၂ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၈၀ ရှိခဲ့သည်။ နိုဝင်ဘာ ၂၄ ရက်တွင် ပြန်လည်မြင့်တက်လာခဲ့ကာ အမေရိကန်ဒေါ်လာ ၁၂၉၂ ရှိခဲ့သည်။ **မယ်သီတာ**

### ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်ငြိမ်သက်

ပြီးခဲ့သည့် ရက်သတ္တပတ်ကတည်းက ငြိမ်သက်ခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်ငြိမ်သက်လျက်ရှိကြောင်း ပြည်တွင်းငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြည်တွင်း၌ စီးပွားရေးလုပ်ငန်းများ နွေးကွေးနေသဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်များအေးနေကြောင်း၊ ပွင့်လင်းရာသီသို့ ရောက်ရှိနေသော်လည်း အရောင်းအဝယ်များ တန့်နေသဖြင့် ယခုကဲ့သို့ အတက်အကျမရှိဘဲဈေးငြိမ်နေရခြင်းဖြစ်ကြောင်း ပြည်တွင်းငွေလွှဲလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောကြားခဲ့သည်။

"ပြီးခဲ့တဲ့ တစ်ပတ်ကတည်းက ဈေးငြိမ်နေခဲ့တာပါ။ အရောင်းအဝယ်လည်း သိပ်မကောင်းဘူး။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တွေလည်း ငြိမ်နေကြတယ်။ ဟိုအရင်တုန်းကဆို ဈေးကွက်ထဲမှာ ဘယ်အချိန် ဈေးတက်မလဲကျမလဲ မျှော်နေရတာ၊ အခု ဈေးငြိမ်နေတာဟာ တစ်ခုကောင်းပြီး တစ်ခုမကောင်းသလိုပဲ ခံစားရတယ်။ ပို့ကုန် သွင်းကုန်သမားတွေအတွက် ဈေးငြိမ်နေတာဟာ ကောင်းတယ်လို့ ပြောရပေမယ့် ကျွန်တော်တို့အတိုင်းအတာအရ ပြောရမယ်ဆိုရင်တော့ အရောင်းအဝယ်တွေ သိပ်မကောင်းတဲ့အတွက် အခုလို ဈေးငြိမ်နေတာလို့ ပြောရမှာပါ" ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းငွေလဲနှုန်းများသည် နိုဝင်ဘာ ၂၀ ရက်တွင် ရောင်းဈေး ၁၃၅၈ ကျပ်၊ ဝယ်ဈေး ၁၃၅၆ ကျပ်ရှိခဲ့ပြီး နိုဝင်ဘာ ၂၄ ရက်တွင်လည်း ရောင်းဈေး ၁၃၅၈ ကျပ်၊ ဝယ်ဈေး ၁၃၅၆ ကျပ်ဖြင့်ရောင်းချလျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**

### စတော့ရှယ်ယာဈေးများ အကျဈေးအတိုင်းရှိနေပြီး အရောင်းအဝယ်အေးနေ

ရန်ကုန် စတော့အိတ်ချိန်းတွင် ရောင်းဝယ်လျက်ရှိသည့် စတော့ရှယ်ယာဈေးများသည် အကျဈေးအတိုင်းရှိနေပြီး အရောင်းအဝယ်အေးနေကြောင်း သိရသည်။

စတော့ဈေးများ ကျဆင်းနေမှုကြောင့် အရောင်းအဝယ်မဖြစ်သည့်နေ့များပင်ရှိခဲ့ပြီး တစ်နေ့လျှင် အစုရှယ်ယာ ငါးရာခန့်သာ ရောင်းချခဲ့ရကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ စတော့အိတ်ချိန်းနှင့် ပတ်သက်၍ ပြည်သူများ ပိုမိုစိတ်ဝင်စားလာပြီး ဗဟုသုတများ ပိုမိုရရှိစေရန်အတွက် ယခုအခါတွင် ရန်ကုန်စတော့အိတ်ချိန်းမှ ကြီးမှူး၍ စတော့ရှယ်ယာဆိုင်ရာ ဆွေးနွေးပွဲများကို မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့ကြီးများတွင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း FMI ၏ အစုရှယ်ယာဈေးနှုန်းသည် ကျပ် ၁၃၀၀၀၊ MTSH က ကျပ် ၃၁၅၀၊ MCB က ကျပ် ၈၀၀၀၊ FPB က ကျပ် ၂၆၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိသည်။

**မယ်သီတာ**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 20-November | 17.16 | 3211.23 | 2071.76 | 6728.37 | 941.00 |
| 21-November | 16.95 | 3225.33 | 2071.10 | 6872.51 | 931.00 |
| 22-November | 16.98 | 3266.33 | 2077.05 | 6894.11 | 932.00 |
| 23-November | 17.08 | 3263.68 | 2084.76 | 6905.13 | 934.00 |
| 24-November | 17.19 | 3270.52 | 2098.87 | 6966.84 | 935.00 |

## Currency Exchange Rate

November 24, 2017
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.32 |
| BDT Bangladesh Taka | 82.14 |
| CAD Canada Dollars | 1.27 |
| CNY China Yuan Renminbi | 6.63 |
| EUR Euro | 0.85 |
| H KDHong Kong Dollars | 7.81 |
| I NR India Rupees | 64.91 |
| I DR Indonesia Rupiahs | 13521.26 |
| JPY Japan Yen | 112.55 |
| MYR Malaysia | 4.16 |
| PKR Pakistan Rupees | 105.43 |
| PHP Philippines Pesos | 50.92 |
| RUB Russia Rubles | 59.65 |
| SGD Singapore Dollars | 1.36 |
| KRW South Korea Won | 1097.62 |
| LKR Sri Lanka Rupe | 153.61 |
| THB Thailand Baht | 32.87 |
| GBP United Kingdom Pounds | 0.76 |
| VND VietnamDon | 22714.04 |

*Source:xe.com*

## World Gold Price

November-2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 20 | 1294 | 1293 | 1292 |
| 21 | 1267 | 1280 | 1279 |
| 22 | 1285 | 1284 | 1283 |
| 23 | 1292 | 1290 | 1290 |
| 24 | 1295 | 1293 | 1293 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 20-11- 2017 | 935.00 | 934.60 |
| 21-11-2017 | 931.50 | 931.80 |
| 22-11- 2017 | 933.00 | 933.00 |
| 23-11-2017 | 933.5 | 934.00 |
| 24-11- 2017 | 933.7 | 933.00 |

နိုဝင်ဘာလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 20 | 6.64 | 32.79 | 83.65 | 65.07 |
| 21 | 6.63 | 32.76 | 84.12 | 64.78 |
| 22 | 6.62 | 32.74 | 83.82 | 64.76 |
| 23 | 6.59 | 32.73 | 84.19 | 64.83 |
| 24 | 6.61 | 32.66 | 84.15 | 64.67 |

## Energy NYMEX 24-11-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 58.44 | 0.42 | 0.72 |
| Brent Crude Futr (USD/bbl) | 63.40 | -0.15 | -0.24 |
| Gasoline Rbob Fut (Cent/gal) | 177.36 | 0.57 | 0.32 |
| Natural Gas Futr (USD/MMBtu) | 2.92 | -0.05 | -1.72 |
| Heating Oil Futr (Cent/gal) | 194.16 | 0.90 | 0.47 |

## ဘိလပ်မြေ

# ဘိလပ်မြေတန်ချိန် ၂၁၀၀၀ ကျော်ဝင်

နိုဝင်ဘာလ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၉၉၉၁၁၈ တန်ဖိုးရှိ ဘိလပ်မြေ ၂၁၂၄၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ၂၆ တန်နဲ့ မလေးရှားနိုင်ငံမှ ၂၁၂၁၈တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ကတင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၆၂၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၀၀၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။

နိုဝင်ဘာလ ၁၁ ရက်မှ ၁၇ ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန် ၅၆၀၀ ကျော်ရှိပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၂၃၉၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၃၂၀၀ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့ပါတယ်။



# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ရာသီဥတုသာယာတာကြောင့် အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၉၅၀၊ ဆင်(ထိုင်း) ကျပ် ၅၅၅၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၈၅၀၊ စိန်(ထိုင်း) ၅၂၂၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

မန္တလေးဘိလပ်မြေဈေးကွက်မှာ ဒီတစ်ပတ်အရောင်းအဝယ်ကောင်းပြီး ဈေးငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ခရောင်းဘိလပ်မြေ ကျပ် ၅၂၀၀၊ ကြံ့နှစ်ကောင် ကျပ်၄၈၀၀၊ အယ်လ်ဖာကျပ်၄၈၀၀၊ဆင်မင်း(ကျောက်ဆည်)ကျပ် ၃၉၀၀၊ခရောင်း ကျပ် ၅၂၀၀၊ ကျားခေါင်းကျပ်၄၂၀၀၊မော်လမြိုင်ဆင်ကျပ်၆၇၀၀၊ဆင်(ထိုင်း)ကျပ်၇၀၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ကြံ့ ကျပ် ၄၇၀၀၊ဆင်(ထိုင်း)ကျပ် ၆၁၀၀၊စိန်(ထိုင်း) ကျပ် ၆၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မိုးလည်းပါးလာတာကြောင့် အရောင်းအဝယ်ကောင်းပြီး ဈေးငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာစိန်(ထိုင်း)ကျပ်၇၀၀၀၊အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၂၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှစုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

# ရေလမ်းမှ မြေဩဇာတန်ချိန် ၁၃၀၀၀နီးပါးဝင်

နိုဝင်ဘာလ ၁၂ရက်မှ ၁၈ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၃၉၁၇၄၁တန်ဖိုးရှိ မြေဩဇာ ၁၂၈၂၈ ဒသမ ၄၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကနေဒါနိုင်ငံမှ တန်ချိန် ၅၀၀၊ တရုတ်နိုင်ငံမှ ၅၈၈ ဒသမ ၆၈ တန်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၅၀၀၊ အိန္ဒိယနိုင်ငံမှ ၉ ဒသမ ၆၈တန်၊ ဂျပန်နိုင်ငံမှ ၂၅ ဒသမ၅၀တန်၊ ကိုရီးယားနိုင်ငံမှ ၂၄၂ ဒသမ၈၀တန်၊ အီရန်နိုင်ငံမှ တန်ချိန်၁၀၅၀၊ လာအိုနိုင်ငံမှ တန်ချိန် ၅၀၀၊ မလေးရှားနိုင်ငံမှ ၁၉၃၆ ဒသမ ၅၀တန်၊ ပါကစ္စတန်နိုင်ငံမှတန်၁၀၅၀၊ လာအိုနိုင်ငံမှ ၃၇၀၁ ဒသမ ၄၄ တန်၊ စပိန်နိုင်ငံမှ ၁ ဒသမ ၈၀ တန်၊ ထိုင်းနိုင်ငံမှ ၂၂၂၂ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၅၀၀တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ အာမို၊ တော့ပ်ဝမ်း၊ ဖော့စဖိတ်၊ ကွန်ပေါင်း၁၅း၁၅း၁၅၊ ဖလော်ရာ၊ ယူရီးယား ၄၆% တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေဩဇာတန်ချိန် ၁၀၉၈၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၈၄၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

# မြေဩဇာဈေးကွက် အရောင်းပုံမှန်ရှိ

နိုဝင်ဘာ ၁၂ ရက်မှ နိုဝင်ဘာ ၁၈ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ မြေဩဇာအဝင်မှာတန်ချိန် ၁၂၈၂၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာတန်ချိန် ၁၀၉၈၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၈၄၀ ကျော်အဝင်ပိုခဲ့ပါတယ်။ နိုဝင်ဘာ ၁၁ရက်မှ နိုဝင်ဘာ ၁၇ ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာတန်ချိန်၁၃၂၁၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၁၇၇၇၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၅၆၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာရေကြောင်းလမ်းမှအဝင်ပိုပြီး နယ်စပ်လမ်းမှ မြေဩဇာအဝင်လျော့ခဲ့ပါတယ်။ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်နဲ့မန္တလေးမှာ အရောင်းအေးပြီး တောင်ကြီးနဲ့ မန္တလေးမှာ အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ**အရောင်းအဝယ်ပုံမှန်ရှိတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပုလဲ-အသေး၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်)က ကျပ် ၂၀၀၀၊ ကွန်ပေါင်း၁၆း၁၆း၈က ကျပ် ၅၀၀နဲ့ တီစူပါ၄၆%က ကျပ် ၁၅၀၀ ဈေးမြင့်ခဲ့ပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်)ကျပ် ၂၄၅၀၀၊ကွန်ပေါင်း(အစိမ်း)၁၅း၁၅း၁၅(ထိုင်း) ကျပ် ၄၀၅၀၀၊ကွန်ပေါင်း (ပန်းရောင်)ကျပ် ၃၃၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈(မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆%(သံကွင်း-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်)ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ**အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ဒီတစ်ပတ် သီးစုံ(ဝါစိမ်းပြာ)က ကျပ် ၇၀၀၊ ယူရီးယား-ပုလဲက ကျပ် ၇၀၀၊ တီစူပါကကျပ် ၂၂၀၀ ဈေးမြင့်ခဲ့ပြီးအာမို၁၅ပတ်လည်က ကျပ်၅၀၀ဈေးကျကာ ကျန်မြေဩဇာများကယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ်(၁၂း၁၃)ကျပ် ၁၅၅၀၀၊ဆင်၁၀း၁၀း၅ကျပ်၁၅၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ်၁၈၀၀၀၊ သီးစုံ(ဝါစိမ်းပြာ)ကျပ် ၁၆၂၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)ကျပ် ၂၄၀၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်)ကျပ် ၂၄၀၀၀၊ ဇာမဏီ ကျပ် ၁၇၈၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ကျပ်၁၈၀၀၀၊ တီစူပါ ကျပ် ၂၃၃၀၀၊တောင်သူမ ကျပ် ၁၅၅၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်စတင်လာတာကြောင့် မြေဩဇာအရောင်းပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၄၂၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ်၂၃၇၀၀၊ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၄၂၀၀၊တီစူပါ ၂၀% (တရုတ်) ကျပ် ၁၇၀၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည်(တရုတ်)ကျပ်၃၇၈၀၀၊တီစူပါ၁၀း ၁၀း၅(တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား(တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ်၂၃၅၀၀၊ ယူရီးယား(ယူအေအီး) ကျပ်၂၃၅၀၀၊ မြားကမ္ဘာကျပ် ၁၆၀၀၀ ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၃၂၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်)ကျပ်၂၃၃၀၀၊ တီစူပါ၄၆%ကျပ်၂၁၃၀၀၊မြားသီးစုံကျပ်၁၄၄၀၀၊ပန်းသီးစုံကျပ်၁၄၅၀၀၊ အာမို ၁၀း၁၀း၅ကျပ်၁၆၅၀၀၊မြားကမ္ဘာ ကျပ်၁၄၈၀၀၊သံကွင်း-ကွန်ပေါင်း(၁၅း၅း၅း၅)ကျပ်၁၆၂၀၀၊ ကွန်ပေါင်း ၁၅ ပတ်လည် ကျပ် ၃၇၀၀၀၊ ပိုတက်(အင်ဒို)ကျပ် ၂၃၆၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီနဲ့နို့မှုန့်အဝင်လျော့

နိုဝင်ဘာလ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၄၆၉၃၅ တန်ဖိုးရှိ နို့ဆီ ၂၁၀ ဒသမ ၈၂၅ တန်ကို မလေးရှားနိုင်ငံမှ တင်သွင်းခဲ့ပါတယ်။ဒီတစ်ပတ်HAWK နို့ဆီတစ်မျိုးသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၄၃၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာနို့ဆီတန်ချိန် ၂၂၀ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှ ၁၇၆ ဒသမ ၈၅တန်၊ ပိုလန်နိုင်ငံမှ ၂၂ တန်၊ စင်ကာပူနိုင်ငံမှ ၉ ဒသမ ၁၂၁တန်၊ စုစုပေါင်း ၂၀၇ဒသမ ၉၇တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။

ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၃၄၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာနို့မှုန့် တန်ချိန် ၁၃၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာနို့ဆီရော နို့မှုန့်ပါ တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၁/၁၁ မှ ၁၇/၁၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၄/၁၀ မှ ၁၀/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၄၈၇.၅၀ | ၃၃.၀၀ | (+) | ၂၁၅၁.၅၀ |
| ၂။ | လွယ်ဂျယ် | ၄၂၀.၀၀ | ၃၆၀.၀၀ | (+) | ၆၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီ | ၂၇၃၉.၀၀ | ၁၆၀၆.၀၀ | (+) | ၁၁၃၃.၀၀ |
| ၅။ | တာချီလိတ် | ၃၀၀.၀၀ | ၄၀၀.၀၀ | (-) | ၁၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၁၉၀၀.၀၀ | - | (+) | ၁၉၀၀.၀၀ |
| ၈။ | မြိတ် | - | - | | - |
| | စုစုပေါင်း | ၅၆၀၇.၅၀ | ၂၃၉၉.၀၀ | (+) | ၃၂၀၈.၅၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၁/၁၁ မှ ၁၇/၁၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၄/၁၁ မှ ၁၀/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၉၈၂၉.၉၀ | ၁၁၄၆၆.၉၇ | (-) | ၁၆၃၇.၀၇ |
| ၂။ | လွယ်ဂျယ် | ၉၈.၀၀ | ၅၉.၀၀ | (+) | ၃၉.၀၀ |
| ၃။ | ချင်းရွှေဟော် | ၆၃၁.၉၅ | ၆၅၀.၂၅ | (-) | ၁၈.၃၀ |
| ၄။ | ကန်ပိုက်တီ | ၃၂၀.၀၀ | ၃၆၀.၀၀ | (-) | ၄၀.၀၀ |
| ၅။ | မြဝတီ | ၁၁၉၂.၅၅ | ၁၄၃၀.၇၀ | (-) | ၂၃၈.၁၅ |
| ၆။ | ကော့သောင်း | - | ၃၀၁၉.၆၅ | (-) | ၃၀၁၉.၆၅ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၁၁၄၃.၅၀ | ၇၉၀.၀၀ | (+) | ၃၅၃.၅၀ |
| | စုစုပေါင်း | ၁၃၂၁၅.၉၀ | ၁၇၇၇၇.၅၇ | (-) | ၄၅၆၁.၆၇ |

ခင်မိုးသူ

## နှမ်း

# ပြည်နှမ်းဈေးကွက်တွင် ဆောင်းနှမ်းပေါ်ချိန် အဝယ်လိုက်လို့ဈေးပြန်မြင့်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းနီ၊ နှမ်းနက်နှင့် စမုံနက်နှမ်းတို့ကို အဝယ်ပြန်လိုက်လာလို့ ဈေးပြန်မြင့်လာတာ တွေ့ရပါတယ်။ ဆောင်းနှမ်းများ ဝင်ရောက်လာသဖြင့် ဈေးကွက်တွင် မိုးနှမ်းအဟောင်းနှင့် ဆောင်းနှမ်းအသစ်များပါ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ပေါက်ခေါင်းနှင့် မြန်အောင်ဘက်မှ ဆောင်းနှမ်းအသစ်များ တစ်နေ့လျှင် အိတ် ၄၀၀ မှ ၅၀၀ ခန့် ဝင်ရောက်လာပြီး ဝယ်ယူမှုများလာလို့ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးပြန်မြင့်လာတာ တွေ့ရပါတယ်။ မန္တလေးဝယ်လက်များက မိုးနှမ်းနက်နှင့် ယခုပေါ်နေသော ဆောင်းနှမ်းနက်များကို ဝယ်ယူမှုရှိခြင်း၊ ဆီစက်လုပ်ငန်းရှင်များကလည်း နှမ်းနီကို ဝယ်ယူမှုရှိခြင်းတို့ကြောင့် နှမ်းအနီရော အနက်ပါဈေးပြန်မြင့်လာတာ တွေ့ရပါတယ်။

ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀၊ နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၀၅၀၀၀ နှင့် စမုံနက်နှမ်းသုံးတင်းတစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးမြင့်လာတာ တွေ့ရပါတယ်။

**ဝေဝေမင်း**

# တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ နှမ်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၁၅၀ သန်းတန်ဖိုးရှိ နှမ်းညို ၇၇ တန်ကျော်နဲ့ နှမ်းနက် ၆၃ တန် စုစုပေါင်းတန်ချိန် ၁၄၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၅၄ တန်နဲ့ နှိုင်းယှဉ်ပါက ၈၉ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ အဆိုပါသီတင်းပတ်အတွင်း နှမ်းဖြူ တစ်တန်လျှင်ကျပ် ၁၄၀၂၆၅၀၊ နှမ်းနက်တစ်တန်လျှင် ၂၂၁၈၁၄၅ ကျပ် ဈေးရှိပါတယ်။

အလားတူ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၉၃ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၂၀၄၃ တန်ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ တင်ပို့ခဲ့တဲ့နှမ်းအမျိုးအစားများကတော့ နှမ်းနက်တန် ၁၆၄၀ ကျော်၊ နှမ်းဖြူ ၂၆၆ တန်ကျော်၊ နှမ်းညို ၃၆ တန်နဲ့ နှမ်းညို (အခွံချွတ်) တန် ၁၀၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ချင်းရွှေဟော် မှ နှမ်းရောင်စုံ ၁၀၅၇ တန်ကျော်သာ တင်ပို့ခဲ့လို့ ၉၈၆ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အဆိုပါသီတင်းပတ်တွင် အမေရိကန်ဒေါ်လာ ၆၈၀၄၀ တန်ဖိုးရှိ နှမ်းနက် ၅၆ တန် ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

# ရင်းဂစ်တန်ဖိုး မြင့်တက်နေမှုနှင့် ထုတ်လုပ်မှုမြင့်တက်လာမှုကြောင့် စားအုန်းဆီဈေးနှုန်းများ ဆက်လက်ကျဆင်း

မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးများသည် နိုဝင်ဘာ ၂၃ ရက် ညနေပိုင်းတွင် လေးပတ်မြောက်အဖြစ် ဆက်လက်ကျဆင်းခဲ့သည်။ ရင်းဂစ်ငွေတန်ဖိုးမြင့်တက်လာမှုနှင့် ထုတ်လုပ်မှုမြင့်တက်လာမှုတို့ကြောင့် စားအုန်းဆီဈေးနှုန်းများ ကျဆင်းလာရခြင်းဖြစ်ကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

ရင်းဂစ်ငွေနှင့်အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းသည် နိုဝင်ဘာ ၂၃ ရက် တွင် ဆက်လက်မြင့်တက်ခဲ့ရာ တစ်နှစ်တာအတွင်း အမြင့်ဆုံးနှုန်းဖြစ်ခဲ့သည်။ အမေရိကန်ဒေါ်လာနှင့်ရင်းဂစ်တို့၏ ဖလှယ်နှုန်းသည် နိုဝင်ဘာ ၂၃ ရက်မတိုင်မီက အမေရိကန်တစ်ဒေါ်လာလျှင် ၄ ဒသမ ၀၉၅၀ ရင်းဂစ်ရှိခဲ့ရာမှ နိုဝင်ဘာ ၂၃ ရက် ညနေပိုင်းတွင် သုည ဒသမ ၁ ရာခိုင်နှုန်း ထပ်မံမြင့်တက်ခဲ့ရာ အမေရိကန်တစ်ဒေါ်လာလျှင် ရင်းဂစ် ၄ ဒသမ ၁၀၅၀ ရှိခဲ့သည်။

ရင်းဂစ်တန်ဖိုးမြင့်တက်လာမှုကြောင့် ၎င်းငွေကြေးကို အသုံးပြု၍ ဝယ်ရောင်းပြုလုပ်နေသည့် နိုင်ငံခြားသားကုန်သည်များအတွက် ဟင်းရွက်ဆီဈေးနှုန်းများ ပိုမိုမြင့်တက်စေခဲ့သည်။

ဘာဆာမလေးရှား ကုန်စည်ဒိုင်တွင် ဖေဖော်ဝါရီလအတွက် စားအုန်းဆီစံထားဈေးနှုန်းသည် ၁ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းကာ တစ်တန်လျှင် ၂၆၀၉ ရင်းဂစ်(အမေရိကန်ဒေါ်လာ ၆၃၅ ဒသမ ၅၇) ရှိခဲ့သည်။ အရောင်းအဝယ်ဖြစ်မှုပမာဏမှာ စားအုန်းဆီ ဈေးကွက်ပိတ်ချိန်တွင် ၂၅ တန်ရှိ အတွဲပေါင်း ၄၂၉၈၄ ရှိခဲ့သည်။

ရင်းဂစ်တန်ဖိုးမြင့်တက်လာခြင်းသည် ဈေးကွက်ကိုကျဆင်းစေကြောင်း၊ ထို့ပြင် စားအုန်းဆီထုတ်လုပ်မှုသည်လည်း ဈေးကွက်ကျဆင်းမှုကိုဖြစ်စေကြောင်း ကွာလာလမ်ပူရှိ စားအုန်းဆီကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

“နိုဝင်ဘာလအတွက် စားအုန်းဆီထွက်ရှိမှုက မြင့်တက်လာနိုင်သလို ပုံမှန်ထုတ်လုပ်မှုထက်လည်း ကျဆင်းလာနိုင်ပါတယ်”ဟု အဆိုပါကုန်သည်က ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် စားအုန်းဆီ ဒုတိယအများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး အောက်တိုဘာလအတွင်းက စားအုန်းဆီ ၁၂ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ထုတ်လုပ်နိုင်ခဲ့ကြောင်း စာရင်းအချက်အလက်များအရ သိရသည်။

စားအုန်းဆီထုတ်လုပ်မှုသည် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း အမြင့်ဆုံးသို့ရောက်ရှိခဲ့ပြီးနောက် နှစ်ကုန်ပိုင်းတွင် ထုတ်လုပ်မှုကျဆင်းနိုင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

သို့သော် ၂၀၁၅ ခုနှစ်ကတည်းကစတင်ခဲ့သည့် အယ်နီညိုရာသီဥတု၏ ကာလရှည်အကျိုးသက်ရောက်မှုကြောင့် ယခုနှစ်အတွင်း စားအုန်းဆီထုတ်လုပ်မှုအပေါ်တွင် ထိခိုက်မှုရှိနိုင်သဖြင့် ယခုနှစ်စားအုန်းဆီထုတ်လုပ်မှုသည် ယခင်နှစ်များကထက် ကျဆင်းနိုင်သည်ဟုဆိုသည်။

တရုတ်နိုင်ငံဒါလီယံကုန်စည်ဒိုင်၏ ဇန်နဝါရီလအတွက် စားအုန်းဆီ စာချုပ်ချုပ်ဆိုဈေးနှုန်းသည် သုည ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းနေချိန်တွင် ပဲပုပ်ဆီစာချုပ်ချုပ်ဆိုဈေးနှုန်းသည် သုည ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

နိုဝင်ဘာ ၂၃ ရက်သည် အမေရိကန်နိုင်ငံ၏အမျိုးသားနေ့ဖြစ်သည့်အတွက် အမေရိကန်နိုင်ငံ ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့၏ ဒီဇင်ဘာလအတွက် ပဲပုပ်ဆီစာချုပ်ချုပ်ဆိုဈေးနှုန်းသည် အပြောင်းအလဲမရှိဘဲ တည်ငြိမ်နေကြောင်း သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံက စားအုန်းဆီတင်သွင်းခွန်များကို တိုးမြှင့်ကောက်ခံလျက်ရှိခြင်းကြောင့် မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးများသည် လေးပတ်ဆက်တိုက်ဈေးကျဆင်းလျက်ရှိကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။ အိန္ဒိယနိုင်ငံသည် မလေးရှားနိုင်ငံမှ စားအုန်းဆီများကို ဆယ်စုနှစ်အတွင်း အများဆုံး တင်သွင်းလျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး စားအုန်းဆီကြမ်းတင်သွင်းခွန်ကို ယခင်က ၁၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ကောက်ခံခဲ့ပြီး သန့်စင်ပြီး စားအုန်းဆီ တင်သွင်းခွန်ကို ၂၅ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ကောက်ခံခဲ့သည်။

**မယ်သီတာ**

### ပြည်တွင်းဆီဈေးနှုန်းများ (၂၄-၁၁-၂၀၁၇)

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၀၀၀ | ၅၀၀၀ | □ | ၄၇၀၀ | ၄၇၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ရန်ကုန် | ၅၅၀၀ | ၅၅၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၉၅၀ | ၁၉၅၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၃၀၀၀ | ၃၀၀၀ | □ | ၂၁၀၀ | ၂၁၀၀ | □ |
| ပဲခူး | ၅၀၀၀ | ၅၀၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၂၀၀၀ | ၁၉၀၀ | ▽ |
| မကွေး | ၄၅၀၀ | ၅၀၀၀ | △ | ၄၃၀၀ | ၄၅၀၀ | △ | ၂၁၀၀ | ၂၀၀၀ | ▽ |
| မုံရွာ | ၄၁၀၀ | ၄၁၀၀ | □ | ၄၀၀၀ | ၄၂၀၀ | △ | ၂၁၀၀ | ၂၁၀၀ | □ |
| စစ်ကွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၄-၁၁-၂၀၁၇ **US$/Ton**

| အမျိုးအစား | နိုဝင်ဘာဒုတိယပတ် | နိုဝင်ဘာတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၆၆၈.၅၀ | ၆၅၅.၅၀ | ▽ |
| **RBD P.Olein** | ၆၈၃.၀၀ | ၆၆၄.၀၀ | ▽ |
| **RBD P.Stearin** | ၆၉၇.၀၀ | ၆၈၈.၀၀ | ▽ |

***Source: bepi.mpob***

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၄-၁၁-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၈၄.၇၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၉၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၉၂ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၄၅ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၆.၄၅ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၀.၆၀ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၇၀ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၃၄.၆၂ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၄-၁၁-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၁၀ ဒေါ်လာနှင့် USD ဈေး ၁၃၆၆ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၄-၁၁-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၆ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ကုန်စည်ပြပွဲများမှ ရရှိနိုင်သော အကျိုးကျေးဇူးများ

[ မျိုးသူ-ကုန်သွယ်မြှင့် ]

**အချို့သော လုပ်ငန်းငယ်များသည် အလားအလာကောင်းများ ရှိနေသော်လည်း၊ မိမိဘာသာ Promotion လုပ်နိုင်မှု အားနည်း သဖြင့် တိုးတက်မှု အလွန်နှေးကွေးသည်.....**

## မြန်မာနှင့် ကုန်စည်ပြပွဲများ

ကုန်စည်ပြပွဲများ၊ ဈေးရောင်းပွဲတော်များသည် မြန်မာနိုင်ငံ၌ တွင်တွင်ကျယ်ကျယ် မြင်တွေ့လာရသည်မှာ မကြာလှသေးပဲ၊ ၁၀ စုနှစ်တစ်ခုကျော်ကျော်သာရှိသေးသည်ဟု ထင်ပါသည်။ ကျွန် တော်တို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟု မဖြစ်မီ ကုန်သွယ်ရေးဝန်ကြီးဌာနအဖြစ်ရှိခဲ့စဉ် ၁၉၉၀ တစ်ဝိုက်က ဝန်ကြီးဗိုလ်ချုပ်ထွန်းကြည်လက်ထက်တွင် Fashion Show များကို ကျင်းပခဲ့ခြင်း၊ ယခုခေတ် မော်ဒယ်ဂဲလ်များကဲ့သို့ လေ့ကျင့်ပေးထားသော ဌာနမှ ဝန်ထမ်းအမျိုးသမီးငယ်များကို ပြည်တွင်းဖြစ် အထည်များအား ဝတ်ဆင်ပေးပြီး မော်ဒယ်ရှိုးပုံစံပွဲများ ကျင်းပသည်ကို တွေ့ခဲ့ဖူးပါသည်။

ဝန်ကြီး၏အစီအစဉ်မှာ များစွာခေတ်မီပြီး ဆက်လက်လုပ်ဆောင်သင့်သည့် ပြည်တွင်းထွက်ကုန် အဝတ်အထည်ပြပွဲများဖြစ်ခဲ့ပါသည်။ သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ပျောက်ပျက်သွားသည်မှာ ခေတ်နောက်ပြန်ရောက်သွားသကဲ့သို့ ဖြစ်သွားရပါသည်။ မကြာခင်က MARTRADE of Malaysia ကို သွားရောက်လေ့လာသည့်အခါ ပြည်တွင်းထွက် ရတနာများ၊ စိန်ထည်များကို Show များကျင်းပပြီး မလေးရှား၏ထွက်ကုန်များကို မလေးတွင်ပင် ပြပွဲတစ်ခု ကြီးကြီးကျယ်ကျယ် ကျင်းပပြီး ရောင်းချလျက်ရှိနေသည်ကို တွေ့ရသည့်အခါ ကျွန်တော်တို့ နိုင်ငံသည် တွင်းထွက်ရတနာများ ပေါကြွယ်ဝပါလျက် ယခုအထိ ရတနာများကို ယင်းဖက်ရှင်ရှိုး၊ မော်ဒယ်ရှိုးများအဖြစ် ကျင်းပပြီး ဈေးကွက်မြှင့်တင်ရေးကို မည်သည့်အတွက် မလုပ်ခဲ့သနည်းဟုတွေးမိပါသည်။ လေ့လာကြည့်ရာတွင် ကျွန်တော်တို့ နိုင်ငံမှ ရတနာများကို အရိုင်းအနေနှင့်သာ အရောင်းအဝယ်ပြုလုပ်ပြီး လက်ဝတ်ရတနာကို ပြည်ပတင်ပို့ခွင့်ပြုမထားကြောင်း တွေ့ရပါသည်။

တရားဝင်တင်ပို့ခြင်း မရှိခဲ့သော်လည်း ပြည်ပကုန်စည်ပြပွဲများတွင် လက်ဝတ်ရတနာကုန်သည်အချို့၏ တစ်နိုင်တစ်ပိုင်သယ်ယူရောင်းချခွင့်ကိုစိစစ်ပြီး ခွင့်ပြုခြင်းသာရှိပါသည်။ ပြည်ပသို့ တရားဝင်တင်ပို့နိုင်ခြင်းမရှိခဲ့သော်လည်း တရားမဝင်ရောင်းဝယ်မှုမျိုးမှာ အကြီးအကျယ်ရှိနေသည်မှာ ဝမ်းနည်းဖွယ်ရာဖြစ်ပါသည်။ တရားမဝင်ကုန်သွယ်သူများအနေဖြင့် အစိုးရကိုလည်း အခွန်ဆောင်ရန်မလို အခြားစရိတ်စကလည်း နည်းသည်ဟူသော အကြောင်းပြချက်များ၊ လွယ်လွယ်ကူကူလုပ်နိုင်သော အချက်များကြောင့် တရားမဝင်သွားရသည်ကိုသာ ပျော်မွေ့နေကြောင်း မြင်နေရပါသည်။ ထိုသို့သော ကုန်သည်များကို တရားဝင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကိုကြည့်ရန် အသိအမြင် တိုးတက်လာစေရန်မှာ များစွာ စည်းရုံးဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့သော ပြည်တွင်း ထွက်ကုန်များကို ပြည်ပနိုင်ငံများတွင်ပြုလုပ်သော EXPO and Trade Show များတွင်သွားရောက်ပြီး ပြသခြင်းသည် မိမိတို့နိုင်ငံ၏ ထုတ်ကုန်များကို ကြော်ငြာနည်းတွင် အကောင်းဆုံးတစ်ခုအဖြစ်ပါဝင်ပါသည်။

ထို့အပြင် ဝယ်ယူသူ များနှင့်လည်း တိုက်ရိုက်ထိတွေ့ပြီး ချက်ချင်း အရောင်းအဝယ်ဖြစ်တတ်ပါသည်။ ဖြစ်နိုင်ပါသည်။ သို့ရာတွင် မြန်မာနိုင်ငံတွင် ယင်းပြပွဲကြီးများသို့သွားရန်မှာ စရိတ်စကများစွာလိုအပ်သဖြင့် သာမန်ကုန်သည်ပွဲစားများ၊ ကုန်ထုတ်လုပ်သူလုပ်ငန်းရှင်များအနေဖြင့် မသွားနိုင်ကြပါ။ အစိုးရအနေဖြင့်လည်း မည်သည့်အထောက်အပံ့မျှ မပေးပါ။ ကျွန်တော်တို့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တွင်လည်း ကုန်သည်လုပ်ငန်းရှင်များ၊ ပြည်တွင်းမှ အသေးစား၊ အလတ်စား ကုန်သည်များ၊ ကုန်ထုတ်လုပ်သူများကို နိုင်ငံတကာကုန်စည်ပြပွဲများသို့ ခေါ်ဆောင်သွားလိုသော်လည်း ဌာနမှ သတင်းအချက်အလက်နှင့် အားပေးမှုကိုသာ ပြုနိုင်ပြီး ငွေကြေးစရိတ်စကကို ထောက်ပံ့နိုင်ခြင်း မရှိပါ။ အခြားနိုင်ငံများကိုကြည့်လျှင် ပြည်ပတွင်ကုန်သွယ်မှုရုံးများထားရှိပြီး မိမိနိုင်ငံ၏ ကုန်စည်များရောင်းချနိုင်ရေးကို ဆောင်ရွက်ပေးသည်။ အဆိုပါနိုင်ငံ၏ ကုန်သည်များ၊ ဝယ်သူများနှင့် ချိတ်ဆက်ပေးသည်။ သတင်းအချက်များကို ကိုယ့်နိုင်ငံမှ ကုန်သည်များထံ ပို့ပေးသည်။ ထိုင်းနိုင်ငံတွင် ကျွန်တော်တို့ကဲ့သို့ ကုန်သွယ်မှုမြှင့်တင်ရေးဌာနရှိပါသည်။ ယင်းဌာနကို DITP ဟုခေါ်ပါသည်။ အရှည်မှာ Department of International Trade Promotion ဟုခေါ်ပြီး ယင်းဌာန မှ ညွှန်ကြားရေးမှူးတစ်ဦး ခေါင်းဆောင်သော ကုန်သည်အသင်းအဖွဲ့များ၊ ကုမ္ပဏီများ အဖွဲ့များသည် နိုင်ငံတကာသို့သွားကာ Business Matching များကို ပြုလုပ်ကြသည်ကို တွေ့ရပါသည်။ လေ့လာကြည့်ရာတွင် ယင်းသွားလာသည့်စရိတ်၊ တွေ့ဆုံပွဲကျင်းပသည့် စရိတ်များကို အဆိုပါ DITP ဌာနက ကျခံကြောင်း သိရပါသည်။ ကျွန်တော်တို့ဆီမှာ ထိုကဲ့သို့ မလုပ်နိုင်ပါ။ အစိုးရက နိုင်ငံပြင်ပထွက်၍ ပုဂ္ဂလိကကုန်သည်များ၊ ကုမ္ပဏီများအတွက် အကုန်အကျခံပြီး ရောင်းနိုင်ရေး လုပ်ပေးသည်ဟု မရှိပါ။ ကိုရီးယားတွင် နှစ်စဉ် Tourism Promotion အတွက် နေရာပေါင်း တစ်ရာကို အစိုးရက အကုန်အကျခံကြော်ငြာပေးကြောင်း သိရပါသည်။

## နိုင်ငံတကာ ကုန်စည်ပြပွဲများ၏ အကျိုးကျေးဇူးများ

နိုင်ငံတကာကုန်စည်ပြပွဲကြီးများကျင်းပရခြင်း၏ အကျိုးရလဒ်များကို ဦးစွာလေ့လာရာတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၇၀ အဖွဲ့ဝင်အဖြစ်ပါဝင်သော Bureau International des (BIS) ဟူ၍ရှိပြီး ၁၉၃၃ ခုနှစ်မှ ယခုအထိ နိုင်ငံတကာ ထုတ်ကုန်များပြသသော အကြီးစားကုန်စည်ပြပွဲကြီးကို ကျင်းပလေ့ရှိပါသည်။ ယင်းပြပွဲကြီးကို ၂၀၂၀ ခုနှစ်တွင် ကျင်းပနိုင်ရေးအတွက် အဖွဲ့ဝင်များ အစည်းအဝေးကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါက တက်ရောက်ခဲ့ပြီး အတွေ့အကြုံများ ပြန်လည်ရှင်းလင်းရာတွင် ကုန်စည်ပြပွဲများ ကျင်းပရသည့် အကျိုးကျေးဇူးများကိုပါ ထည့်သွင်းပြောကြားခဲ့သည်ကို တွေ့ရသဖြင့် ရှင်းလင်းပြသသည့်အတိုင်း အောက်တွင် တင်ပြထားပါသည်-

**4 reasons why Expos are truly unique events, from the perspectives of their different publics.**

- **For the international community : Expo is a dialogue platform for progress and cooperation**
- **For the general public : Expo is an educating and entertaining experience**
- **For the host country : Expo is a tool for nation branding and development**
- **For participants : Expo allows international outreach and economic opportunities**

ရှင်းလင်းပြသသည်မှာ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆက်ဆံရေးသည် ယင်းပြပွဲကြီးကြောင့် တိုးတက်မှု၊ ပေါင်းသင်းဆက်ဆံမှုကို တိုးတက်စေပါသည်။ မိမိကုန်စည်များကို ကြော်ငြာနိုင်ခြင်း၊ ဖောက်သည်ရှာခြင်း ပြုနိုင်ပါသည်။ ပြည်သူများအတွက်လည်း ပညာရေးလေ့လာမှုကို ရရှိစေသကဲ့သို့ အတွေ့အကြုံကိုလည်းရရှိစေပါသည်။ လက်ခံကျင်းပသည့် နိုင်ငံအတွက်လည်း နိုင်ငံ၏ အမှတ်တံဆိပ်နှင့် ကုန်အမှတ်တံဆိပ်များကို ကြော်ငြာပြီးဖြစ်စေပါသည်။ ကုန်စည်ထုတ်လုပ်မှုနှင့် အရည်အသွေးကိုလည်း တိုးတက်လာစေပါသည်။ အတွေ့အကြုံကောင်းများနှင့် သွယ်ဝိုက်သည့်အကျိုးကျေးဇူးများရရှိစေပါသည်။ လာရောက်သူများအတွက် တည်းခိုရန်၊ စားသောက်ရန်၊ သွားလာရန် စသည့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း အကျိုးရှိစေပါသည်။ လာရောက်ပြသသူများအနေဖြင့်လည်း နိုင်ငံတကာအတွေ့အကြုံအမြင်များကို တစ်နေရာတည်းတွင်ရရှိခြင်း၊ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကိုလည်း ရရှိစေပါသည်။

## ဒေသထွက်ကုန်ပြပွဲများ၏ အကျိုးကျေးဇူးများ

နိုင်ငံတကာပြပွဲများသို့ အသေးစား၊ အလတ်စား စက်မှုလက်မှုထုတ်ကုန်လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်မှ အထောက်အပံ့မရှိလျှင် သွားရောက်ရန် မလွယ်ကူသဖြင့် ပြည်တွင်း ကုန်စည်ပြပွဲများကိုသာ အားထားနေရပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ထုတ်ကုန်အများစုသည် အသေးစား၊ အလတ်စား ထုတ်ကုန်များဖြစ်ပြီး ယင်းအထဲတွင် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းငယ်များပါ ပါဝင် ပါသည်။ အဆိုပါ Micro SME and SME လုပ်ငန်းများအနေဖြင့် ပြည်တွင်းကုန်စည်ပြပွဲများတွင် ဈေးမရောင်းရလျှင်ပင် လာရောက်ပြသနိုင်သည့်စရိတ်မရှိသည်ကို တွေ့နေရပါသည်။ အချို့သော လုပ်ငန်းငယ်များသည် အလားအလာကောင်းများ ရှိနေသော်လည်း၊ မိမိဘာသာ Promotion လုပ်နိုင်မှု အားနည်းသဖြင့် တိုးတက်မှု အလွန်နှေးကွေးသည်ကို တွေ့နေရပါသည်။ ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးမှ ဒေသထွက် ကုန်စည်ပြပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မြို့တော်များတွင် ကျင်းပပေးခြင်း၊ စီးပွားရေး အချက်အခြာကျသော မြို့များတွင် ကျင်းပပေးခြင်းဖြင့် အောက်ပါအကျိုးကျေးဇူးများကို ရရှိစေပါသည်-

(က) မိမိထွက်ကုန်များအပါအဝင် ဒေသထွက်ကုန်များကို Promotion လုပ်နိုင်ခြင်း၊

(ခ) ဒေသထွက်ကုန်များကို ပြသရင်း ဝယ်သူကိုရှာဖွေနိုင်သကဲ့သို့ အခြားပြိုင်ဘက် ထုတ်လုပ်သူများ၏ အခြေအနေကို လေ့လာပြီး မိမိကုန်စည်၏ အားနည်းချက်များကို ပြုပြင်နိုင်ခြင်း၊

(ဂ) မိမိကုန်စည်များကို ပို့ကုန်အတွက်ပါ ရည်ရွယ်ပြုပြင်ထုတ်လုပ်နိုင်ခြင်း၊ ပို့ကုန်ပိုင်းဆိုင်ရာ အတွေ့အကြုံများကို လေ့လာနိုင်ခြင်း၊

(ဃ) Business Matching မျိုးကို တစ်ပါတည်းဆောင်ရွက်နိုင်ခြင်း၊

(င) ဝင်ငွေရရှိသည့်နည်းလမ်းကိုတိုးချဲ့ရန်နှင့် ဈေးကွက်ချဲ့ထွင်ရန်၊

(စ) စွန့်စားရမှုကို လျှော့ချရန်နှင့် ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ရန်၊

(ဆ) စီးပွားရေး အတိုင်းအတာများ တိုးတက်အောင်မြင်စေရန်၊

(ဇ) ကုန်သွယ်မှု စွမ်းအားများကို အသုံးချနိုင်ရန်နှင့် ခြေချစရာမရှိအောင် ပြည့်ကျပ်နေသော ပြည်တွင်းဈေးကွက်အတွင်း တစ်နေရာတည်တံ့စေရန်၊

## ဈေးရောင်းပွဲမဟုတ်ပါ

မိမိတို့ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ကုန်စည်ပြပွဲများကိုဈေးရောင်းပွဲများကဲ့သို့ သဘောထားတတ်သည်ကို မကြာခဏတွေ့မြင်နေရပါသည်။ အခန်းငယ်များဖြင့် Product Show and Promotion လုပ်သည့်အခါတွင် ရောင်းရရေးကို ဦးတည်ပြီး ပြောလေ့ရှိသည်ကို တွေ့ရပါသည်။ ကုန်စည်ပြပွဲများမှာ မိမိ အခန်းငယ်လေးထဲတွင်ဈေးရောင်းရရေး တစ်ခုတည်းဟူသော ကျဉ်းမြောင်းသည့်အမြင်ဖြင့်မကြည့်ဘဲ ကုန်စည်ပြပွဲတစ်ခုလုံးတွင် လာရောက်သည့် အခြားကုန်စည်များ၏ ထုတ်လုပ်ပုံ၊ ဈေးကွက် မြှင့်တင်ပုံ၊ Logo and packaging မှအစ ကျန်အချက်အလက်များ၊ အရည်အသွေးကောင်းအောင်စီမံခန့်ခွဲပုံများကို လေ့လာခြင်း၊ တွဲလျက်ပါဝင်သော ဆွေးနွေးပွဲများတွင် တက်ရောက်ဆွေးနွေး နားထောင်ခြင်းဖြင့် ကုန်သွယ်မှုဆိုင်ရာ ဗဟုသုတများရရှိခြင်း၊ ပညာတိုးပွားခြင်း၊ ပြပွဲသို့လာရောက်လေ့လာသူများမှ ဝယ်သူများဖောက်သည်များရလာနိုင်ခြင်း စသည်တို့ကို ရည်ရွယ်ပါသည်။

ထို့အပြင် နိုင်ငံတကာသို့ တက်လှမ်းသည့်အခါ အဖိုးမဖြတ်နိုင်သည့် ကုန်စည်ပြပွဲဆိုင်ရာ အတွေ့အကြုံများ ရရှိလာစေပါသည်။ အဆက်အသွယ်များ၊ မိတ်ဆွေများရရှိလာစေပါသည်။ ဈေးရောင်းရန်အတွက် ကုန်စည်ပြပွဲများကို ဆောင်ရွက်ခြင်း မဟုတ်ပါကြောင်း တင်ပြရင်း ကုန်စည်ပြပွဲများ မည်သည့်အတွက်ကြောင့် ဆောင်ရွက်ကြရသည်ကို တင်ပြလိုက်ရပါသည်။

❑

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အရန်ပဲတန်ချိန်ငါးသိန်းအား ယခုဘဏ္ဍာနှစ်ကုန်အတွင်း အိန္ဒိယအစိုးရက အပြီးဖြန့်ဖြူးရောင်းချမည်

အရန် သိုလှောင်ထားသည့် ပဲတန်ချိန် ၁၈ သိန်းအား ဖြန့်ဖြူးရောင်းချရေးအတွက် အိန္ဒိယဝန်ကြီးချုပ်ဦးဆောင်သည့် စီးပွားရေးရာကက်ဘိနက်ကော်မတီ (CCEA) သည် ပြီးခဲ့သည့်ရက်သတ္တပတ်က ဆွေးနွေးမှုများပြုလုပ်ခဲ့ရာ ပဲနီကလေး(lentils)တန်ချိန်ငါးသိန်းခန့်အား ၂၀၁၈ ခုနှစ်၊ မတ်လ၌ အပြီးထုတ်ရောင်းရန် ဗဟိုအစိုးရအနေဖြင့် လျာထားသည်ဟု စားနပ်ရိက္ခာဝန်ကြီးဌာန အဆင့်မြင့်အရာရှိတစ်ဦးက နိုဝင်ဘာလ ၁၃ ရက်က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါဆွေးနွေးပွဲတွင် နေ့လယ်စာအစီအစဉ် (Midday Meal) ကဲ့သို့သော ဗဟိုအစိုးရက ဖော်ဆောင်နေသည့် အစီအစဉ်များနှင့် ပြည်နယ်အစိုးရများနှင့်နိုင်ငံပိုင်အဖွဲ့အစည်းများက ဖော်ဆောင်နေသည့် အစီအစဉ်များအတွက် အရန်သိုလှောင်ထားသည့် ပဲတချို့တစ်ဝက်အား ဖြန့်ဖြူးပေးရန် CCEA က အတည်ပြုခဲ့ကြောင်း၊ ယင်းအတည်ပြုချက်ကြောင့် ယခုဘဏ္ဍာနှစ်ကုန်တွင် ၎င်းတို့ သိုလှောင်ထားသည့် အရန်ပဲတန်ချိန် ၃ ဒသမ ၅ သိန်းမှ ငါးသိန်းထိ အနည်းဆုံးကုန်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင်အရန်ပဲများမှ အချို့အား သက်သာဆိုင်များမှတစ်ဆင့် ဖြန့်ဖြူးရောင်းချရန် ပြည်နယ်အစိုးရ အချို့ထံထောက်ပံ့ကြေး နှုန်းထားများဖြင့် ပေးပို့ထားပြီးလည်း ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ပဲလိုအပ်မှုအခြေအနေများအား ပေးပို့ရန်ကိုလည်း တောင်းခံထားကြောင်း၊ နိုင်ငံအတွင်းဖော်ဆောင်နေသည့် Midday Meal scheme တစ်ခုတည်းကပင် နှစ်စဉ် ပဲတန်ချိန်ငါးသိန်းခန့်လိုအပ်မည်ဖြစ်ကာ Aganwadis အစီအစဉ်အတွက်လည်း ပဲတန်ချိန် သုံးသိန်းခန့်နှစ်စဉ်လိုအပ်မည်ဟုခန့်မှန်းကြောင်း၊ သို့ဖြစ်၍ လာမည့်ဘဏ္ဍာနှစ်တွင် အဆိုပါအစီအစဉ်နှစ်ခုအတွက် အရန်ပဲများမှ တန်ချိန်ရှစ်သိန်းခန့်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ရာ လက်ရှိဖြစ်ပေါ်နေသည့် ဗဟိုအစိုးရ၏ ဝန်ထုပ်ဝန်ပိုးကိုလျော့နည်းသက်သာစေမည်ဟု ပြောကြားထားကြောင်း သိရှိရပါသည်။

လယ်သမားများအနေဖြင့် ၎င်းတို့၏ ထွက်ကုန်များအတွက် ဈေးကောင်းရရှိစေရန်နှင့် ပြည်တွင်းဈေးနှုန်းများမြင့်တက်လာချိန်တွင် ဈေးနှုန်းထိန်းညှိပေးနိုင်ရေးအတွက် အရန်ကုန်စည်များအား အသုံးပြုနိုင်ရန် ရည်ရွယ်ချက်တို့ဖြင့် အရန်ပဲများထားရှိရန် ပြီးခဲ့သည့်နှစ်တွင် အစိုးရကဆုံးဖြတ်ခဲ့ကာ အဆိုပါအရန်ပဲတန်ချိန်သိန်း၂၀ ခန့်အား ပြည်တွင်းမှဝယ်ယူခြင်း၊ ပြည်ပမှတင်သွင်းခြင်းတို့ဖြင့် ဖြည့်တင်းထားခဲ့ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# အိန္ဒိယနိုင်ငံ၌ ဧပြီလမှဇူလိုင်လအတွင်း ကြက်သွန်နီတင်ပို့မှုပမာဏ ၅၆ ရာခိုင်နှုန်းခန့်မြင့်တက်ခဲ့သော်လည်း လက်ရှိကာလတွင်ပြည်ပမှတင်သွင်းနေရ

လက်ရှိဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအတွင်း အိန္ဒိယနိုင်ငံ၏ ကြက်သွန်နီတင်ပို့မှုပမာဏမှာ တန်ချိန် ၁၂ ဒသမ ၂၉ သိန်းထိ ရှိလာခဲ့ပြီး ယခင်နှစ်ပမာဏ တန်ချိန်ထက် ၅၆ ရာခိုင်နှုန်းခန့်မြင့်တက်ခဲ့ကြောင်း၊ တန်ဖိုးအားဖြင့်မူ ယခင်နှစ်အလားတူကာလ၌ ကြက်သွန်နီပို့ကုန်တန်ဖိုး ရူပီး ၉၇၇ ဒသမ ၈၄ ကုဋေမှ ယခုနှစ်တွင် ရူပီး ၁၄၄၃ ဒသမ ၀၉ ကုဋေသို့ မြင့်တက်လာသည့်အတွက် ယခင်နှစ်ထက် ၄၇ ဒသမ ၆၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

သို့ရာတွင် လက်ရှိကာလ၌ အိန္ဒိယဈေးကွက်အတွင်း ကြက်သွန်နီလက်ကျန် နည်းပါးလာသည့်အတွက် လက်လီဈေးနှုန်းမှာ တစ်ကီလိုဂရမ် လျှင် ၆၅ ရူပီးမှ၇၀ ရူပီးအထိ မြင့်တက်လာခဲ့ပြီး နိုင်ငံအတွင်း ကြက်သွန်နီ လုံလောက်မှုရှိစေရန်နှင့် လက်လီဈေးနှုန်းများ အေးလာစေရန်အတွက် ပြည်ပမှ တင်သွင်းနေကြောင်း၊ ပြီးခဲ့သည့် ရက်သတ္တပတ်က နိုင်ငံပိုင်အစိုးရ အေဂျင်စီများအား အီဂျစ်နှင့် တရုတ်ကဲ့သို့သော နိုင်ငံများမှ ကြက်သွန်နီတင်သွင်းရန် အိန္ဒိယအစိုးရက ခွင့်ပြုပေးခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ် ဧပြီလမှ ဇူလိုင်လ အတွင်း အိန္ဒိယနိုင်ငံအနေဖြင့် ပြည်ပသို့ကြက်သွန်နီတင်ပို့မှု မြင့်မားလာရခြင်း၏အဓိကအကြောင်းအရင်းနှစ်ရပ်မှာ ကြက်သွန်နီ တင်ပို့မှုအတွက် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း (Minimum Export Price -MEP) သတ်မှတ်မှု မရှိတော့ခြင်းနှင့် ကမ္ဘာ့ကြက်သွန်နီဈေးနှုန်းများ ဆက်လက်မြင့်တက်နေခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ပြည်တွင်း၌ ကြက်သွန်နီဈေးနှုန်းများ သိသိသာသာ ကျဆင်းနေသည့် ယခုဘဏ္ဍာနှစ် ပထမလေးလပတ်အတွင်း ကြက်သွန်နီ ပြည်ပတင်ပို့မှု မြင့်တက်ခဲ့သောကြောင့် တောင်သူများအနေဖြင့် ၎င်းတို့၏ ထွက်ကုန်များအတွက် ဈေးကောင်းရရှိခဲ့ကြောင်း၊ သို့ရာတွင် လတ်တလောတွင်မူ ဈေးကွက်အတွင်း ကြက်သွန်လက်ကျန်လျော့နည်းလာသည့်အတွက် ပြည်တွင်းဈေးနှုန်းမြင့်တက်လာပြီး ပြည်ပတင်ပို့မှုလည်း နှေးကွေးလာသည်ဟု အိန္ဒိယအစိုးရပိုင် National Horticultural Research and Development Foundation (NHRDF) က ပြောကြားထားကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံအစိုးရသည် နိုင်ငံအတွင်း ဆန်၊ အာလူး၊ စားသုံးဆီ၊ ကြက်သွန်နီ စသည့် မရှိမဖြစ် ကုန်စည်များ၏ ပြည်ပတင်ပို့မှု ထိန်းညှိရန်နှင့် ဈေးနှုန်းထိန်းညှိရန်တို့အတွက် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း (Minimum Export Price-MEP) ကို အခါအားလျော်စွာ ထုတ်ပြန်သတ်မှတ်လေ့ရှိရာ ကြက်သွန်နီပို့ကုန်အပေါ် သတ်မှတ်ထားသည့် MEP ဈေးနှုန်းအား ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလက ဖျက်သိမ်းခဲ့ကြောင်း၊ ကြက်သွန်နီဈေး တက်ရိပ်ပြနေသည့်အတွက် MEP ဈေးနှုန်းပြန်လည်သတ်မှတ်ပေးရန် စားသုံးသူရေးရာဝန်ကြီးက ပြီးခဲ့သည့် ဩဂုတ်လတွင် အဆိုပြုထားသော်လည်း ယနေ့ထက်တိုင် ပြန်လည်သတ်မှတ်ခြင်း မရှိသေးကြောင်း သိရှိရပါသည်။

အိန္ဒိယ စားသုံးသူရေးရာဝန်ကြီးဌာန၏ အချက်အလက်များအရ ဒေလီမြို့တွင် ကြက်သွန်နီ တစ်ကီလိုဂရမ် ပျမ်းမျှဈေးနှုန်းမှာ ဧပြီလတွင် ၁၅ ရူပီးသာရှိရာမှ တဖြည်းဖြည်းမြင့်တက်လာခဲ့ပြီး ဇူလိုင်လတွင် ရူပီး ၃၀ မှ ၃၅ အကြား ရှိလာကြောင်း၊ အောက်တိုဘာလကုန်တွင် တစ်ကီလိုဂရမ် လျှင် ရူပီး ၅၀ ကျော်အထိ မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုင်းပြည်စီးပွားရေးကို မြှင့်တင်မည့် စီမံကိန်းများအတွက် ဘတ် ၁ ဒသမ ၅ ဘီလီယံသုံးစွဲရန် ထိုင်းနိုင်ငံ လျာထား

ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုင်းပြည်စီးပွား ရေးကို အထောက်အကူပြုမည့်စီမံကိန်းများ၌ ကျခံသုံးစွဲရန်အတွက် ဘတ် ၁ ဒသမ ၅ ဘီလီယံသုံးစွဲရန် လျာထားကြောင်း သိရှိရပါသည်။

ရှေ့လာမည့်ဘဏ္ဍာနှစ်အတွင်း သုံးစွဲမည့်အစိုးရရန်ပုံငွေများနှင့်ပတ်သက်၍ ကျွမ်းကျင်ပညာရှင်များနှင့် လိုအပ်သော ဆွေးနွေးတိုင်ပင်မှုများကို ဌာနတွင်း၌ ဆောင်ရွက်လျက်ရှိပြီး ဝန်ကြီး၏ အတည်ပြုချက်ဖြင့် အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြသွားမည် ဖြစ်ကြောင်း ထိုင်းနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောခွင့်ရပုဂ္ဂိုလ် Banjongjitt Angsusingh က ပြောကြားခဲ့ပါသည်။

ယခုအသုံးစရိတ်လျာထားငွေ ဘတ် ၁ ဒသမ ၅ ဘီလီယံသည် ထိုင်းနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအတွက် ခွင့်ပြုထားသည့် အစိုးရဘတ်ဂျက်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဒေသတွင်းစီးပွားရေးကို မြှင့်တင်ပေးမည့်စီမံကိန်းများတွင် အသုံးပြုမည်ဖြစ်ကြောင်း၊ ပြည်နယ်အသီးသီး၌ အကောင်အထည်ဖော်မည့်ဝန်ကြီးဌာန၏ စီမံကိန်းများအတွက် အဓိကထား၍ ကျခံသုံးစွဲမည်ဖြစ်ကြောင်း၊ အစိုးရ၏မူဝါဒများနှင့်အညီ ပြည်နယ်အလိုက် စီမံခန့်ခွဲမှုဖြင့် အကောင်အထည်ဖော်မည့် စီမံကိန်းများကို ငွေကြေးထောက်ပံ့ခြင်းဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအတွက် ခွင့်ပြုရန်ပုံငွေသည် ၂၀၁၈ ဘဏ္ဍာနှစ်တွင် ဘတ် ၈ ဒသမ ၇ ဘီလီယံခွင့်ပြုပေးခဲ့ပြီး ၂၀၁၉ ဘဏ္ဍာနှစ်အတွက် ဝန်ကြီးဌာန၏ ဘတ်ဂျက်ငွေစာရင်းကို ရေးဆွဲလျက်ရှိကြောင်း၊ အထူးသဖြင့် တောင်တန်းပြည်နယ်များ၏ စီးပွားရေးကို အထောက်အကူပြုမည့်စီမံကိန်းများ အတွက် သုံးစွဲခြင်း၊ စက်မှုကဏ္ဍမြှင့်တင်ရန်အတွက် သုံးစွဲခြင်း၊ စိုက်ပျိုးရေး ကဏ္ဍ၏ ကုန်ထုတ်စွမ်းအားမြှင့်တင်ပေးရန်သုံးစွဲခြင်း၊ SME လုပ်ငန်းများ၊ အထူးစီးပွားရေးဇုန်နှင့် အရှေ့ပိုင်း စီးပွားရေးစင်္ကြံကို မြှင့်တင်ပေးခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးစနစ်၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် E-commerceကို မြှင့်တင်ပေးခြင်းတို့၌ အလေးထားသုံးစွဲမည်ဖြစ်ကြောင်း၊ ယခု ဘတ် ၁ ဒသမ ၅ ဘီလီယံသုံးစွဲမည့် စီမံချက်မတိုင်မီကလည်း အစိုးရ၏သက်သာချောင်ချိရေးစီမံကိန်းကြောင့် ဈေးနှုန်းသက်သာသော လူသုံးကုန်ပစ္စည်းများ ရောင်းချမည့် အပြာရောင်ဈေးဆိုင်များကို ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ဝင်ငွေနည်းအိမ်ထောင်စုများအတွက် နေ့စဉ်ကုန်ကျစရိတ်ကို လျှော့ချပေးရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ထိုင်းနိုင်ငံတွင် Public-Private Partnership(PPP) စီမံကိန်းများကြောင့် ရင်းနှီးမြှုပ်နှံမှု မြင့်တက်လာ

ထိုင်းနိုင်ငံ အစိုးရအဖွဲ့၏ အောက်တိုဘာလ ၂၅ ရက် က ကျင်းပခဲ့သည့် အစည်းအဝေးတွင် (၁၂)ကြိမ်မြောက် အမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (၂၀၁၆-၂၀၂၀)အရ ငါးနှစ်အတွင်း အကောင်အထည်ဖော်မည့် PPP စီမံကိန်းများကို အတည်ပြုခဲ့ပါ သည်။

PPP စီမံကိန်းများတွင် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုသည့် စီမံကိန်းများနှင့် အစိုးရနှင့်ပုဂ္ဂလိက အကျိုးတူရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်မည့်စီမံကိန်းများဟူ၍ နှစ်မျိုးခွဲခြားထားပါသည်။

အစိုးရနှင့် ပုဂ္ဂလိက အကျိုးတူဆောင်ရွက်မည့် လုပ်ငန်းများတွင် မြို့ပြရထားပို့ဆောင်ရေးလုပ်ငန်း၊ ဆင်ခြေဖုံးမြို့နယ်များရှိ ရထားလမ်းများအတွက် တိုးလ်ဂိတ်စီမံကိန်းများဖြစ်ပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ဘတ် ၉၈၇ ဒသမ ၃၂ ဘီလီယံရှိပါသည်။ အစိုးရသည် ပုဂ္ဂလိက ကဏ္ဍရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ဆောင်ရွက်သည့်စီမံကိန်းများ၌ တယ်လီကွန်းကွန်ရက်၊ မြန်နှုန်းမြင့် အင်တာနက်၊ မြို့နယ်ချင်းဆက် အမြန်လမ်းမများ၊ အကြီးစားကွန်ဗင်းရှင်းစင်တာဖွံ့ဖြိုးတိုးတက်ရေး၊ တန်ဖိုးနည်းအိမ်ရာစီမံကိန်းတို့ဖြစ်ပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုဘတ် ၆၂၉ ဒသမ ၉၀ ဘီလီယံရှိပါသည်။

ယခင်က PPP စီမံကိန်းပေါင်း ၆၅ ခုကို အတည်ပြုထားခဲ့သော်လည်း ယခုအခါ ၅၅ ခုသို့လျှော့ချခဲ့ပါသည်။ သို့သော် ရင်းနှီးမြှုပ်နှံမှုပမာဏသည် ဘတ် ၁ ဒသမ ၄၁ ထရီလီယံမှ ဘတ် ၁ ဒသမ ၆၂ ထရီလီယံသို့ တိုးတက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

Vol: 17, No.46 Monday November 27 2017

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၇–၁၁–၂၀၁၇)

သန်းထိုက်အောင်

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်နေ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင် တစ်ပတ်က ပြောင်းတစ်ပိဿာကျပ်၄၅၀(တစ်တန်ကျပ် ၂၇၅၅၇၀) နဲ့ဈေးငြိမ်နေခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ၈၈၆၂၀၈၄ ပိဿာရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၈၃၁၀၉၁၇ ပိဿာရှိခဲ့ပြီး အရောင်းအဝယ် အနည်းငယ်ကျလာခဲ့ပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှမူဆယ်အထိ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာ ၃၀ကျပ်ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ ပြောင်းတစ်ပိဿာ ၃၇ ကျပ်အထိရှိခဲ့လို့ သယ်ယူပို့ဆောင်စရိတ် အနည်းငယ်တက်လာခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲဈေးငြိမ်နေပြီး ပဲစင်းငုံနီဈေး ပြန်တက်လာ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ မတ်ပဲဈေးငြိမ်နေပြီး ပဲစင်းငုံနီ ဈေးပြန်တက်လာကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ၈၂၅ကျပ်(တစ်တန် ကျပ် ၅၀၅၂၂၀) ဈေးရှိခဲ့ပြီး ယခုတစ်ပတ်မှာ အပြောင်းအလဲမရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို မြို့ခံဝယ်လက်တွေက ပုံမှန်ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ၅၀၅ကျပ်ဈေး ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ်၅၄၀ (တစ်တန်ကျပ် ၃၃၀၆၉၀) ထိ ဈေးပြန်တက်လာခဲ့ပြီး ပဲစင်းငုံနီကို မြို့ခံဝယ်လက်ကုန်သည်တွေက ပုံမှန်ဝယ်ယူခဲ့တာကြောင့် အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းလုံးကြီး တစ်ပိဿာ ၁၃၁၅ ကျပ် (တစ်တန် ကျပ် ၈၀၅၂၉၀)ရှိခဲ့သလို ယခုတစ်ပတ်မှာလည်း ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။ပဲတီစိမ်းလုံးကြီးကို မန္တလေးဝယ်လက်တွေက ဝယ်ယူချင်သော်လည်း နယ်အဝင်နည်းပြီး ကုန်ရှားနေတာကြောင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူတစ်ပိဿာ ၂၃၆၇ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၆၆၆ကျပ် (တစ်တန်ကျပ် ၁၆၃၂၆၃၀)နဲ့ ဈေးမြင့်နေခဲ့ပြီးမန္တလေးဝယ်လက်တွေက ပုံမှန်ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ လွန်ခဲ့တဲ့လပိုင်းကတည်းက အရောင်းအဝယ်သွက်နေခဲ့တဲ့ မြေပဲလုံးဆန်ကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ကျပ်၂၄၅၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ကျပ် ၂၅၀၀(တစ်တန် ကျပ် ၁၅၃၀၉၇၀)ထိဈေးမြင့်ခဲ့ပြီး အရောင်းအဝယ်လည်း သွက်ခဲ့ကြောင်း သိရ ပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီတို့ ဈေးတက်ခဲ့ပြီး ပဲတီစိမ်း(အညာရွှေဝါ)ဈေးပြန်ကျလာ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ပဲစင်း ငုံနီတို့ ဈေးတက်ခဲ့ပြီး ပဲတီစိမ်း(အညာရွှေဝါ)ကတော့ ဈေးအနည်းငယ်ကျလာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၈၃၃ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၈၅၀ (တစ်တန်ကျပ် ၅၂၀၅၃၀) ဈေးရှိခဲ့ပြီး ပုံမှန်ဝယ်လက် ဖြစ်တဲ့ မြို့ခံပဲခွဲစက်တွေက ဝယ်ယူမှုနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုလည်း နည်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၅၀၀ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၅၁၇ကျပ် (တစ်တန် ကျပ် ၃၁၆၆၀၀)နဲ့ ဈေးမြင့်နေခဲ့ပြီး နယ်ခံဝယ်လက်ကုန်သည်တွေက ဝယ်ယူမှုနည်းနေခဲ့လို့ အရောင်းအဝယ်ဖြစ်မှုလည်း နည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း (အညာရွှေဝါ)တစ်ပိဿာ ၁၅၂၉ကျပ်ရှိခဲ့ပေမယ့် ယခုတစ်ပတ် မှာတော့ တစ်ပိဿာ၁၅၁၁ကျပ် (တစ်တန် ကျပ် ၉၂၅၃၂၀)နဲ့ ဈေးအနည်းငယ်ကျလာခဲ့ပါတယ်။ ပဲတီစိမ်း (အညာ)ရွှေဝါကို တရုတ်ဝယ်လက်တွေက ပုံမှန်ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၇၇၈ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၃၁၁၁ကျပ် (တစ်တန် ၁၉၀၅၁၄၀) နဲ့ ဈေးပြန်တက်ခဲ့ပြီး တစ်ရက်လျှင် အိတ် ၉၀၀ခန့် အရောင်းအဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က နှမ်းဖြူ တစ်ပိဿာ၂၃၃၃ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၄၄၄ကျပ် (တစ်တန်ကျပ် ၁၄၉၆၈၈၀) အထိ ဈေးအနည်းငယ် တက်ခဲ့ပေမယ့် တရုတ်ဝယ်လက်တွေက ဝယ်ယူမှုနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ တရုတ်ဝယ်လက်တွေနဲ့ အစာစပ်လုပ်ငန်းရှင်တွေက ပုံမှန်ဝယ်ယူနေတဲ့ အစေ့ထုတ်ပြောင်းလည်း ယခင်တစ်ပတ်က တစ်ပိဿာ၄၁၇ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၄၃၅ကျပ် (တစ်တန် ကျပ် ၂၆၆၃၈၀)နဲ့ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီဈေးတက်ခဲ့ပြီး ကုလားပဲဟော်လန်ဈေးကျ

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီ ဈေးတက်လာခဲ့ပြီး ကုလားပဲဟော်လန်ကတော့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ၅၀၅ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ် မှာ တစ်ပိဿာ ၅၂၅ကျပ် (တစ်တန်ကျပ် ၃၂၁၅၀၀) အထိ ဈေးတက်ခဲ့ကြောင်းသိရပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်တွေက ပုံမှန်ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဟော်လန် တစ်ပိဿာ ၂၀၅၀ ကျပ်ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၆၈၄ ကျပ်အထိ ဈေးကျခဲ့ပြီး မြို့ခံဝယ်လက်တွေက ပုံမှန်ဝယ်ယူနေကြလို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ထို့ပြင် ယခင်တစ်ပတ်က တစ်ပိဿာ ၂၁၅၅ကျပ်ဈေးရှိခဲ့တဲ့ ကုလားပဲဖြူလုံးကြီးကလည်း ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၈၉၅ ကျပ်အထိ ဈေးကျခဲ့ကြောင်းသိရပါတယ်။ ဒါပေမယ့် ရန်ကုန်ဝယ်လက်တွေက ကုလားပဲဖြူလုံးကြီးကို ပုံမှန်ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေးကျနေခဲ့ပြီး ကုလားပဲဟော်လန် ဈေးတက်ခဲ့

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေးကျနေခဲ့ပြီး ကုလားပဲဟော်လန်ကတော့ ဈေးပြန်တက်လာခဲ့ ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ၁၄၈၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၄၃၅ကျပ် (တစ်တန်ကျပ် ၈၇၈၇၇၀) အထိဈေးကျခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကို မန္တလေးဝယ်လက်က ဝယ်ယူကြသလို အရောင်းသမားတွေကလည်း ကြိုက်ဈေးဖြစ်ခဲ့တာကြောင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ယခင်တစ်ပတ်က ကုလားပဲဟော်လန် တစ်ပိဿာ၂၂၀၀ကျပ် ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၂၂၅ကျပ် (တစ်တန်ကျပ် ၁၃၆၂၅၆၀)နဲ့ ဈေးမြင့်နေခဲ့သော်လည်း ကုန်အဝင်နည်းနေလို့ အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ဈေးကွက်ထဲမှာ လက်ကျန်မရှိတော့ဘူးလို့ သိရပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုး တစ်ပိဿာ ၂၁၃၅ကျပ်ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၂၂၂၂ကျပ် (တစ်တန် ကျပ် ၁၃၆၀၇၃၀)နဲ့ ဈေးမြင့်နေခဲ့ပြီး မန္တလေးဝယ်လက်က ဝယ်ယူခဲ့လို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းနီကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၂၁၈၀ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၂၂၂၂ကျပ် (တစ်တန် ကျပ် ၁၃၆၀၇၃၀)ထိဈေးရှိခဲ့ပြီး မြို့ခံဆီစက်များက ပုံမှန်ဝယ်ယူခဲ့လို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၇၁၀ဈေးရှိနေခဲ့တဲ့ သိပ္ပံနှမ်းနက်ကတော့ အခုတစ်ပတ်မှာ ဈေးပြန်တက်ခဲ့သလို တစ်ပိဿာ ၂၉၃၃ကျပ် (တစ်တန် ကျပ် ၁၇၉၆၁၃၀) ရှိခဲ့ကြောင်း သိရပါတယ်။ သိပ္ပံနှမ်းနက်ကို မန္တလေးဝယ်လက်ကဝယ်ယူမှုနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ် အနည်းငယ်ပြန်ကျ

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ်အနည်းငယ်ပြန်ကျလာကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်း ၅၀ ကီလိုဂရမ် တစ်အိတ်ကို မြန်မာဘက်ကမ်းတွင် ၇၅ ယွမ်မှ ရွှေလီဘက်ကမ်းတွင် ၈၂ယွမ်နဲ့ ယခင်တစ်ပတ်က ဈေးအတိုင်း အပြောင်းအလဲမရှိဘူးလို့ သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ကတော့ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်း တန်ချိန် ၅၁၇၅၄တန် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တန်ချိန် ၃၉၉၈၆တန်အထိသာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ငွေလဲနှုန်းအနေအထားကတော့ တစ်ယွမ်ကို မြန်မာငွေ ၂၀၄ကျပ်အထိပေါက်ဈေးရှိခဲ့ပြီး ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ရင်တော့ အတက်အကျမရှိကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ပဲဈေးကွက်မှာ မတ်ပဲ FAQ (RC)နဲ့ ပဲစင်းငုံနီ ဈေးပြန်တက်လာ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲFAQ (RC) နဲ့ ပဲစင်းငုံနီတို့ ဈေးပြန်တက်လာခဲ့ပြီး မတ်ပဲ SQ(RC) ကတော့ ယခင်တစ်ပတ်ကအတိုင်း အတက်အကျမရှိဘဲ ဈေးငြိမ်နေခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ (RC) တစ်တန် ကျပ် ၄၇၉၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၄၈၅၀၀၀အထိ၊ ပဲစင်းငုံနီသီးနှံကလည်း ယခင်တစ်ပတ်က တစ်တန် ကျပ် ၃၃၀၅၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၃၃၈၅၀၀နဲ့ ဈေးပြန်မြင့်တက်လာခဲ့ကြောင်း သိရပါတယ်။ မတ်ပဲ SQ(RC) ကတော့ တစ်တန် ကျပ်၆၆၅၀၀၀ နဲ့ ယခင်တစ်ပတ်ကဈေးအတိုင်း အတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ မတ်ပဲ FAQ (RC) တစ်တန်ကို ကျပ် ၆၀၀၀၊ ပဲစင်းငုံနီ တစ်တန်ကို ကျပ် ၈၀၀၀ စသည်ဖြင့် ဈေးမြင့်တက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

စာမျက်နှာ (၈ )မှ ➤➤➤ ရော်ဘာနဲ့ ဒေသထွက်ကုန် များ အရည်အသွေးကောင်းမွန်ပြီး . . . . ➤➤➤ မှ အဆက်

ခြင်း၊ နည်းပညာအားနည်းခြင်း၊ ခေတ်မီစိုက်ပျိုးရေးစနစ်များကို မကျင့်သုံးခြင်းတို့ကြောင့် ဖြစ်ရတယ်လို့ သုံးသပ်မိပါတယ်။

ထိုင်းနိုင်ငံ၊ မဲဆောက်မှတစ်ဆင့် သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်များကို မြန်မာနိုင်ငံတွင်းသို့ တင်သွင်းလျက်ရှိရာမှာ ၁၀ ဘီးကားကြီးများနဲ့ နေ့စဉ် ကားခြောက်စီးမှ ၁၀ စီးအထိ မြဝတီသို့ ဝင်ရောက်လျက်ရှိတယ်လို့ ဆိုပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဟာ ကရင်ပြည်နယ်ဒေသ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ကရင်ပြည်နယ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာစေဖို့ နိုဝင်ဘာလ ၂၄ ရက်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့တယ်လို့ သိရပါတယ်။

ဒါကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင် ရောက်လာတာနဲ့အမျှ ကရင်ပြည်နယ်သာမက ၎င်းနဲ့ထိစပ်နေတဲ့ မွန်ပြည်နယ်မှာပါ ဒေသဖွံ့ဖြိုးမှု အသီးအပွင့်များကို ရရှိခံစားရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဒေသထွက်ကုန်များကို စိတ်ဝင်စားကြတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကြောင့် ပြည်ပပို့ကုန်များလည်း တိုးတက်ရရှိလာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

# ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာစေ့စပ်ညှိနှိုင်းခြင်းမဟာဗျူဟာနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် e-commerce ဆိုင်ရာ စေ့စပ်ညှိနှိုင်းခြင်း မဟာဗျူဟာနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲများကို နေပြည်တော်တွင်ကျင်းပ



ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာအခြေစိုက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအား နည်းပညာအကူအညီပေးလျက်ရှိသော IDEAS Center နှင့် ကုန်သွယ်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်မှ ၁၇ ရက်အထိ နေပြည်တော်ရှိ Park Royal Hotel ၌ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခဲ့ရာ အလုပ်ရုံဆွေးနွေးပွဲ၏ ပထမနေ့အဖြစ် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်တွင် ဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းခြင်း မဟာဗျူဟာနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းနှင့် IDEAS Center မှ Mr. Clemens Boorekamp တို့က အဖွင့်အမှာစကားများ အသီးသီး ပြောကြားခဲ့ပါတယ်။

ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယခုအလုပ်ရုံဆွေးနွေးပွဲများသည် အာဆီယံ၏ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံ သုံးနိုင်ငံတို့က စိုက်ပျိုးရေး၊ ဝန်ဆောင်မှု၊ ကုန်သွယ်ရေးနှင့် အီလက်ထရောနစ်စနစ် အသုံးပြု ကုန်သွယ်ရေး နယ်ပယ် သုံးခုအတွက်စေ့စပ်ညှိနှိုင်းမှုများပြုလုပ်ရာ၌ ဘုံမဟာဗျူဟာ (Common Strategy) အဖြစ် အသုံးပြုနိုင်မည့် မူဝါဒများအား လာရောက်ဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲများ ဖြစ်ကြောင်း၊ ဆွေးနွေးပွဲများမှ ရရှိလာမည့်ရလဒ် အကြံပြုချက်များ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် အချက်များနှင့် သဘောထားအမြင်များကို ဒီဇင်ဘာလအတွင်း အာဂျင်တီးနားနိုင်ငံတွင် ကျင်းပမည့် (၁၁)ကြိမ်မြောက် ဝန်ကြီးများအဆင့် ညီလာခံအစည်းအဝေး၏ ဆွေးနွေးပွဲများတွင် ထည့်သွင်းဆွေးနွေးနိုင်မည့် ဖြည့်စွက်ချက်များ ဖြစ်လာနိုင်ရန် မျှော်လင့်ကြောင်း ပြောကြားခဲ့ပါတယ်။

အလုပ်ရုံဆွေးနွေးပွဲ၏ ဒုတိယနေ့ဖြစ်သည့် နိုဝင်ဘာ ၇ ရက်တွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် e-commerce စေ့ စပ်ညှိနှိုင်းမှုများဆိုင်ရာ မဟာဗျူဟာနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ပြီး အစည်းအဝေးသို့ ကုန်သွယ်မှုနှင့် ဆက်စပ်သည့်ဌာနများမှ ကိုယ်စားလှယ် ၇၀ ဦးခန့် တက်ရောက်ခဲ့ပါတယ်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးမှုအနည်းဆုံး အဖွဲ့ဝင်များဖြစ်သည့်အတွက် ဖွံ့ဖြိုးပြီးနိုင်ငံများက ပေးအပ်ထားသော ကုန်သွယ်မှုဆိုင်ရာ အခွင့်အရေးများကို အကျိုးရှိရှိ အသုံးချရမည့်အပြင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စေ့စပ်ညှိနှိုင်းဆွေးနွေးပွဲများ၌ ပါဝင်လာနိုင်ရေးကိုလည်း စိတ်ပါဝင်စားရမည်ဖြစ်ကြောင်း၊ နိုင်ငံတွင်းရှိ လယ်ယာစိုက်ပျိုးရေးကဏ္ဍဆိုင်ရာဥပဒေ၊ စည်းမျဉ်းများ အပါအဝင် သတ်မှတ် လုပ်ထုံးလုပ်နည်းများ၊ အစိုးရဘက်မှ အထောက်အပံ့ပေး ဆောင်ရွက်ထားရှိမှုများကို ကုန်သွယ်ဖက် အဖွဲ့ဝင်နိုင်ငံများအကြား ပွင့်လင်းမြင်သာရှိစေရေးအတွက် WTO သို့ အသိပေးအကြောင်းကြားသင့်ကြောင်း၊ e-commerce နှင့် ဝန်ဆောင်မှုကုန်သွယ်ရေးတို့၏ အရေးပါမှု၊ ဥပဒေ၊ စည်းမျဉ်းများချမှတ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အခြေအနေအရပ်ရပ်တို့ကိုလည်း အလေးထားသင့်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါတယ်။

ဩစတြေးလျအစိုးရ၏ အထောက်အပံ့ဖြင့် ယခုကဲ့သို့ ဆွေးနွေးပွဲများကျင်းပခြင်းသည် ကုန်သွယ်မှုဆိုင်ရာမူဝါဒနှင့် စေ့စပ်ဆွေးနွေးရေး နယ်ပယ်များတွင် ထိရောက်သော မူဝါဒများချမှတ်နိုင်ရေးအတွက် များစွာအထောက်အပံ့ ဖြစ်စေသည့်အပြင် တက်ရောက်လာကြသည့် အစိုးရဌာနများမှ တာဝန်ရှိသူများအနေဖြင့်လည်း e-commerce နှင့် ဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရှေ့ဆက်ဆောင်ရွက်သင့်သည့် လမ်းစဉ်များကိုပါ သိရှိနားလည်လာစေသည့်အတွက် များစွာ အကျိုးကျေးဇူးရရှိခဲ့ပါတယ်။

**မွန်မွန်စော (WTO)**

# အကြိမ်(၂၀)မြောက် အာဆီယံယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ (AEGC) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအားမြန်မာနိုင်ငံမှ အလှည့်ကျဥက္ကဋ္ဌနှင့် အိမ်ရှင်နိုင်ငံအဖြစ် ဒုတိယအကြိမ်လက်ခံကျင်းပ



အကြိမ်(၂၀)မြောက် အာဆီယံယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့(AEGC) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ပုဂံမြို့ ရှိပုဂံဟိုတယ်တွင် နိုဝင်ဘာ ၂၀ ရက်မှ ၂၃ ရက်အထိ လေးရက်ကြာ ကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေးကို နိုဝင်ဘာလ ၂၀ ရက်တွင် ပုဂံဟိုတယ်၊ သစ္စာဝတီခန်းမ၌ စတင်ကျင်းပခဲ့ရာ အာဆီယံယှဉ်ပြိုင်မှုဆိုင်ရာကျွမ်းကျင်သူများအဖွဲ့ အလှည့်ကျ ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မင်းသိုက်က ဆောင်ရွက်ပြီး ဥက္ကဋ္ဌနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဌာနမှူး Ms. Yap Lai Peng တို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ပါသည်။

အာဆီယံယှဉ်ပြိုင်မှုဆိုင်ရာကျွမ်းကျင်သူများအဖွဲ့ကို ၂၀၀၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၀၈ ခုနှစ်မှစ၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အိမ်ရှင်နိုင်ငံနှင့် ဥက္ကဋ္ဌအဖြစ် အလှည့်ကျတာဝန်ယူလာခဲ့ရာ ၂၀၁၇ ခုနှစ်တွင် အာဆီယံယှဉ်ပြိုင်မှုဆိုင်ရာကျွမ်းကျင်သူများအဖွဲ့ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံကတာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး (၁၉)ကြိမ်မြောက်အာဆီယံယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကိုရန်ကုန်မြို့ရှိ ချက်ထရီယံဟိုတယ်တွင် ဧပြီလ ၃ ရက်မှ ၆ ရက်အထိ လည်းကောင်း၊ အကြိမ် (၂၀) မြောက် အာဆီယံယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို နိုဝင်ဘာလ ၂၀ ရက်မှ ၂၄ ရက်အထိ လည်းကောင်း အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်ပါသည်။

အကြိမ် (၂၀) မြောက် အာဆီယံယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့(AEGC) အစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကိုကျင်းပရာတွင် အကြိမ် (၂၀) မြောက်အာဆီယံယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့အစည်းအဝေးကို နိုဝင်ဘာလ ၂၀ ရက်မှ ၂၂ ရက်အထိ လည်းကောင်း၊ (၁၁)ကြိမ်မြောက် စီမံကိန်းထိန်းကျောင်းရေးကော်မတီ အစည်းအဝေးနှင့် (၇)ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ-နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသကော်မတီ အစည်းအဝေးကို နိုဝင်ဘာ ၂၃ ရက်တွင်လည်းကောင်း အသီးသီး ကျင်းပခဲ့ရာ အာဆီယံ(၁၀)နိုင်ငံမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှတာဝန်ခံများ၊ GIZ မှတာဝန်ရှိသူများ၊ အာဆီယံ-ဩစတြေးလျ-နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသကော်မတီမှ တာဝန်ရှိသူများ ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ အကြိမ်(၂၀)မြောက် အစည်းအဝေး၌ အာဆီယံနိုင်ငံများမှ ယှဉ်ပြိုင်မှုဆိုင်ရာ ဆောင်ရွက်မှုများနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များ၊ အာဆီယံ ယှဉ်ပြိုင်မှုလုပ်ငန်း အစီအစဉ်များ(ACAP2025)နှင့် ယှဉ်ပြိုင်မှုဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည် တိုင်းတာမှု ညွှန်းကိန်းများ (KPIs)၊ စောင့်ကြည့်အကဲဖြတ်မှုနှင့် မဟာဗျူဟာလုပ်ငန်းအစီအစဉ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ယှဉ်ပြိုင်မှုအေဂျင်စီများ၏ စွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ်များ၊ ယှဉ်ပြိုင်မှုမူဝါဒနှင့်ဥပဒေဆိုင်ရာ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ အာဆီယံဒေသအတွင်း ယှဉ်ပြိုင်မှုဆိုင်ရာ နားလည်သဘောပေါက်မှု တိုးတက်စေရေး အစီအစဉ်များ အစရှိသည့် မဟာဗျူဟာမြောက် ရည်မှန်းချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးစတင်သည့် နိုဝင်ဘာလ ၂၀ ရက်ညပိုင်းတွင် တက်ရောက်လာကြသော အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များအား ကြိုဆိုသည့် ညစာစားပွဲကို ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ပုဂံဟိုတယ်မြက်ခင်းပြင်၌ကျင်းပခဲ့ရာ မြန်မာ့ရိုးရာအကအလှများဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ပါသည်။

လာမည့်၂၀၁၈ ခုနှစ်တွင် ကျင်းပမည့် (၂၁) ကြိမ်မြောက်နှင့် (၂၂) ကြိမ်မြောက် အာဆီယံယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ (AEGC) အစည်းအဝေးများနှင့် ဆက်စပ် အစည်းအဝေးများကို စင်ကာပူနိုင်ငံက အိမ်ရှင်နိုင်ငံနှင့် အာဆီယံ အလှည့်ကျဥက္ကဋ္ဌတို့အဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**ဝေရည်ကျော်(ယှဉ်ပြိုင်မှု)**

## ပရဆေးကုန်ကြမ်း လျော့နည်းတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၀၁ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် (၁၁) မျိုး၊ တန်ချိန်အားဖြင့် ၃၄၆ တန်ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၄၄၄ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၉၈ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ ဆီးဆန်၊ နန္နွင်းတက်၊ တောချင်း၊ တောဂျုံးမြစ်၊ တောင်လုံးကျော်၊ ဒရင်ကောက်မြစ်၊ ဝဥခြောက်နဲ့ ချဉ်ပေါင်ဖာလာ (အခွံပါ) တို့ဖြစ်ပါတယ်။

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၉ သန်း တန်ဖိုးရှိ တောင်လုံးကျော် တန်ဝက်ကျော်ကို မြန်မာနိုင်ငံသို့ တင်သွင်းခဲ့ပါတယ်။ ယခုတစ်ပတ် တမူးကုန်သွယ်ရေးစခန်းမှ တောင်လုံးကျော် တင်သွင်းမှုမရှိခဲ့တာ တွေ့ရပါတယ်။

**မော်မော်အောင်**

## တရုတ်နိုင်ငံသို့ သကြားပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းနှစ်ခုမှ နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၇၇၆ သန်းတန်ဖိုးရှိ Re-export သကြား တန်ချိန် ၁၅၀၄၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ တန် ၁၃၀၄၀ ကျော်နဲ့ ချင်းရွှေဟော်မှ တန် ၂၀၀၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းနှစ်ခုပေါင်းမှ သကြား ၁၁၀၇၂ တန်ကျော်တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ၃၉၆၇ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ သကြားတစ်တန်ကို ကျပ် ၇၉၉၈၂၀ ဈေးရှိပြီး တစ်ဖက်နိုင်ငံ ဝယ်ဈေးကတော့ ယွမ် ၃၉၄၀ ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ပြည်တွင်းသို့ ဆိုင်ကယ်များပိုမိုဝင်ရောက်

ကုန်သွယ်ရေးစခန်းများမှ နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၆၅ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၈၅၆၄ စီးကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၇၆၄၂ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၉၂၂ စီး ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းနဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းတို့မှ ဆိုင်ကယ်များ လျော့နည်းတင်သွင်းခဲ့သော်လည်း မူဆယ်ကုန်သွယ်ရေးဇုန်၊ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်း၊ မြဝတီကုန်သွယ်ရေးဇုန်တို့မှ ဆိုင်ကယ်များ ပိုမိုတင်သွင်းခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။ တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၃၄ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၇၁၇၄ စီး၊ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၃၆ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၃၀ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၉၅ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၂၆၀ စီးတင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## အိန္ဒိယနယ်စပ်မှ ကွမ်းသီးပိုမိုတင်ပို့

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃၆ သန်းတန်ဖိုးရှိ ကွမ်းသီး ၁၂၀၄ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၁၁၉ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈၅ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းရော ရိဒ်ကုန်သွယ်ရေးစခန်းပါ ပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။ ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၇ သန်းတန်ဖိုးရှိ ဆေးမှုန့်၊ ဆေးရိုး၊ မဝတ်တီရှပ်၊ စားသောက်ကုန်၊ မစီးဖိနပ်တို့ကို တန် ၂၅၀ နဲ့ တမူး ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၁၇ သန်းတန်ဖိုးရှိ နန့်ဖာလုံကုန်စုံ၊ ငရုတ်ကောင်း၊ ဘိလပ်မြေ၊ စီးကရက် တို့ကို ၁၅၃ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## တရုတ်နိုင်ငံသို့ ဝဥခြောက်ပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ သုညဒသမ ၀၂၆ သန်းတန် ဖိုးရှိ ဝဥခြောက် ၁၄ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကလည်း ၁၂ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် တရုတ်နိုင်ငံသို့ ဝဥခြောက် ပုံမှန်တင်ပို့နေတာ တွေ့ရပါတယ်။ အလားတူ ချင်းရွှေဟော်ကုန်သွယ်ရေး စခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၂၅၈၀၀ တန်ဖိုးရှိ ဝဥခြောက် ၆၈ တန် တင်ပို့ခဲ့ပါတယ်။ ဝဥခြောက် တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေး (ငွေလဲနှုန်း အရ) ကျပ်သိန်း ၂၀ ကျော်ရှိတယ်လို့ သိရပါတယ်။

အလေ့ကျပေါက်တဲ့ ဝဥပင်တွေဟာ နတ်တော်၊ ပြာသိုလမှာ ဖြိုင်ဖြိုင်ပေါ်ပြီး ဝဥအစိုကို သေချာလှီးကာ နေပူနှစ်ရက်လှန်းရကြောင်း၊ ထို့နောက် ပေါင်းခံ၍ အခြောက်ပြုလုပ်ပြီး ဈေးကွက်မှာ ရောင်းချရကြောင်း ဝဥ စိုက်တောင်သူတစ်ဦးထံမှ သိရပါတယ်။

**မော်မော်အောင်**

## မြန်မာ-ထိုင်းနယ်စပ်မှ ရေထွက်ကုန်များ ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ နိုဝင်ဘာ ၁၁ရက်မှ ၁၇ရက်ထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၅၂ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၇၄၇၆ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၅၁၃၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၃၄၆ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန် လျော့နည်းတင်ပို့ခဲ့သော်လည်း မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းတို့မှ ရေထွက်ကုန်များ ပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။ တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၂၅၅ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်းတို့ကို ၂၃၆ တန်၊ မြိတ်ကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ဝ၇၆ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးမှုန့်၊ ကင်းမွန်၊ မွေးပုစွန်၊ သဲကဏန်းတို့ကို တန် ၁၈၃၀ နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၂၁ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ကဏန်း၊ ပုစွန်၊ အခြားရေထွက် ရေဘဝဲ၊ ပင်လယ်ငါးရှဉ့်တို့ကို ၅၄၀၉ တန်တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## မြန်မာနိုင်ငံမှ တင်ပို့သည့် ဖရဲသီး၊ သခွားသီးများအား တစ်ဖက်နိုင်ငံမှဝယ်လက်များက အခွန်ပေးဆောင်လျက်ရှိသဖြင့် မြန်မာ့ဖရဲတင်ပို့သူများ အကျိုးအမြတ်ရရှိနေ

မြန်မာနိုင်ငံမှ တင်ပို့နေသည့် ဖရဲသီး၊ သခွားမွှေးသီးတင်ယာဉ်များသည် ကျိန်စမ်းကျော့ နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံ၊ ဝမ်တိန်ကွင်းအတွင်းသို့ ဝင်ရောက်ပြီး တရုတ်သစ်သီးတင်ယာဉ်များနှင့် ယာဉ်ချိန်းပြောင်းတင်ဆောင်ရာတွင် တရုတ်အကောက်ခွန်ဌာနမှ ဖရဲသီးတစ်တန်လျှင်ယွမ် ၁၁၀၊ သခွားမွှေးသီးတစ်တန်လျှင်ယွမ်၁၆၀၊ ပိုးမွှားစစ်ဆေးရေးဌာနမှ မြန်မာကားတစ်စီးလျှင်ပိုးမွှားစစ်ဆေးရေးခအဖြစ် ယွမ် ၁၀၀၊ ယာဉ်ပြောင်းအလုပ်သမားခအနေဖြင့် ကားတစ်စီးလျှင် ဂျပ်ဖာထည့်အသီး ယွမ် ၅၀၊ ရိုးရိုးဝမ်းပုံအသီးယွမ် ၃၀၊ တရုတ်ပြည်တွင်းကုန်သည်အစား ဝယ်ယူပေးသောသစ်သီးကွင်း အဝယ်တော်အားပွဲခအနေဖြင့် ကားတစ်စီးလျှင်ယွမ် ၇၀၊ တရုတ်တွဲကား တစ်စီးသည် ဝမ်တိန်ကွင်းမှပြည်တွင်းသို့ ယာဉ်ပြောင်းသယ်ဆောင်ရာတွင် ကားဘော်ဒီဘေးဘယ်ညာအောက်အခင်းအတွက် ကတ်ထူအသုံးပြုပါက ကတ်ထူဖိုးယွမ် ၃၆၀ နှင့် ကောက်ရိုးအသုံးပြုပါက ကောက်ရိုးဖိုး၂၆၄ ယွမ် နှုန်းထားများအတိုင်း ကုန်ကျမည်ဖြစ်ပြီး ကုန်ကျစရိတ်အားလုံးကို တရုတ်ကုန်သည်မှကျခံပေးကြောင်း၊ ဝမ်တိန်ကွင်းဝင်းအတွင်း ကတ္တားတက်ခအနေဖြင့် ယာဉ်သေး ၁၀ ယွမ်၊ ယာဉ်ကြီး ၁၅ ယွမ်ကိုသာ မြန်မာဘက် ကားသမားက ကျခံရကြောင်းနှင့် နိုဝင်ဘာလဆန်းမှ စတင်ကောက်ခံနေပြီဖြစ်ကြောင်း သစ်သီးဝလံကုန်သည် လုပ်ငန်းရှင်များထံမှ စုံစမ်းသိရှိရပါသည်။

ဖရဲစိုက်တောင်သူများ အနေဖြင့် ဖရဲသီး တစ်တန်လျှင် ကုန်ကျစရိတ် အနိမ့်ဈေး ၂၇၅၇၅၆ ကျပ် ဖြစ်ပြီးတစ်ဘက်နိုင်ငံဝယ်လက်ထံ ရောင်းချဈေး ဖရဲသီးတစ်တန်လျှင် အနိမ့်ဈေးယွမ် ၁၅၀၀၊ ကျပ် ၃၀၆၀၀၀ ရရှိသဖြင့် ဖရဲသီး တစ်တန်လျှင် အမြတ်ငွေ ၃၀၂၄၄ ကျပ်ရရှိကြောင်း၊ ဖရဲသီးတစ်တန်လျှင် ကုန်ကျစရိတ်အမြင့်ဈေး ၂၉၄၁၁၆ ကျပ်ဖြစ်ပြီး တစ်ဖက်နိုင်ငံဝယ်လက်ထံ ရောင်းချဈေး ဖရဲသီးတစ်တန်လျှင်အမြင့်ဈေးယွမ် ၃၃၀၀၊ ကျပ် ၆၇၃၂၀၀ ရရှိသဖြင့် ဖရဲသီးတစ်တန်လျှင် အမြတ်ငွေ ၃၇၉၀၈၄ ကျပ်ရရှိကြောင်း သိရှိရပါသည်။

ယခုနှစ် လက်ရှိအခြေအနေတွင် မြန်မာ့ဖရဲ တင်ပို့သူများအနေဖြင့် အမြတ်အစွန်းများ ရရှိနေပြီး တရုတ်နိုင်ငံ၊ ဝမ်တိန်ကွင်းတွင် ကောက်ခံနေသော ကုန်ကျစရိတ်များကို တစ်ဘက်နိုင်ငံဝယ်လက်များမှ ကျခံနေကြောင်း သတင်းရရှိပါသည်။ **ရာမညသားလေး**

## ဒေးဒရဲမြို့နယ်တွင် ကောက်စောစပါးများရိတ်သိမ်းလျက်ရှိပြီး ယခင်နှစ်ကထက် အထွက်နှုန်းကောင်း၍ဈေးပိုရ

ဒေးဒရဲမြို့နယ်တွင် ကောက်စောစပါးများ ရိတ်သိမ်းနေပြီဖြစ်ရာ ယခင်ကထက် အထွက်နှုန်းကောင်းသဖြင့် တောင်သူများ တွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် ယခုနှစ်တွင် စပါးသစ်ပေါ်စမှာပင် ဈေးကောင်းရနေကြောင်း သိရသည်။

ဒေးဒရဲမြို့နယ် ကုန်းတန်းကျေးရွာမှ တောင်သူဦးခင်မောင်သိန်း၏ မိုးစပါး ပေါ်ဆန်း ၁၆ ဧကနှင့် ဧည့်မထ(ဆင်းသုခ) လေးဧက၊ စုစုပေါင်းဧက ၂၀ အား ရိတ်သိမ်းခြွေလှေ့စက်ကြီးဖြင့် ရိတ်သိမ်းရာတစ်ဧကလျှင် ရိတ်သိမ်းခအဖြစ် ကျပ် ၅၀၀၀၀ ပေးရကြောင်း သိရသည်။ ပေါ်ဆန်းတစ်ဧကအထွက်နှုန်းမှာစပါး အစို တင်း ၆၀ခန့် ထွက်ရှိပြီး ကွင်းပေါက်ဈေးစပါးတင်း ၁၀၀လျှင်ကျပ် ၈၀၀၀၀၀ ဈေး ရရှိသည်။ ဆင်းသုခတစ်ဧက အထွက်နှုန်းမှာ စပါးအစို ၇၅ တင်းမှ တင်း ၈၀ နှုန်းထွက်ရှိပြီး ကွင်းပေါက်ဈေးမှာကျပ် ၆၀၀၀၀၀ ဈေးရရှိကြောင်း တောင်သူများထံမှ သိရရှိပါသည်။

ဆင်ကူးကျေးရွာတောင်သူဦးပေါက်၏ မိုးစပါး ၁၃ ဧကရက်(၉၀) စပါးရိတ် သိမ်းရာတွင်အထွက်နှုန်းမှာ စပါးအစို ၉၀ ကျော်တင်း ၁၀၀ နီးပါးခန့်ထွက်ရှိပြီး ကွင်းပေါက်ဈေးမှာ တင်း ၁၀၀လျှင်ကျပ် ၆၀၀၀၀၀ ဈေးရရှိပါသည်။

ယခုနှစ်ဒေးဒရဲမြို့နယ် မိုးစပါးစိုက်ပျိုးထွက်ရှိမှုမှာ ယခင်နှစ်ထက် အပျက်အစီး နည်းပါးလျက်ရှိပြီး ဈေးနှုန်းအနေဖြင့်လည်းမနှစ်ကထက် စပါးတင်း ၁၀၀ လျှင်ကျပ် ၁၀၀၀၀၀ ခန့်ပိုမိုရရှိကြောင်းတောင်သူများထံမှသိရသည်။

**မင်းဇော်မွန်/ဖျာပုံ**

# ကျွန်တော်၊ တောင်သူများနဲ့ "ပဲစင်းငုံ"

[ မြင့်ဦး(ပခုက္ကူ) ]



အောက်တိုဘာလအတွင်းက ကျွန်တော်တို့ အညာဒေသမှာ မိုးတအားရွာပါတယ်။ ပခုက္ကူခရိုင် ငါးမြို့နယ်မှာလည်း ရွာတယ်။ ဂန့်ဂေါခရိုင်မှာဆို ပိုဆိုးတာပေါ့။ ရွာလိုက်တဲ့မိုး၊ ကျလိုက်တဲ့ ချောင်းရေများ။ သွားရေးလာရေး ခက်ခဲလှပါတယ်။ နိုင်ငံ့ဝန်ထမ်းဆိုတော့ မိုးရွာလည်းကွင်းဆင်း၊ နေပူလည်းကွင်းဆင်းပေါ့။ စားသုံးသူအကာအကွယ် ပေးရေးဟောပြောပွဲတွေသွားရင်း တစ်ဖက်ကလည်း အိန္ဒိယရဲ့ဝယ်မှုပုံစံအသစ်ကန့်သတ်ချက်အကြောင်း၊ ကိုယ့်တောင်သူတွေကို အကျိုးအကြောင်းရှင်းပြ ပြောပြရပါတယ်။ ကွင်းဆင်းခဲ့တဲ့ရွာတွေက ပခုက္ကူနယ်ထဲက အင်ပင်ရွာ၊ ပေါင်လောင်ကန်ရွာ၊ မြိုင်နယ်ထဲက လက်ယက်မ၊ တောင်ကိုင်း၊ ရွာသစ်ဖျ၊ ဖျသီး၊ ရေစကြိုမြို့နယ်ထဲက ကွမ်းသီးကန်၊ ဆင်ကြို့၊ မောက္ကလန်၊ တောင်စင်ရွာ၊ ပေါက်နယ်ထဲက ဖိုးဖြူလုံးကန်၊ ယာကြီးပြင်၊ ဒီးဒုတ်ကွင်း၊ ခင်ရှည်ရွာ စတာတွေပါ။

တောင်သူများနှင့်တွေ့တိုင်း အိန္ဒိယရဲ့ပဲဝယ်ယူရေးမူဝါဒကန့်သတ်မှု၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံတွေရဲ့ အခြေအနေ သိသလားဆိုတော့ ကြားတော့ကြားတယ်။ ဂဃနဏတော့ မသိဘူး။ လုပ်ပါဦးဆရာရယ် ရှင်းပြပါဦးဆိုတော့ နိုင်ငံတစ်နိုင်ငံ ဒေသတစ်ခု ဘယ်နေရာမှာမဆို သူ့ဒေသရာသီဥတုနဲ့ကိုက်ညီတဲ့ သီးနှံစားသုံးမှုဓလေ့တွေအရ စိုက်ပျိုးကြကြောင်း၊ စားသုံးတယ်၊ ပိုလျှံလျှင် ပြည်တွင်းမှာဖြစ်ဖြစ် ပြည်ပမှာပဲဖြစ်ဖြစ် ရောင်းဝယ်ဖောက်ကားကြကြောင်း၊ ကိုယ့်နိုင်ငံရဲ့လိုအပ်ချက်ကို တတ်နိုင်စွမ်းသမျှ ဖြည့်ဆည်းကြကြောင်း၊ ဖူလုံအောင် ကြိုးစားကြကြောင်း၊ ဒီနှစ်အဖို့ စိုက်ပျိုးသီးနှံတွေ အောင်မြင်လို့၊ လိုအပ်ချက်လည်းနည်းလို့ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံကို ကန့်သတ် ဝယ်ယူတဲ့စနစ်ပြောင်းသွားတာကြောင့် အညာဒေသမှာ ပဲတီစိမ်း၊ ပဲစင်းငုံကို အဓိကထား စိုက်ပျိုးသလို မတ်ပဲကို အောက်ပိုင်းတောင်သူများ အဓိကထားစိုက်ပျိုးကြလို့ အချိန်မီအခြားသီးနှံကို ပြောင်းလဲစိုက်ပျိုးဖို့ နိုးဆော်နိုင်ခဲ့ပေမယ့် အညာတောင်သူတွေ ပဲတီစိမ်း၊ ပဲစင်းငုံတွေကို စိုက်ပျိုးခူးဆွတ်ရတော့မှာဖြစ်ကြောင်း၊ ဒါကြောင့် ကိုယ့်ဒေသအတွက်ပဲ ပဲစင်းငုံသီးနှံကို ဘယ်လိုလုပ်မှာလဲ၊ ဘယ်လိုသုံးမှာလဲ ဆိုတာမေးတော့--- ပဲတီစိမ်းကရော. . ဆရာလို့ပြန်မေးပါတယ်. . . ပဲတီစိမ်းက အိန္ဒိယကမဝယ်လည်း အခြားဈေးကွက်ရှိတယ်။ မစိုးရိမ်ရဘူး. . .။ ပဲစင်းငုံကို အဓိကထားပြောနေရတာက မတ်ပဲလို မဟုတ်ဘဲ စိုက်ပျိုးပြီးနေလို့အပွင့်ထိုး၊ သီးကင်းကပ်နေပြီ။ ဒါကြောင့်. . . စိုးရိမ်လို့ပြောတာဆိုတော့။ သူ့အမြင် ကိုယ့်အမြင်ထင်ရာတွေ စိတ်ကူးမိတာတွေ ပြောကြတာကို ကြားရပါတယ်. . . ခင်ဗျားတို့တစ်တွေ ပြောတာတွေကို နားထောင်ပေးပါ့မယ်။ ကျွန်တော်နဲ့ အမေးအဖြေလုပ်ကြည့်ရအောင်ပါ။ ထုတ်လုပ်မှုကုန်ကျစရိတ်တွက်ကြရအောင် ရွာတွေက မေးသမျှ စုစည်းတင်ပြရရင်. . . .

မျိုးကတော့ နေရာအလိုက် တစ်ပြည်ခွဲ၊ နှစ်ပြည်၊ သုံးပြည်၊ လေးပြည် သုံးပါတယ်။ ပိုးသတ်ဆေး သုံးသည့်နေရာမှာတော့ နှစ်ကြိမ် သုံးကြိမ် သုံးတဲ့အတွက် ကုန်ကျစရိတ်က ကျပ် ၃၀၀၀၀၊ ကျပ် ၄၅၀၀၀ ရှိပါတယ်။ အပင်ခုတ်/ပုတ်လုပ်သားခ ကုန်ကျစရိတ်က ကျပ် ၃၅၀၀၀၊ ကျပ် ၅၀၀၀၀ ရှိပြီး တစ်ဧကအထွက်နှုန်းမှာ လေးတင်းမှ ရှစ်တင်းအထိ ရှိပါတယ်။ ပခုက္ကူနယ်ထဲက အင်ပင်ကိုင်းမှာ တစ်တင်းကုန်ကျစရိတ် ကျပ် ၇၀၀၀မှ ၈၀၀၀ အထိရှိပြီး မြိုင်မြို့နယ် ရွာသစ်ဖျ၊ တောင်ကိုင်းတို့မှာ တစ်တင်း ကုန်ကျစရိတ် ကျပ် ၈၀၀၀ မှ ကျပ် ၉၀၀၀ ရှိပါတယ်။ ရေစကြိုမြို့နယ် ကွမ်းသီးကံ၊ ဆင်ကြို့၊ မောက္ကလန် ကျေးရွာတို့မှာ တစ်တင်းကုန်ကျစရိတ် ကျပ် ၁၁၀၀၀ မှ ကျပ် ၂၀၀၀၀ နီးပါး ရှိပါတယ်။

ပေါက်မြို့နယ် ဖိုးဖြူလုံးကန်၊ ယာကြီးပြင်၊ ခင်ရှည်၊ ဒီးဒုတ်ကွင်းတို့မှာ တစ်ဧက ကုန်ကျစရိတ် ကျပ် ၉၀၀၀ မှ ကျပ် ၁၃၀၀၀ နီးပါး ရှိတာကြောင့် တစ်နေရာနှင့်တစ်နေရာ မတူညီကြပါဘူး။

တောင်သူတွေရဲ့ အားနည်းချက်က ကိုယ့်ယာဧက ဘယ်လောက်ရှိသလဲဆိုတာ တိတိကျကျ မဖြေနိုင်ကြပါဘူး။ (ပုံစံ-၇) ရထားတာတောင် မပြောနိုင်ကြတာ တွေ့ရပါတယ်။ တောင်ကွင်း၊ မြောက်ကွင်း ဘယ်နှစ်ယောက်ဆိုတာတွေပါ တွေ့ရပါတယ်။ ဒါတွေလည်းပြောင်းလဲကြဖို့ သိအောင်ကြိုးစားဖို့ ပြောရပါတယ်။ နောက်တစ်ခုက အထွက်တင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူတွေ ဌာနတွေက ပြထားတာ တစ်ဧက ၁၅ တင်း။ တစ်ကယ်တော့ မြေပြင်မှာ အနည်းဆုံး လေးတင်းကနေ ရှစ်တင်း ထွက်တာကို လေ့လာရပါတယ်။ ဒါမျိုးတွေ မဖြစ်သင့်တော့ပါဘူး။ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွား ဖွံ့ဖြိုးတိုးတက်မှုဆိုတာ အထက်အဆင့်ဆင့်ကို ကြောက်နေရပြီး (GDP)ကိန်းဂဏန်းတိုးဖို့ရဖို့ စာရွက်ပေါ်မှာ ကိန်းဂဏန်းတွေညှိပြလို့ မသင့်တော့ပါဘူး။ စိုက်-အောင်-ထွက်ပဲရှိပြီး စိုက်-ပျက်-မထွက်ဆိုတာ မရှိဘူးလား။ လောကဓမ္မနိယာမအရ ဇာတိရှိရင် မရဏရှိရမယ်။ အဖြစ်ရှိရင် အပျက်ရှိရမယ်။ အတက်ရှိရင် အကျရှိရမယ်ဆိုတဲ့ နိယာမတရားကို လွန်ဆန်လို့ စိုက်-အောင်-ထွက်ပဲရှိပြီး စိုက်-ပျက်-မထွက်ဆိုတာ လုံးဝမရှိရဘူးဆိုတာကြီး မရှိသင့်တော့ မဖြစ်သင့်တော့ပါဘူး။ လုံးဝ ဥသုံ ပြောင်းလဲရတော့မှာပါ။ အခုပဲကြည့် တစ်ဧက အထွက်ပြတာ ၁၅တင်း မြေပြင်မှာ အမြင့်ဆုံးမှ ရှစ်တင်း။ နှစ်ဆနီးပါး ကွာနေပါတယ်။ ကိုင်း---ပြင်ကြပေရော။ ဘယ်တော့ပြင်မလဲ၊ ပြင်နိုင်မလဲ စောင့်ကြည့်ရအောင်ပါ။

တောင်သူများရဲ့သဘောထားကတော့ ၉၀ ရာခိုင်နှုန်းကျော်က ပဲစင်းငုံကို ဆက်လက်စိုက်မယ့် သဘောပြောပါတယ်။ ဘာကြောင့် စိုက်မှာလဲ။ အားသာချက်၊ အားနည်းချက်ပြောပါဆိုတော့ ပဲစင်းငုံဟာ သီးညှပ်၊ ထယ်ခ၊ ထွန်ခ မကုန်ဘူး မျိုးဖိုးလည်းနည်းတော့စိုက်မယ်။ ပြီးတော့ သူက တောင်သူကိုချစ်တယ်၊ သခင်အားကိုးရတယ်ပြောပါတယ်။ လုပ်ပါဦး ရှင်းပြပါဦးဆိုတော့ ဆရာရယ်--- မိုးခေါင်လို့ အပင်လေးက ဒူးဆစ်ပေါင်လယ်လောက်မှာ လိမ်ပိန်ပြီး ဖြူရော်နေတယ် မသေပါဘူး။ မိုးနဲ့မိုးသံကြား အားယူကုန်းရုန်းထလာတာတော့၊ အပင်ခုတ်ရမယ့်အချိန် လူမအားလို့ အခြားအခင်းတွေလည်း ရိုက်နေပုတ်နေလည်း တစ်ပတ် ၁၀ ရက် စောင့်ပေးတယ်။ ဆရာတို့ပြောတဲ့ ပဲတီစိမ်း၊ ပဲနောက်တို့ကောက်ချိန်(ဆွတ်ခူးချိန်) နောက်ကျရင် ရက်ကျော်မခံဘူး ဖျောက်ကနဲကွဲပြီး မြေကြီးထဲကျသွားတာ ဝါဆိုရင်လည်း လေထဲကွဲပြီး လွင့်ကျသွားတာ ကျုပ်တို့ကတော့စိုက်မှာပဲ၊ ဒီစကားကို မြိုင်နယ်ရွာသစ်ဖျကျေးရွာက တောင်သူမကြီးက ပြောတာပါ။ ဒါဆိုရင် အိန္ဒိယတစ်နိုင်ငံတည်းက ဝယ်တယ် စားတတ်တယ်။ သူတို့မဝယ်ရင် ဘာသုံးမလဲ၊ ဒီရွာသစ်ဖျရွာက တောင်သူမကြီးကပဲ ပြောပါတယ်။ "လူစားမယ်၊ ဝက်ကျွေးမယ်၊ နွားကျွေးမယ်၊ ဆိတ်ကျွေးမယ်၊ ဝက်စာဆန်(ဆန်ညွှံ့)တောင် တစ်အိတ် ကျပ် ၁၈၀၀၀ မှ ကျပ် ၂၀၀၀၀ ဖြစ်နေတာ ပဲစင်းငုံတစ်တင်း ကျပ် ၁၀၀၀၀ ပတ်ဝန်းကျင်၊ ဆန်(ဆန်ညွှံ့)အစာကျွေးမယ်တော်" "နေဦးဗျ-- ပဲစင်းငုံကို ဝက်စာကျွေးရင် မီးအများကြီးကုန်၊ ထင်းကုန်တယ်ဆို" "ဒါကလည်း လူပျင်းတွေပြောတာပါ။ ပဲစင်းငုံကို ရေစိမ် ဖျင်းအိုးတောင်ကွဲထွက်တယ်။ ဖျင်းအိုးဆိုတာ အညာဒေသကထွက်တဲ့ မြေနဲ့လုပ်တဲ့အိုးပါ။ အားရတယ်။ ကျေနပ်တယ်။ သူဖြေတာကောင်းလို့ သဘောကျလို့လက်ဖက်ဖိုးဆိုပြီး ထိုင်ကန်တော့ခဲ့ပါတယ်။

တောင်သူအများစုပြောသလို ပဲစင်းငုံဟာ သီးညှပ်ဖြစ်လေတော့ မြေပဲခင်း၊ နှမ်းခင်း၊ ပဲတီစိမ်း၊ ပဲနောက်ခင်းတွေကြားမှာ ထွန်လေး မြောင်ကြား၊ ခြောက်မြောင်ကြား၊ ထွန်တပြန် စိုက်တာဆိုတော့ သူ့အတွက် ထယ်ထိုးခ၊ ထွန် ထွန်ခ ထူးမကုန်ဘူး။ မျိုးဖိုးကလည်း လွန်ရော၊ ကျွံရော စိပ်စိပ်စိုက်မှ လေးပြည်။ အခြားသီးနှံတွေထက် အကုန်အကျနည်းပြီး မြေပဲ၊ နှမ်း၊ ပဲတီစိမ်းတွေ ရိတ်သိမ်းပြီး သီးညှပ်စိုက်တဲ့ ပဲစင်းငုံဟာတောင်သူတွေအတွက် ထပ်ဆောင်း အပိုငွေပါ။ ဒီတော့ ပဲစင်းငုံကို စိုက်ဦးမယ် လို့ပြောတဲ့ တောင်သူတွေက များပါတယ်။ ပဲစင်းငုံရိုးကို စည်း၊ ခရိုးကာမယ်၊ ပဲစင်းငုံမြစ်က ထင်းအဖြစ် အသုံးပြုရတယ်။ ပဲစင်းငုံ အရွက်က ယာခင်းထဲကျရင် မြေဆီသြဇာဖြစ်တယ်လို့ ပြောကြပါတယ်။ ဒီတော့လည်း စိုက်မယ်ပြောကြတာပေါ့။ ပဲစင်းငုံနဲ့ပတ်သက်လို့ နယ်တွေဆင်းရင် အခြားအစားအစာလုပ်စားကြတာတွေကတော့ ရေစကြိုနယ်ထဲက ကြူရွာဆင်ကြို့မှာ ပဲစင်းငုံ ပဲလှော်လုပ်ငန်း၊ မောက္ကလန်ရွာမှာ ပဲစင်းငုံ ပဲပုန်းရည်လုပ်ငန်း၊ မြိုင်မြို့နယ်ထဲက သစ်ပင်ကြီးကျေးရွာမှာ ဆန်အမှုန့်ကြိတ် ထန်းလျက်နဲ့ရောဆုပ်တဲ့ ဆန်ဆုပ်သွားရည်စာမုန့်နေရာမှာ ပဲစင်းငုံကို အမှုန့်ကြိတ်၊ ထန်းလျက်နဲ့ ရောပဲစင်းငုံဆုပ်ပြုလုပ်သည့်လုပ်ငန်း၊ ပေါက်မြို့နယ်ထဲက ယာကြီးပြင်ရွာမှာ ပဲစင်းငုံတစ်တင်း ကျပ် ၁၀၀၀၀ ပတ်ဝန်းကျင်မှာ ပခုက္ကူမှ ပြန်လည်ဝယ်ယူ၍ ဆိတ်၊ သိုးတို့ကို ဖြည့်စွက်စာကျွေးနေမှု စတာတွေကို နည်းအမျိုးမျိုးနဲ့ တွေ့ရှိလေ့လာရပါတယ်။ ဘာပဲပြောပြော မြန်မာလူမျိုးပီပီ လုပ်သလိုမဖြစ်ရင် ဖြစ်သလို လုပ်တတ်ကြကြောင်း ကွင်းဆင်းမှုအတွေ့အကြုံအရ သိရပါတယ်။ လေးစားအပ်သော စာရှုသူ ကျွန်တော့်ရဲ့ စာစုကို ဒီနေရာမှာပဲ ရပ်နားခွင့်ပြုပါခင်ဗျာ-- ဒီစာစုရဲ့ ခေါင်းစဉ်ကိုတော့ "ကျွန်တော်၊ တောင်သူများနှင့်ပဲစင်းငုံ " လို့သာ ခေါင်းစဉ်တပ်ခွင့်ပြုပါခင်ဗျာ။

❑

## ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့က ဖျာပုံမြို့နယ်အတွင်းရှိ ငရုတ်ဆီလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင်ဦးဆောင်၍ တာဝန်ရှိသူများလိုက်ပါပြီး နိုဝင်ဘာ ၁၆ ရက်ကဖျာပုံမြို့နယ် ငရုတ်ဆီလုပ်ငန်းများသို့ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန်အတွက် ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ဖျာပုံမြို့ (၃)ရပ်ကွက်ရှိ ဆဲဗင်းစတားငရုတ်ဆီလုပ်ငန်းသို့ သွားရောက်စစ်ဆေးရာ ထုတ်လုပ်မှုဖြစ်စဉ်တွင် ဆန်ကွဲနှင့် ငရုတ်ဆီအကြမ်းကြိတ်စက်အား နေ့စဉ်သန့်ရှင်းရေးပြုလုပ်ရန်၊ ထုတ်လုပ်သည့်နေရာသည် မြေကြီးကုန်းဖြစ်နေသဖြင့် ကွန်ကရစ်ခင်းရန်၊ ဈေးကွက်မပို့ခင် ထုပ်ပိုးထားသော ငရုတ်ဆီထုပ်များတွင် သက်တမ်းကုန်ဆုံးရက်၊ ထုတ်လုပ်သည့်ရက်စွဲ၊ နေရပ်လိပ်စာ အပြည့်အစုံထည့်သွင်းဖော်ပြရန်တို့ကို သတိပေးမှာကြားခဲ့ပြီး စားသုံးသူများ ဆုံးရှုံးနစ်နာမှုများမရှိစေရေးအတွက် အသိပညာပေးဆောင်ရွက်ခဲ့ကြပါသည်။

ဆက်လက်၍ ကျုံကူကျေးရွာ ကျားမင်းငရုတ်ဆီအလုပ်ရုံသို့ ဆက်လက်စစ်ဆေးခဲ့ရာ လိပ်စာအမှန်ထည့်ရန်နှင့် FDA ၏ ထောက်ခံချက်ရယူရန်၊ ထုတ်လုပ်ရက်စွဲ၊ သက်တမ်းကုန်ဆုံးရက်များကို ထုပ်ပိုးသည့်အိတ်တွင် ထည့်၍ရိုက်နှိပ်ရန်၊ အလုပ်လုပ်ကိုင်သောလုပ်သားများ၏ ကျန်းမာရေး၊ စားသုံးသူတို့၏ ကျန်းမာရေးကိုရှေးရှု၍ လုပ်သားများအားခေါင်းစွပ်၊ နှာခေါင်းစည်း၊ လက်အိတ်များဝတ်ဆင်၍ အလုပ်လုပ်စေရန်၊ သုံးစွဲရေမှာအဝီစိတွင်းရေအားအနည်ထိုင်၍ သုံးစွဲသော်လည်း အစားအသောက်ဖြစ်နေသဖြင့် ကလိုရင်းဆေးထည့်၍သုံးစွဲရန်နှင့် နောက်ပိုင်းတွင် ကန်ရေကို ဦးစားပေးသုံးစွဲရန် အသိပေးမှာကြားပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန် သက်ဆိုင်ရာတာဝန်ရှိသူများက စားသုံးသူအသိပညာပေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

မင်းဇော်မွန်/ဖျာပုံ


Khun Brothers
International Co.,Ltd
Antimony, Tin and Wolfram
Refining & Trading
Factory Address - Kyae Kone, Kyauk Tann, Shan State, Kalaw Township.


WINNER GLOBAL LOGISTICS
SERVICES CO.,LTD.
LOGISTICS
MAERSK
No.002/28,Ground Floor, 37th Street(lower block),
Kyauktada Township,Yangon,11182
Tel: 0943191523
http://www.winnergloballogistics.com


LUCKY MAXIMUM SERVICE CO., LTD.
Car Sale Center(မော်တော်ယာဉ် အရောင်းစင်တာ)
LUCKY MAXIMUM SERVICE CO
MOTOR CAR SALE CENTRE
Address: No 17, Aye Yeik Mon 3rd Street, 4 Ward, Hlaing Tsp, Yangon, Myanmar.
Telephone: (+95) 09 30162626, 09 33309988, 09 965002089 Email: luckymaximum@gmail.com



WOOMOOL
Oasis on your table
Cafe & Bar Supplier
POMONA
KAFFA
ICETRO
Room No.(503) Bldg(42) War War Win Housing Yanshin Road
Quarter-5, Yankin Township, Yangon, Myanmar
Ph : +959-43200539,+959-251115797,+959-420275670




မြန်မာဟန်နီ စားသောက်ကုန်လုပ်ငန်း
Myanmar Honey Food Factory
ရွှေလေးနဲ့စားကောင်းတဲ့ ဟန်နီပါ
FDA - (ER-F/2014-131/002)
မြန်မာဟန်နီ မှ ထုတ်လုပ်သော စားသောက်ကုန်များကိုဖြန့်ဖြူးရောင်းချလိုသည့် ကိုယ်စားလှယ်များအားဖိတ်ခေါ်အပ်ပါသည်။
အမှတ်(၁၇)၊ မင်းသိင်္ခကျော်စွာလမ်း၊ (၁၂)ရပ်ကွက်၊ အရှေ့ဒဂုံစက်မှုဇုန်။
ဖုန်း 09-788957588, 09-255940588, 09-976364888




အဘထ 'ထ' အမှတ်တံဆိပ်
သွေးပေါင်ချိန်ကိုထိန်းညှိပေးမယ့်
သွေးတိုးကျ ဆေးမြီးကြည်ဆေး
ဒါယ်ဟောက် သောက်သောက်
ပုံမှန်သွေးပေါင်ချိန်ထက်
ပိုမကျဘူးနော်...
လူတိုင်းကျန်းမာ အဘထ စေတနာ
အမှတ်(၁၅၀)၊ မြို့ပတ်လမ်း၊ ဈာမအနောက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
-၀၁-၆၄၇၄၂၅၊ -၀၉-၃၁၆၉၇၁၁၇၊ -၀၉-၇၃၂၄၂၀၂၇၊ -၀၉-၅၀၄၁၅၆၁၊ -၆၄၂၀၄၇




ရှမ်းလေး
ထွန်းအာကာ
ရန်ကုန် ⇌ မန္တလေး
ကုန်စည်ပို့ဆောင်ရေး
ရန်ကုန် - အမှတ်(၂၅၅)၊ ဦးကြွယ်ဟိုးလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ကမ်းနားဘက်ခြမ်း၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉-၅၁၁၇၈၅၃၊ ၀၉-၄၂၅၀၂၇၇၃၆၊ ၀၉-၇၉၆၂၅၉၂၉၆၊ ၀၉-၄၂၈၁၄၀၆၁၇
မန္တလေး - အဆောင်(AA)၊ အခန်း(၆)၊ ဈေးတော်ကားကြီးကွင်း၊ မန္တလေးမြို့။
၀၉-၂၀၅၁၇၈၀၊ ၀၉-၂၀၄၃၆၁၃၊ ၀၉-၇၉၄၇၈၄၈၀၀

Vol: 17, No.46 Monday November 27 2017

## တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ပြောင်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းစုံမှ နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၁၀၃ သန်းတန်ဖိုးရှိ ပြောင်း ၄၄၀၄၂ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၄၁၃၆၂ တန်၊ လွယ်ဂျယ်မှ ၂၁၀၄ တန်ကျော်၊ ချင်းရွှေဟော်မှ ၄၇၆ တန်နဲ့ ကန်ပိုက်တီမှ တန် ၁၀၀ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်၊ လွယ်ဂျယ်နဲ့ ကန်ပိုက်တီမှ တန် ၅၈၀၃၀ ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် ၁၃၉၈၈ တန်လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို ၂၈၁၀၅၉ ကျပ်ရှိရာမှ နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်မှာ ၂၈၁၃၄၆ ကျပ်သို့ ဈေးပြန်လည်မြင့်တက်ခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်းကားစီးရေ ၁၆၅၀ စီးဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၄၅၀ စီးလျော့နည်းခဲ့ကြောင်း၊ မန္တလေး-မူဆယ် ကုန်သယ်ယူစရိတ်မှာ ပြောင်းတစ်ပိဿာကို ၅၈-၆၃ ကျပ်ရှိကြောင်း သိရပါတယ်။ **မော်မော်အောင်**

## တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျော ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီနဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၁၄၂ သန်း တန်ဖိုးရှိ တစ်သျှူးငှက်ပျော ၄၈၅ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ ကန်ပိုက်တီမှ ၃၂၅ တန်နဲ့ လွယ်ဂျယ်မှ တန် ၁၆၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ကန်ပိုက်တီမှ ၂၅ တန်နဲ့ လွယ်ဂျယ်မှ ၆၄ တန် စုစုပေါင်းတန်ချိန် ၈၉ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျော ၃၉၆ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

တစ်သျှူးငှက်ပျော တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေး (ငွေလဲနှုန်းအရ) ကျပ် လေးသိန်းခန့်ရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## မူဆယ်မှ နနွင်းတက်ပိုမိုတင်ပို့

နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၇၁၂၈၅ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၉၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၅၇ တန်နဲ့ နှိုင်းယှဉ်ပါက ၄၂ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက် တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေး (ငွေလဲနှုန်းအရ) ကျပ် ၉၇၆၆၉၀ ရှိပြီး ယမန်နှစ်ကာလတူက ကျပ် ၉၀၇၃၈၀ ဈေးရှိခဲ့ပါတယ်။ **မော်မော်အောင်**

## ပင်လယ်ရေကြောင်းမှ နနွင်းတန်ချိန် ၂၆၀ ကျော်တင်ပို့

နိုဝင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း နနွင်း (ရှမ်းစ) ၂၆၉ ဒသမ ၄၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၅၆ တန်၊ ပါကစ္စတန်နိုင်ငံသို့ ၁၂၆ ဒသမ ၅၀ တန် နဲ့ စင်ကာပူနိုင်ငံသို့ ၈၆ ဒသမ ၉၆ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတစ်တန် ပျမ်းမျှအမေရိကန်ဒေါ်လာ ၆၉၀- ၇၅၅ ထိရရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နနွင်းတန်ချိန် ၂၉၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နနွင်း ၂၇ တန်ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၉၂၄၀၆ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ယခုတစ်ပတ် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ရော်ဘာပိုမိုတင်ပို့

နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၆၁ သန်းတန်ဖိုးရှိ ရော်ဘာ အဆင့်စုံ ၂၅၉၂ တန်နီးပါး တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်မှ တင်ပို့မှုများမှာ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS 3 အမျိုးအစား ၂၃၉ တန်ခန့်၊ RSS 5 အမျိုးအစား ၈၉၃ တန်ကျော်နဲ့ MSR 20 အမျိုးအစား ၁၆၈ တန်ခန့်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS 3 အမျိုးအစား ၅၁ တန်နဲ့ RSS 5 အမျိုးအစား ၆၉၁ တန်ကျော်တင်ပို့ခဲ့ပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေးတန်ချိန် ၅၅၀ တင်ပို့ပြီး နယ်စပ်စခန်းများမှ စုစုပေါင်း ၂၅၉၂ တန် တင်ပို့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါကုန်သွယ်ရေးစခန်းများမှ ၂၀၇၈ တန်ကျော် တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်မှာ ရော်ဘာတင်ပို့မှု ၅၁၃ တန်ပိုမိုခဲ့ပါတယ်။ ယခုတစ်ပတ်မူဆယ်ကုန်စည်ဒိုင်မှ ရော်ဘာပေါက်ဈေးမှာ RSS 3 အမျိုးအစားတစ်တန်လျှင် ကျပ် ၂၀ ဒသမ ၁၄၃ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးထက်တစ်တန်လျှင် ၂၀၅၁ ကျပ်ဈေးတက်ကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ နိုဝင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၂၈၂ သန်းတန်ဖိုးရှိရော်ဘာ ၁၉၈ တန်ကို ဂျပန်နိုင်ငံသို့ MSR 20 အမျိုးအစား ၉၈ တန်နဲ့ မလေးရှားနိုင်ငံသို့ Mixture of Natural Rubber and Synthetic Rubber (99% RSS-3,1%) အမျိုးအစားတန်ချိန် ၁၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာ ၂၂၁ တန် တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်မှာ ၂၃ တန်လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်နိုင်ငံတကာ ရော်ဘာပေါက်ဈေး အတက်အကျအနည်းငယ်သာရှိတဲ့အတွက် ပြည်ပပို့မယ့်မြန်မာ့ရော်ဘာ (FOB) ဈေးမှာလည်း ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း အပြောင်းအလဲမရှိကြောင်း မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရပါတယ်။ **ယဉ်ယဉ်အေး**

## ပြည်ကြက်သွန်နီဈေးနှုန်းများ ပိုမိုမြင့်တက်လျက်ရှိ

ယခုတစ်ပတ်၌ ပြည်ကြက်သွန်နီ ဈေးနှုန်းများပိုမိုမြင့်တက်လျက်ရှိနေတာ တွေ့ရပါတယ်။ လက်လီ/လက်ကား တစ်ပိဿာလျှင် ပျမ်းမျှကျပ် ၂၀၀ ခန့် ပိုမိုမြင့်တက်သွားကြောင်း သိရပါတယ်။ မော်လမြိုင်နယ်ဘက် ဝယ်လက်များမှတစ်ဆင့် ထိုင်းနိုင်ငံသို့ အောက်လိုင်းမှ အထွက်များနေတဲ့အတွက် ဈေးနှုန်းများမြင့်တက်ရခြင်း ဖြစ်ကြောင်းပြည်ပွဲရုံလုပ်ငန်းရှင် တစ်ဦး၏ ပြောကြားချက်အရ သိရှိရပါ တယ်။ ဈေးနှုန်းများ မြင့်တက်သဖြင့် အရောင်းအဝယ်မှာ ပုံမှန်အောက်ကျဆင်းကာ သိသိသာသာ အေးနေတယ်လို့ သိရပါတယ်။ ဆိပ်ဖြူ၊ ကျောက်ပန်းတောင်း၊ တောင်တွင်း၊ ပခုက္ကူဘက်မှ ကြက်သွန်နီ (အဟောင်း)များ ပုံမှန် ဝင်ရောက်သလို မြင်းခြံဘက်မှ ကြက်သွန်နီ (အသစ်)များ ပိဿာ ၃၀ ဝင်အိတ် ၂၀ ခန့်သာ စတင်ဝင်ရောက်ပြီး တစ်ပိဿာလျှင် ကျပ် ၂၂၀၀ ဈေး ဖြင့် ရောင်းဝယ်နေကြောင်းလည်း သိရပါတယ်။ အစိုဓာတ်များရှိနေသဖြင့် အရည်အသွေးမကောင်းသည့်အတွက် ကြက်သွန်နီ (အသစ်) များကို မှာယူရောင်းချမှု နည်းနေသေးတာ တွေ့ရပါတယ်။ ယခုတစ်ပတ်ကြက်သွန်နီ (အဟောင်း) ပွဲရုံလက်ကားဈေးတစ်ပိဿာလျှင် (ကြီး) ကျပ် ၂၉၀၀-၃၀၀၀၊ (လတ်) ကျပ် ၂၇၀၀-၂၈၀၀၊ (သေး) ကျပ် ၂၅၀၀-၂၆၀၀ တို့ရှိပြီး လက်လီဈေးအသေးများတွင် (ကြီး) ကျပ် ၃၂၀၀-၃၃၀၀၊ (လတ်) ကျပ် ၃၀၀၀-၃၁၀၀၊ (သေး) ကျပ် ၂၇၀၀-၂၈၀၀-၂၉၀၀ နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ်က လက်ကားဈေး တစ်ပိဿာ (ကြီး) ကျပ် ၂၇၀၀-၂၇၅၀၊ (လတ်) ကျပ် ၂၆၀၀-၂၆၅၀၊ (သေး) ကျပ် ၂၅၀၀-၂၅၅၀ နှုန်းရှိတဲ့အတွက် ယခုတစ်ပတ်ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းထက် မြင့်တက်လျက် ရှိနေတာ တွေ့ရပါတယ်။ ဈေးကွက်အတွင်း တရုတ်ကြက်သွန်နီများ ရောင်းဝယ်မှုရှိနေပြီး လက်ကားတစ်ပိဿာ ကျပ် ၇၅၀-၈၀၀၊ လက်လီ တစ်ပိဿာ ကျပ် ၁၃၀၀-၁၄၀၀ ရှိကြောင်း သိရပါတယ်။ **ဝင်းလဲ့ဝါ (ပြည်)**

## ပခုက္ကူခရိုင်တွင် ကြက်သွန်နီအသစ်များ စတင်ဝင်ရောက်လာပြီး ဈေးကောင်းရလျက်ရှိ

ယခုတစ်ပတ်ပခုက္ကူခရိုင်တွင် ကြက်သွန်နီများဈေးကောင်းရရှိနေပါတယ်။ ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်သော ဆိပ်ဖြူမြို့နယ်၊ ပေါက်မြို့နယ်များမှာ မိုးစိုက်ကြက်သွန်နီများ စတင်စိုက်ပျိုးနေပြီး အခြားမြို့နယ်များမှ ကြက်သွန်နီအသစ်နှင့် မြိတ်စားကြက်သွန်များဈေးကွက်အတွင်းသို့ ရောက်ရှိနေပါတယ်။ မြိတ်စားကြက်သွန်နီ ငါးကျပ်သားခန့်ရှိသည့် တစ်စည်းလျှင် ၇၅ ကျပ်ဖြင့်ဈေးကွက်အတွင်းသို့ ဝင်ရောက်လျက် အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

ဆိပ်ဖြူမြို့နယ်တွင်ဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ (အဟောင်း) ဈေးနှုန်းမှာ ထိပ်စတစ်ပိဿာလျှင်ကျပ် ၂၅၅၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၂၅၀၀၊ နိမ့်စတစ်ပိဿာလျှင် ကျပ် ၂၄၅၀ ဖြင့် ဆိပ်ဖြူကုန်စည်ဒိုင်တွင် နေ့စဉ်ကုန်ချိန် ၁၀၀၀၀ ခန့် အရောင်းအဝယ်ဖြစ်နေသည်ဟု သတင်းရရှိပါတယ်။ ပခုက္ကူမြို့နယ်တွင်ကြက်သွန်နီ အသစ်များ စတင်ဝင်ရောက်နေပါပြီ။ ကြက်သွန်အဝယ်ဒိုင်တွင် ကြက်သွန်နီ (အဟောင်း) များ အဝင်နည်းပြီး ဈေးကောင်းရရှိနေပါတယ်။ ကြက်သွန်နီ(အသစ်) လက္ကားဈေးမှာ ထိပ်စတစ်ပိဿာလျှင်ကျပ် ၂၀၁၀၊ လတ်စတစ်ပိဿာလျှင် ကျပ် ၁၅၀၀၊ အနိမ့်စတစ်ပိဿာလျှင်ကျပ် ၅၀၀ဖြင့်နေ့စဉ်ကုန်ဝယ်ဒိုင်တွင်ပိဿာချိန် ၃၀၀၀ မှ ၁၀၀၀၀ထိ အရောင်းအဝယ် ဖြစ်နေပါတယ်။ ကြက်သွန်နီ(အဟောင်း) လက္ကားဈေးမှာ ထိပ်စတစ်ပိဿာလျှင်ကျပ် ၂၆၀၀၊ လတ်စတစ်ပိဿာလျှင် ကျပ် ၂၄၀၀၊ အနိမ့်စ တစ်ပိဿာလျှင်ကျပ် ၂၃၀၀ တို့ဖြင့်နေ့စဉ်ပိဿာချိန် ၂၀၀၀မှ ၉၀၀၀ ကြား အရောင်းအဝယ်ဖြစ်နေကြောင်း သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ကယားပြည်နယ်တွင် ယခုတစ်ပတ်အတွင်း ဆန်တန်ချိန် ၂၀၀ ကျော်ကို မန္တလေးမြို့နှင့် ရန်ကုန်မြို့သို့ တင်ပို့

ယခုတစ်ပတ်အတွင်း ကယားပြည်နယ်မှ အခြားမြို့ကြီးများသို့ ဆန်အိတ်ပေါင်း ၄၈၉၅ အိတ်၊ တန်ချိန်အားဖြင့် ၂၄၆ တန်ခန့်တင်ပို့ထားရာ ယခင်တစ်ပတ်ထက် ဆန်တန်ချိန် ၉၉ တန်ခန့်ပိုမိုတင်ပို့ထားကြောင်း မြို့ဦးဂိတ်စာရင်းအရ သိရှိရပါတယ်။ အခြားမြို့သို့ဆန်တင်ပို့ရာတွင် မန္တလေးမြို့သို့ ၃၆၇၀ အိတ်၊ ရန်ကုန်မြို့သို့ ၁၂၂၅ အိတ် စုစုပေါင်း ၄၉၈၅ အိတ်၊ တန်ချိန်အားဖြင့် ၂၄၆ တန်ခန့် တင်ပို့ထားကြောင်းနှင့် အခြားမြို့ကြီးများမှ ကယားပြည်နယ်အတွင်းသို့ ဆန်တင်သွင်းလာရာတွင်လည်း ရန်ကုန်မြို့မှ ၂၁၂၀ အိတ်၊ မန္တလေးမြို့မှ ၈၂၀ အိတ်၊ ရွှေဘိုမြို့မှ ၁၂၂၅ အိတ်တင်သွင်းလာရာ ဆန်အိတ်စုစုပေါင်း ၄၁၆၅ အိတ်၊ တန်ချိန်အားဖြင့် ၂၀၉ တန်ခန့် တင်သွင်းလာကြောင်း မြို့ဦးဂိတ်စာရင်းအရ သိရှိရပါတယ်။

ယခုတစ်ပတ်အတွင်း ကယားပြည်နယ်တွင် ပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၅၆၀၀၀၊ တစ်ပြည်လျှင် ကျပ် ၂၆၀၀၊ ပေါ်ကြွဲဆန်တစ်အိတ်လျှင် ကျပ် ၂၆၅၀၀၊ တစ်ပြည်လျှင် ကျပ် ၁၂၅၀၊ ဧည့်မထ(ဒေသ)ဆန် တစ်အိတ်လျှင် ကျပ် ၃၅၀၀၀၊ တစ်ပြည်လျှင် ကျပ် ၁၅၀၀၊ ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၂၅၀၀၀၊ တစ်ပြည်လျှင် ကျပ် ၁၂၀၀၊ ဧည့်မထ(ဒေသ)စပါး တင်း (၁၀၀) လျှင် ကျပ် ၇၀၃၀၀၀ ဈေးပေါက်ပြီး ဈေးငြိမ်နေကြောင်း ကယားကုန်ဈေးနှုန်း သတင်းအရ သိရှိရပါတယ်။

**ထွန်းနိုင်လင်း (လှိုင်ကော်)**

# ပြောင်းလဲချိန်တန်သည့် 'ပြောင်း'

[မျိုးသီတာ(မြင်းခြံ)]

တရုတ်နိုင်ငံက အဓိကဝယ်ယူနေတဲ့ အစေ့ထုတ်ပြောင်းကို ယခင်က ပြည်တွင်းမှာစက်မှုကုန်ကြမ်းသီးနှံအဖြစ်သာမက ပြည်တွင်းမွေးမြူရေးလုပ်ငန်းအတွက် အဓိကတိရစ္ဆာန်အစားအစာအဖြစ်လည်း စိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။ အစေ့ထုတ်ပြောင်းဟာ ပြောင်းစေ့၊ပြောင်းဆံသာမက ပြောင်းပင် ပြောင်းရိုးမှာ နွားစာအဖြစ်လည်းကောင်း၊ ပြောင်းဖက်မှာဆေးလိပ်တွင် အစီခံလုံးအဖြစ်လည်းကောင်း၊ ပြောင်းစေ့ကိုခြွေပြီးနောက် အူတိုင်မှာထင်းလောင်စာအဖြစ် အသုံးပြုနိုင်သလို အခြားစွန့်ပစ်စရာမရှိသော သီးနှံဖြစ်တာကြောင့် အလွန်ပဲအသုံးဝင်အကျိုးရှိလှပါတယ်။

ဒီလိုအသုံးဝင်အကျိုးရှိတဲ့ အစေ့ထုတ်ပြောင်းကိုလွန်ခဲ့သောနှစ်(၂၀)(၂၅)နှစ်ခန့်မှစပြီး နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တရုတ်ပြည်သို့ အလုံးအရင်းနဲ့တင်ပို့ရောင်းချခဲ့ရာမှ အခုဆိုရင် ပြည်ပပို့ကုန်ဈေးကွက်ဝင်သီးနှံအဖြစ် တွင်ကျယ်စွာစိုက်ပျိုးထုတ်လုပ်နေကြတာကိုတွေ့ရှိရပါတယ်။ ဈေးကွက် ဝယ်လိုအားရှိတဲ့ သီးနှံဖြစ်လို့ စိုက်ပျိုးနည်းစနစ်တွေ ပြောင်းလဲတိုးတက်စိုက်ပျိုးလာပြီး အထွက်နှုန်းကောင်းတဲ့အဆင့်မြင့်စပ်မျိုးများကိုလည်းအသုံးပြုစိုက်ပျိုးလာတာကို တွေ့ရှိရပါတယ်။

အစေ့ထုတ်ပြောင်းမှာ အစေ့ထုတ်ပြောင်း(မိုး)နဲ့ အစေ့ထုတ်ပြောင်း(ဆောင်း)ဆိုပြီး စိုက်ပျိုးကြပါတယ်။ အစေ့ထုတ်ပြောင်း(မိုး)ကိုတော့ မေလနဲ့ဇွန်လမှာ စိုက်ပျိုးပြီး စက်တင်ဘာလနဲ့အောက်တိုဘာလမှာ ရိတ်သိမ်းပါတယ်။ အစေ့ထုတ်ပြောင်း(ဆောင်း)ကိုတော့ အောက်တိုဘာလ၊ နိုဝင်ဘာလတွင်စိုက်ပျိုးပြီး ဖေဖော်ဝါရီ၊ မတ်နဲ့ ဧပြီလတွေမှာ ရိတ်သိမ်းကြပါတယ်။ အစေ့ထုတ် ပြောင်းစိုက်ပျိုးရာမှာ တစ်ဧကကုန်ကျစရိတ်အနေနဲ့ ကျပ် ၁၈၀၀၀၀ ခန့်ကုန်ကျပြီး ပျမ်းမျှတစ်ဧကကို တင်း၇၀ခန့်ထွက်ရှိပါက လက်ရှိပေါက်ဈေးကျပ် ၄၀၀နဲ့တွက်ရင် တစ်ဧက အကျိုးအမြတ်ကျပ် ၂၅၀၀၀၀ ခန့်ရရှိမှာဖြစ်ပါတယ်။

မြင်းခြံခရိုင်အတွင်းမှာ လက်ရှိစိုက်ပျိုးနေတဲ့ အစေ့ထုတ်ပြောင်းမျိုးတွေကတော့ CP888၊ CP222၊ CP989၊ CP50 ရေဆင်းစပ်မျိုးများအဖြစ် PAC 339 မျိုးတွေကို စိုက်ပျိုးကြပါတယ်။ အစေ့ထုတ်ပြောင်းကို ကုန်းစိုက်နဲ့ကျွန်းစိုက်ဆိုပြီး စိုက်ရာမှာ ကုန်းစိုက်တွေကရိတ်သိမ်းဆဲဖြစ်ပြီး ကျွန်းစိုက်တွေကတော့ ရေကျမှစိုက်ပျိုးရမှာဖြစ်လို့စိုက်ဖို့ပြင်ဆင်နေကြဆဲပဲရှိပါသေးတယ်။

မြင်းခြံခရိုင်အနေနဲ့ အစေ့ထုတ်ပြောင်း (မိုး၊ဆောင်း)ကို ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ဧက ၁၄၀၀၀ ကျော်၊ ၂၀၁၅-၂၀၁၆ခုနှစ်မှာ ဧက ၁၉၀၀၀ကျော်၊ ၂၀၁၆-၂၀၁၇ခုနှစ်မှာ ဧက ၂၁၀၀၀ ကျော်နှင့် ၂၀၁၇-၂၀၁၈ ခုနှစ်မှာလည်း ဧက ၂၁၀၀၀ ကျော် တိုးတက်စိုက်ပျိုးလာခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ခုနှစ်မှာ အစေ့ထုတ်ပြောင်း(မိုး၊ဆောင်း) အတွက် တင်းပေါင်း ၃၆၀၀၀၀ ကျော် ထွက်ရှိခဲ့ပါတယ်။အစေ့ထုတ်ပြောင်းဟာ နှစ်စဉ် တစ်ပိဿာကျပ် ၄၀၀ ကျော်ရရှိခဲ့သော်လည်း ၂၀၁၆ ခုနှစ်-နှစ်ကုန်ပိုင်းနဲ့ ၂၀၁၇ခုနှစ် နှစ်ဆန်းပိုင်းလတွေမှာ အစေ့ထုတ်ပြောင်းဟာ တစ်ပိဿာကျပ် ၂၇၀ ဝန်းကျင်လောက်နဲ့ စံချိန်တင်ဈေးနှုန်း နိမ့်ကျခဲ့လို့ အခုလောက်ထိ ဈေးကျတာ မကြုံဖူးကြောင်းနဲ့ တောင်သူတွေမှာ အကြွေးတွေပုံပြီး နောက်ရာသီမှာစိုက်ဖို့တောင် အရင်းမရှိကြဘူးလို့ ကြားသိရပါတယ်။ အစေ့ထုတ်ပြောင်းဟာ တရုတ်ကိုအားကိုးနေရတဲ့ဈေးကွက်ဖြစ်နေတော့ ဒီလိုပြောင်းဈေးကွက်တွေ အဆမတန်ကျဆင်းသွားတဲ့အတွက် တောင်သူရောကုန်သည်ပါ ဆုံးရှုံးနစ်နာမှုတွေ့ကြုံခဲ့ရပါတယ်။

မြင်းခြံခရိုင်မှာအစေ့ထုတ်ပြောင်းကို ၂၀၁၇ -၂၀၁၈ခုနှစ်မှာ (မိုး၊ဆောင်း) လျာထားဧက ၂၁၀၀၀ ကျော်အနက် အစေ့ထုတ်ပြောင်း(မိုး)အနေနဲ့ ၅၇၀၀ ဧကကျော်ကို စိုက်ပျိုးပြီး ဧက ၇၀၀ နီးပါးကို ရိတ်သိမ်းပြီးဖြစ်ပါတယ်။ ယနေ့ အစေ့ထုတ်ပြောင်းဈေးနှုန်း တစ်ပိဿာကိုကျပ် ၄၆၀ထိ ဈေးပြန်ဖြစ်လာတဲ့အတွက် တောင်သူတွေအနေနဲ့ အနည်းငယ်အသက်ရှူချောင်လာတယ်လို့ ပြောင်းစိုက်တောင်သူတစ်ဦးမှ ဆိုပါတယ်။

မြင်းခြံခရိုင်အတွင်းရှိ ငါန်းဇွန်မြို့နယ်မှာ အစေ့ထုတ်ပြောင်း(ဆောင်း) လက်ကျန်အိတ် ၉၀၀၀ လောက်ကျန်ရှိပြီး တစ်ရက်မှာလိုက်ထရပ်ကားနှစ်စီး၊ သုံးစီးနဲ့တစ်တင်းခွဲအိတ်/သုံးတင်းဝင်အိတ် ၁၅၀၊၂၀၀အိတ်လောက် မန္တလေးကို တင်ပို့ရောင်းချနေကြောင်းလည်း သိရှိရပါတယ်။ ငါန်းဇွန်ဘက်က အစေ့ထုတ်ပြောင်းစိုက်တောင်သူတွေအနေနဲ့ ရေကျသွားရင် ကျွန်းပိုင်းစိုက်ဖို့ ဆောင်ရွက်နေပါတယ်။ မျိုးအနေနဲ့ကတော့ CP888ကို အစိုက်များပြီးမျိုးမမှားဖို့လိုကြောင်းသိရပါတယ်။CP888 မျိုးဟာပုံမှန်ဆိုရင် နှစ်ဖူးကပ်တဲ့အတွက် တစ်ဧကတင်း၇၀၊ ၈၀နီးပါးထွက်ရှိကြောင်းနဲ့ မျိုးမှားသွားပါက တစ်ဖူးထဲကပ်တဲ့အတွက် တင်း ၃၀/၄၀လောက်သာထွက်ရှိတော့ကြောင်း သိရှိရပါတယ်။ ငါန်းဇွန်မှာ ယနေ့ပေါက်ဈေး အစေ့ထုတ်ပြောင်းသုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၀၀၀၀ မှ ၂၃၀၀၀ခန့် ရှိကြောင်းနဲ့ဒီဒေသဟာ ရေဝင်အရပ်တွေဖြစ်လို့ ပဲမျိုးစုံထက်စာရင်အစေ့ထုတ်ပြောင်းတွေကို ပိုမိုစိုက်ပျိုးကြောင်းနဲ့ အစေ့ထုတ်ပြောင်းတစ်တင်း ကျပ် ၇၀၀၀ ဆိုလည်း စီးပွားရေးတွက်ခြေကိုက်လို့ အစေ့ထုတ်ပြောင်းကိုပဲ ဆက်စိုက်သွားမှာလို့သိရှိရပါတယ်။

မြင်းခြံမြို့ပေါ်မှာ လက်ရှိ ကုန်းစိုက် အစေ့ထုတ်ပြောင်းတွေပေါ်ဦးပေါ်ဖျားအချိန် အစိုဓာတ်များတဲ့ အတွက် တစ်ပိဿာကျပ် ၃၉၀မှ ၄၂၀ဈေးနဲ့ အဝင်နည်းပြီးနေ့စဉ်အိတ် ၅၀ ဝန်းကျင်လောက်ပဲ အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရပါတယ်။ အစေ့ထုတ်ပြောင်းကို မြင်းခြံ၊ နွားထိုးကြီးမြို့နယ်များရှိ ကျေးရွာများမှ ဝင်ရောက်ကြောင်းနဲ့ အစိုဓာတ် ၂၀ ရာခိုင်နှုန်းထက်မြင့်တဲ့အတွက် အလျော့တွက်နဲ့တွက်ချက်ပြီး ဝယ်ယူရခြင်းဖြစ်ကြောင်း ကုန်သည်တစ်ဦးက ဆိုပါတယ်။ အစိုဓာတ် ၁၄ ရာခိုင်နှုန်း အခြောက်အစေ့ထုတ်ပြောင်းကို မြင်းခြံမြို့ပေါ်ရှိလက်လီအရောင်းဆိုင်များနှင့် တိရစ္ဆာန်အစာစပ်လုပ်ငန်းရှင်များက ဝယ်ယူကြောင်း သိရှိရပါတယ်။

အစေ့ထုတ်ပြောင်းကို ၂၀၁၄-၂၀၁၅ ခုနှစ် မတိုင်မီက အခြားနိုင်ငံတော်တော်များများကို တင်ပို့ရောင်းချခဲ့ပါတယ်။ ၂၀၁၅-ခုနှစ်လောက်အထိ အစေ့ထုတ်ပြောင်းတင်ပို့မှုကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှသာ တင်ပို့ခဲ့သော်လည်း ၂၀၁၆ ခုနှစ်နောက်ပိုင်း ပြောင်းတင်ပို့မှုကို ခွင့်ပြုလိုက်တဲ့အတွက် တရုတ်နိုင်ငံသို့ အစေ့ထုတ်ပြောင်းများ အလုံးအရင်းနဲ့ တင်ပို့ရောင်းချတဲ့အခါ အကျိုးအမြတ်များစွာ ရရှိခဲ့ပါတယ်။ ၂၀၀၆-ခုနှစ် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် အစေ့ထုတ်ပြောင်းပြည်တွင်းဈေးကွက် ပြုတ်ကျပြီး အခြားနိုင်ငံတွေကိုလည်းတင်ပို့ရောင်းချနိုင်ခြင်းမရှိတဲ့ အခြေအနေမှာတရုတ်က အစေ့ထုတ်ပြောင်းတွေကို အများအပြားဝယ်ယူခဲ့ပါတယ်။ သီးနှံထဲမှာတော့ ပြောင်းဈေးကအနိမ့်ဆုံးဖြစ်ပေမယ့် လုပ်ရကိုင်ရလွယ်ကူတဲ့အတွက် အစေ့ထုတ်ပြောင်းကို စိုက်ပျိုးနေကြဆဲပဲ ဖြစ်ပါတယ်။ တချို့တရုတ် ကုန်သည်တွေက မြန်မာပြည်မှ ပြောင်းစိုက်တောင်သူ၊ ကုန်သည်များနဲ့ပေါင်းပြီး အကြီးအကျယ်စိုက်ခဲ့တဲ့အခါ ရှမ်းပြည်နယ်မြောက်ပိုင်းတွေက ပြောင်းခင်းတွေနဲ့လွှမ်းသွားပါတယ်။ အစေ့ထုတ်ပြောင်းဟာ အရင်က တစ်ဧကတင်း ၂၀/၃၀ ထွက်ရာကနေ မျိုးကောင်းမျိုးသန့်ဖြစ်တဲ့ CPမျိုးတွေပြောင်းလဲစိုက်ပျိုးလာကြတဲ့အခါမှာ အထွက်နှုန်းက တစ်ဧက ၇၀/၈၀ တင်းထိအထွက် တိုးလာပါတယ်။

အစေ့ထုတ်ပြောင်းဟာ တရုတ်နိုင်ငံက ဝယ်လိုအားများတာရယ်၊ အထွက်တိုးလာတာရယ်၊ စီးပွားရေးတွက်ခြေကိုက်တာရယ်ကြောင့် အလားအလာကောင်းလာတဲ့ သီးနှံဖြစ်လာခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ခုနှစ်လောက်ထိ အစေ့ထုတ်ပြောင်းဈေးဟာ တစ်သမတ်တည်းဈေးကောင်းခဲ့တဲ့အတွက် ပြောင်းစိုက်တောင်သူရောကုန်သည်ပါ အကျိုးရှိခဲ့ပါတယ်။

တရုတ်နိုင်ငံဟာ အခြားနိုင်ငံတွေလို အစေ့ထုတ်ပြောင်းရဲ့အရည်အသွေးကိုအမြင့်ကြီး တောင်းတာမဟုတ်ဘဲ အသင့်အတင့် ကောင်းရင်ကိုပဲ ဝယ်တဲ့အတွက် အခြားနိုင်ငံတွေသို့မပို့တော့ဘဲ တရုတ်ကိုသာပို့နေရလို့ တရုတ်အားထားရတဲ့ဈေးကွက်ဖြစ်နေပါတယ်။

တရုတ်ကိုအားထားနေရတဲ့ဈေးကွက်အနေအထားမှာတရုတ်က အိန္ဒိယလိုပဲပြောင်းဝယ်ယူရေးမူဝါဒပြောင်းလဲလိုက်မယ်ဆိုရင် အစေ့ထုတ်ပြောင်းစိုက်တောင်သူနဲ့ကုန်သည်များ ဈေးကွက်ပျောက်ပြီး နစ်နာဆုံးရှုံးရမယ့်အနေအထားမျိုးမဖြစ်အောင် ကြိုတင်စီမံဆောင်ရွက်သင့်ပါတယ်။ ဒါကြောင့် တရုတ်ကို အားထားနေရတဲ့ဈေးကွက်ကနေ အခြားနိုင်ငံတွေကိုတင်ပို့ပြီး ဈေးကွက်ချဲ့ထွင်နိုင်ဖို့ဆိုရင် အစေ့ထုတ်ပြောင်းရဲ့အရည်အသွေး၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနဲ့ကိုက်ညီဖို့ လိုအပ်ပါတယ်။ အရည်အသွေးဈေးကွက်ကို သွားမယ်ဆိုရင်တော့ အစေ့ထုတ်ပြောင်းရဲ့ အားနည်းချက်တွေကို ကိုင်တွယ် ဖြေရှင်းနိုင်ဖို့ အရေး ကြီးပါတယ်။ အစေ့ထုတ်ပြောင်းရဲ့အဓိကအားနည်းချက်က အစိုဓါတ်မြင့်မားတဲ့အတွက် အာဖလာတော့ ဆင်မှိုဆိပ်ဝင်လွယ်ပါတယ်။ဆောင်းပြောင်းနဲ့မိုးပြောင်းမှာ မိုးပြောင်းက အာဖလာတော့ဆင်မှိုဟာ ပါဝင်မှုနှုန်း ပိုများပါတယ်။ ဒါကြောင့် အစိုဓာတ်နဲ့ အာဖလာတော့ ဆင်မှိုကို ထိန်းနိုင်ဖို့ လိုအပ်သလို ပိုးထိုးလွယ်တဲ့အတွက် အလျော့တွက်လည်းများလို့ ကိုင်တွယ်ရခက်ခဲတဲ့ သီးနှံအမျိုးအစားဖြစ်ပါတယ်။ ပြီးတော့ပိုးသတ်တဲ့အခါမှာ ပိုးသတ်ဆေးကြွင်းမကျန်အောင် ဆောင်ရွက်သင့်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာသီးနှံ စစ်ဆေးရေးဓာတ်ခွဲခန်းတွေလုံလုံလောက်လောက်ရှိဖို့ လိုအပ်ပါတယ်။

အစေ့ထုတ်ပြောင်းဟာ စိုက်ပျိုးသင့်တာ မှန်သော်လည်းအရည်အသွေး၊ မှိုဆိပ်၊ အစိုဓာတ် စိုထိုင်းဆနဲ့ မရိတ်သိမ်းမီ အခြေအနေ၊ ရိတ်သိမ်းပြီးအခြေအနေနဲ့ သိုလှောင်မှုအပိုင်းတွေမှာ သတိထားဆောင်ရွက်ဖို့လိုပါတယ်။

အစေ့ထုတ်ပြောင်းက ပြည်တွင်းဈေးကွက်ရှိကြက်စာထုတ်လုပ်မှုဖြစ်စဉ်မှာ ပါဝင်မှုရာနှုန်းများတဲ့အတွက်ဈေးနှုန်း သင့်တင့်ပြီး အရည်အသွေးကောင်းကောင်းနဲ့ များများထုတ်လုပ်နိုင်မယ်ဆိုရင် ပြည်တွင်းကြက်မွေးမြူရေးလောကအတွက်လည်း အထောက်အပံ့ကောင်းတစ်ရပ်ဖြစ်လာမယ့် သီးနှံဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

Commerce ကာတွန်း



Vol: 17, No.46 Monday November 27 2017

## စစ်ကိုင်းတိုင်းဒေသကြီး၌ Mobile Lab ယာဉ်ဖြင့် ဈေးကွက်ထောက်လှမ်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနသည် မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ Mobile Lab ယာဉ်ဖြင့် ဈေးကွက်နမူနာကောက်ယူစစ်ဆေးခြင်း လုပ်ငန်းများကို နိုဝင်ဘာလ ၂၀ ရက်တွင် စစ်ကိုင်းမြို့၊ စည်ပင်သာယာဈေး၊ နိုဝင်ဘာလ ၂၁ ရက်တွင် မုံရွာမြို့၊ ချင်းတွင်းရတနာဈေးနှင့် မြသလ္လာဈေး၊ နိုဝင်ဘာလ ၂၂ ရက်တွင် မုံရွာမြို့၊ သီရိရတနာဈေးနှင့်သာစည်ဈေး၊ နိုဝင်ဘာလ ၂၃ ရက်တွင် ရွှေဘိုမြို့၊ မြို့မဈေး၊ နိုဝင်ဘာလ ၂၄ ရက်တွင် တန့်ဆည်မြို့ မြို့မဈေးတို့၌ ဈေးကွက်နမူနာများ ကောက်ယူစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

မုံရွာမြို့ချင်းတွင်းရတနာဈေး၌ လက်ဖက်စို၊ လက်ဖက်ခြောက်၊ အကြော်စုံရောင်းသည့်ဆိုင်များ၊ မှျစ်ချဉ်၊ မှျစ်ငန်၊ ပဲတီချဉ်၊ သရက်ချဉ်၊ မုန်လာချဉ်ရောင်းသည့်ဆိုင်များအနက် ၁၆ ဆိုင်နှင့် မြသလ္လာဈေးမှဆိုင် ၂၀ စုစုပေါင်း ၃၆ ဆိုင်မှတစ်ဆိုင်လျှင် စားသောက်ကုန်ပစ္စည်းနမူနာသုံး၊ လေးမျိုးကောက်ယူရာ နမူနာပစ္စည်း ၈၅ မျိုးအား Mobile Lab ယာဉ်ဖြင့် စားသောက်ကုန် ပစ္စည်းများတွင် မစားသင့်သော အချဉ်ဓာတ် (ဆိုဒီယမ်ဟိုက်ဒြိုဂျင်ဆာလ်ဖိတ်) ပါဝင်မှုကို ချက်ချင်းစမ်းသပ်အဖြေထုတ်ရာ နမူနာပစ္စည်း ၁၉ မျိုးတွင် အချဉ်ဓာတ်ပါဝင်ကြောင်းတွေ့ရှိရသဖြင့် အချဉ်ဓာတ် လွန်ကဲစွာပါဝင်သော စားသောက်ကုန်ပစ္စည်းရောင်းသည့် ဆိုင်ရှင်များကို ဈေးကော်မတီရုံးသို့ခေါ်ယူ၍ အသိပေးလက်မှတ်ရေးထိုးခိုင်းပြီး နောက်တစ်ကြိမ်စစ်ဆေးချိန်တွင် ထပ်မံတွေ့ရှိပါက ပစ္စည်းသိမ်းမည်ဖြစ်ပြီး နောက်တစ်ကြိမ်တွင် အစားအသောက်ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ပညာပေး ဆွေးနွေးခဲ့ပါသည်။

**သန်းသန်းတင်(မုံရွာ)**

## ယင်းမာပင်မြို့နယ် အိမ်တွင်းမှူ အမျိုးသမီးသင်တန်းကျောင်းနှင့် ယင်းမာပင်ဈေးအတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနသည် နိုဝင်ဘာလ ၁၄ ရက်က ယင်းမာပင်မြို့ အိမ်တွင်းမှုအမျိုးသမီး သင်တန်းကျောင်းတွင်လည်းကောင်း၊ နိုဝင်ဘာလ ၁၆ ရက်တွင် ယင်းမာပင်မြို့မဈေး၌လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့ပါတယ်။

အဆိုပါဟောပြောပွဲများတွင် ယင်းမာပင်ခရိုင်ဦးစီးမှူး ဒေါ်ခိုင်မို့မို့က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့သည်။ ထို့ပြင် ယင်းမာပင်မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်၊ ဟင်းသီးဟင်းရွက် ကုန်စိမ်းတန်းများ၊ ငါးခြောက်၊ ငါးပိ၊ အသားငါး ရောင်းချနေသော ဈေးဆိုင်များအား မြို့နယ်အဆင့် မိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ ရောင်းချသူ၊ စားသုံးသူ၊ ထုတ်လုပ် သူများအားလုံး ဓါတုလွန်ကဲစွာသုံးစွဲထားသော ဟင်းသီးဟင်းရွက်များ၊ အအေးခဲအသားများ၊ ယင်မနားဆေးများ သုံးစွဲထားမှုမရှိကြစေရန် (FDA) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စားသုံးရန်မသင့် ကြေညာထားသည်များ ရောင်းချခြင်းမရှိစေရန် စစ်ဆေးခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

**ခိုင်မို့မို့ (မြင်းမူ)**

## မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် AAA အမှတ်တံဆိပ် ဘိလပ်မြေကို အိန္ဒိယနိုင်ငံသို့ စတင်တင်ပို့

မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် AAA အမှတ်တံဆိပ် ဘိလပ်မြေများကို တမူး-မိုရေး နယ်စပ်လမ်းကြောင်းမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ စတင်တင်ပို့နေပြီဖြစ်သည်။

မြန်မာ့ဘိလပ်မြေများ၏ အရည်အသွေးကောင်းမွန်ခြင်း၊ ဈေးနှုန်းသက်သာခြင်းကြောင့် အိန္ဒိယနယ်စပ်ဒေသများတွင် ပိုမိုအသုံးပြုလာခဲ့ပါသည်။ အစပထမတွင် တမူးမြို့ရှိ ကုန်မာဆိုင်များနှင့် နန့်ဖာလုံဈေးများတွင် လက်လီရောင်းချခဲ့ရာမှ ဝယ်ယူသုံးစွဲပြီး အရည်အသွေးကောင်းမွန်မှုကြောင့် ဈေးကွက်ရရှိလာခဲ့ခြင်း ဖြစ်ပါသည်။ အဓိကဝယ်ယူအသုံးပြုလျက်ရှိသော ဘိလပ်မြေမှာ AAA အမှတ်တံဆိပ်ဖြစ်ပြီး စက်ရုံဝယ်ယူဈေးမှာ တစ်အိတ်လျှင်ကျပ် ၄၄၈၀ ဖြစ်ရာ တမူးမြို့တွင် လက်လီ ရောင်းဈေးကျပ် ၆၀၀၀ ဖြင့်ရောင်းချလျက်ရှိပါသည်။

နိုဝင်ဘာလ ၁၀ ရက်မှ ၁၅ ရက်အတွင်း တမူး-မိုရေး နယ်စပ်လမ်းကြောင်းမှ တစ်ဆင့် အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၀ သန်းတန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၁၅၀ တင်ပို့နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ဘုန်းမြင့်(DOT-Tamu)**

## စစ်ကိုင်းမြို့ရှိ အမှတ်(၁၈) ဧည့်ကမ္ဘောဇ ပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ



စစ်ကိုင်းခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ တာဝန်ရှိသူ များသည် နိုဝင်ဘာလ ၂၂ ရက်တွင် စစ်ကိုင်းမြို့၊ စိန်ကုန်းရပ်ကွက်ရှိ အမှတ် (၁၈) ဧည့်ကမ္ဘောဇ ပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကိုကျင်းပခဲ့ရာ ဆရာ၊ ဆရာမ ၃၀ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၂၅၀ ဦး တက်ရောက်ခဲ့ကြပါတယ်။

အဆိုပါဟောပြောပွဲတွင် စစ်ကိုင်းခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးမှူးဒေါ်ချိုချိုဝင်းက ဆေးလိပ်၊ အရက်၊ ကွမ်းစားသုံးခြင်း၏နောက်ဆက်တွဲ ဆိုးကျိုးများအကြောင်းနှင့် ဖြစ်ပွားတတ်သော အန္တရာယ်များ အကြောင်းကိုလည်းကောင်း၊ စာရင်းကိုင်-၃ ဦးဇော်ဝင်းက မုန့်မျိုးစုံနှင့် အန္တရာယ်ရှိဆိုးဆေးများအကြောင်းကိုလည်းကောင်း၊ အငယ်တန်းစာရေး ဒေါ်နှင်းနွယ်နီခိုင်က ဟင်းချိုမှုန့်စားသုံးခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ စစ်ကိုင်းမြို့ တာဝန်ခံဒုတိယဦးစီးမှူး ဦးခင်မောင်ဝင်းက ဌာနဖြစ်ပေါ်လာပုံနှင့် လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများ အကြောင်းကိုလည်းကောင်း အကျယ်တဝင့် ရှင်းလင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံးအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို စီမံချက်များရေးဆွဲပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမှာဖြစ်ကြောင်း သတင်းရရှိပါတယ်။

**ချိုချိုဝင်း(စစ်ကိုင်း)**

## ရန်ကုန်ကားဈေးကွက်အမြင့်ဈေးများဖြင့် အရောင်းအဝယ်အေးနေ

နိုဝင်ဘာလကုန်ပိုင်း ရန်ကုန်ကားဈေးကွက်၏ အခြေအနေမှာ အရောင်းအဝယ်များပြန်လည်အေးလာပြီး အရောင်းအဝယ်ဖြစ်ပါကလည်း သိန်း ၁၅၀ နှင့် သိန်း ၂၀၀ ကြား ကားတချို့သာအရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ သို့ရာတွင် ဈေးတန်းအမြင့်ဖြင့် အရောင်းအဝယ်အေးခြင်းမျိုးဖြစ်ပြီး ဈေးခေါ်ယူမှုမြင့်တက်လာခြင်းကြောင့် နံပါတ်အသစ်ကားများ အရောင်းရှိသော်လည်း အဝယ်မရှိဖြစ်လာရကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းကိုမြင့်ကျော်ကပြောသည်။

၂၀၁၈ ခုနှစ်အတွက် ကားတင်သွင်းမှုအစီအစဉ်မူဝါဒ ထုတ်ပြန်ကြေညာအပြီး တစ်ရှိန်ထိုးမြင့်တက်လာခဲ့သော မော်ဒယ်မြင့်ကားလေးများ၊ ဖိုးဝီးလ်စလစ်ကပ်ကားစသည်ဖြင့် အသီးသီးကဏ္ဍစုံမြင့်တက်ခဲ့သည့်ကားဈေးတန်းသည် ယခုအခါ ပြန်လည် ကျဆင်းလာခြင်းမရှိဘဲ အတက်ဈေးများ ဖြင့်ပင် ဈေးကွက်အေး၊ အရောင်းအဝယ်အေးနေကြခြင်းဖြစ်ကြောင်းသိရသည်။ ကားဈေးကွက်အေးသဖြင့် စလစ်ဈေးများလည်း အေးလာပြီး ကျပ် ၁၃၅ သိန်းဝန်းကျင်တန်းနေကာ ယခင်မျှော်မှန်းသကဲ့သို့ ဒီဇင်ဘာလသတ်မှတ်ရက်နီးလေ စလစ်ဈေးမြင့်တက်လေဖြစ်နိုင်ကြောင်း မှန်းဆကြသော်လည်း လက်ရှိတွင် ပြည်တွင်းဒေါ်လာဈေးမြင့်တက်လာခြင်း၊ အဓိက ကားတင်သွင်းသည့် ဂျပန်နိုင်ငံငွေဈေးမြင့်တက်လာခြင်း၊ စလစ်သက်တမ်းတိုးပေးခြင်း စသည့်အကြောင်းများကြောင့် အသစ်တင်သွင်းသူများလည်း ချိန်ဆ၍ တင်သွင်းလာကြခြင်းဖြစ်ကြောင်း ၎င်းတို့က သုံးသပ်ပြောကြားသည်။

လတ်တလောဈေးကွက်ထဲတွင် အနည်းငယ်အရောင်းအဝယ်ဖြစ်သည်မှာ လိုအပ်သဖြင့်ဝယ်စီးသူနည်းပါးပြီး ဈေးတက်ကာလအမီ အနည်းငယ်ဝယ်ကောက်စုဆောင်းရောင်းချမည့်အုပ်စုများသာ အချင်းချင်းလှည့်လည်ဝယ်ယူပြီး ပြန်လည်ဆင်ယင်ကာ ဈေးကွက်ပြန်သွင်းသည့်ကားမျိုးများ၊ လက်ရှိအဟောင်းစီးနေရာမှ အဟောင်းထုတ်ပြီး မော်ဒယ်မြင့်ပြည်တွင်းအပ်ဂျပန်ကားများ ဝယ်ယူစီးနင်းသူများ ရှိလာသဖြင့် Brand New နှင့် အလဲအထပ်သဘောဖြစ်လာခြင်း၊ လက်ရှိ ရောက်ခုနှစ်မော်ဒယ်များအား မမက်မောဘဲ အင်ဂျင်ပါဝါ အလယ်အလတ်ရှိကားများသာ စိတ်ဝင်စားသူများလည်း သီးသန့်ရှိပြီး ၎င်းတို့မှာလက်ရှိကားလည်းဈေးလျှော့မရောင်းနိုင်၊ ဒီထက်ပိုမော်ဒယ်မြင့်သည့်ကားအား ထပ်မံဝယ်ယူရန် ကွာဟနေသဖြင့် စောင့်ဆိုင်းမှုများနေပြီး ငွေချန်ကာအလဲအထပ်လုပ်လိုသူများစသည်ဖြင့် ပုံစံအမျိုးမျိုးဖြင့် အရောင်းအဝယ်လုပ်ကြသည်သာတွေ့ရကြောင်းသိရသည်။

ဝါရင့်ယာဉ်ဝယ်ရောင်းများ၏လက်ရှိဈေးကွက်သုံးသပ်ချက်အရ ယခုနှစ်အတွက် ပါမစ်တပ်ရမည့်သတ်မှတ်ရက်လည်း တရားဝင်အသိပေးထားပြီးဖြစ်သလို တစ်လပင်မကျန်တော့သည့်အခြေအနေတွင် ကားအရောင်းအဝယ်နှင့်ကားဈေးတန်းမှာ ယခုကဲ့သို့အခြေအနေဖြစ်ပေါ်နေသဖြင့် ရှေ့လာမည့်နှစ်တွင် တင်သွင်းမှုလျှော့ကာဈေးတန်းလှုပ်ခတ်နိုင်သော်လည်း အမြင့်ဆုံးဈေးတန်းများရောက်ရှိနေသည့်အပြင် ပြည်တွင်း၌ တပ်ဆင်သော အသစ်စက်စက်ကားများလည်း ထွက်ပေါ်နေပြီဖြစ်၍ ယခုထက် ပို၍ ဈေးမြင့်လာနိုင်ဖွယ်မရှိကြောင်း သုံးသပ်ချက်အရ သိရသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပါဆို (၂၀၁၁) | ယာယီ | ၁၆၅ သိန်း | 1.0 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | အာပီအာ (၂၀၁၁) | ယာယီ | ၃၇၅ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | မတ်(စ်)အိပ်(စ်) (၂၀၀၆) | K | ၄၀၀ သိန်း | 3.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ဝုရ္ဂ် (၂၀၀၃) | E | ၂၀၅ သိန်း | 1.8 ဓာတ်ဆီ၊ အိပ်(စ်)ဂရိတ် |
| ၅။ | ကလူဂျာ (၂၀၀၂) | D | ၂၇၀ သိန်း | 3.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ကလူဂျာ (၂၀၀၆) | M | ၄၇၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဟွန်ဒါအင်ဆိုဒ် (၂၀၁၂) | ယာယီ | ၂၅၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | အာလ်ဖတ် (၂၀၀၃) | G | ၃၆၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား (နှစ် ၂၀) | | ၁၂၅ သိန်း | ကားကောင်း |

# ပုသိမ်ခရိုင်စားသုံးသူရေးရာဦးစီးဌာနနှင့် ပုသိမ်မြို့ရှိဟာလဝါလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

ပုသိမ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် ပုသိမ်မြို့ရှိ ဟာလဝါလုပ်ငန်းရှင်များအသင်းတို့ တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာလ ၁၀ ရက်တွင် ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲကို ပုသိမ်မြို့ရှိဟာလဝါလုပ်ငန်းရှင်များအား ပြည်တွင်း ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍတိုးတက်ရေးအတွက်လည်းကောင်း၊ ပုသိမ်မြို့ ဟာလဝါလုပ်ငန်းများ အရည်အသွေးပြည့်မီပြီး တိုင်း၏ ဒေသထွက်ကုန် အစားအစာ ပုံရိပ်ကောင်းမွန်စေရေးအတွက်လည်းကောင်း ရည်ရွယ်၍ တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ တိုင်းစားသုံးသူရေးရာဦးစီးဌာန၊ တိုင်းအသေးစား စက်မှုလက်မှုလုပ်ငန်း၊ ဒုတိယခရိုင်ရဲမှူး၊ ခရိုင်စက်မှုကြီးကြပ်၊ စည်ပင်သာယာနှင့် ပုသိမ်မြို့မှ ဟာလဝါလုပ်ငန်းရှင်များ စုစုပေါင်း ၄၀ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာတိုင်းဦးစီးမှူးက ယခုကဲ့သို့ ဟာလဝါလုပ်ငန်းရှင်များအား ခေါ်ယူတွေ့ဆုံခြင်းမှာ ပုသိမ်မြို့ ဟာလဝါလုပ်ငန်းများတွင် ကော်မှုန့်(ပီလောပီနံ)များဖြင့် ထုတ်လုပ်၍ ရောင်းချမှုများရှိနေသဖြင့် ပုသိမ်မြို့၏ အဓိကဒေသထွက် အစားအစာဖြစ်သော ဟာလဝါလုပ်ငန်း၏ပုံရိပ်များ ကျဆင်းလာသဖြင့် မှန်မှန်ကန်ကန် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချစေလိုကြောင်း၊ စားသုံးသူကာကွယ်ပေးရေး ဥပဒေတွင်လည်း စားသုံးသူများအား ထုတ်လုပ်မှုဖြစ်စဉ်အရ လိမ်လည်လှည့်ဖြားခြင်းမပြုရန် ပါရှိကြောင်း၊ သို့အတွက် လုပ်ငန်းရှင်များအနေနှင့် စားသုံးသူများနစ်နာမှုမရှိစေရေးအတွက် စီးပွားရေးလုပ်ငန်းရှင်အတွက် တားမြစ်ချက်များအား လိုက်နာဆောင်ရွက်သွားကြရန် ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးက ပုသိမ်မြို့ဟာလဝါလုပ်ငန်းသည် ပုသိမ်မြို့၏ အဓိကဂုဏ်ဆောင် အစားအသောက်ထုတ်ကုန်ဖြစ်ပါကြောင်း၊ ကောက်ညှင်းဆန်ဖြင့်သာ အဓိကထုတ်လုပ်ပြီး ခရီးသွားပြည်သူများက လက်ဆောင်အဖြစ် ဝယ်ယူနေကြပါကြောင်း၊ ယခုအခါပီလောပီနံဖြင့် ထုတ်လုပ်ပြီး မမှန်မကန်ရောင်းဝယ်နေမှုကြောင့် အထားမခံကြောင်း၊ အိမ် ပြန်ရောက်လျှင် ချဉ်ပြီးစား၍မရကြောင်း၊ စားသုံးသူများနစ်နာမှုများရှိနေခြင်း၊ ပုသိမ်၏ အဓိကမြို့ဂုဏ်ဆောင်အစားအစာ ဖြစ်၍ ထိခိုက်မှုများရှိနေသဖြင့် ခေါ်ယူတွေ့ဆုံခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်အရလည်း သက်ဆိုင်ရာ လုပ်ငန်းများ၌ စည်ပင်၊ အသေးစား၊ စက်မှုလက်မှု လုပ်ငန်းလိုင်စင်များ ပြည့်စုံစွာ ဆောင်ရွက်ထားရှိရန်၊ ကုန်အမှတ်တံဆိပ်များကပ်ရန်၊ ကုန်အမှတ်တံဆိပ်တွင် ပါဝင်ပစ္စည်း၊ ထုတ်လုပ်သည့်ရက်စွဲ၊ ကုန်ဆုံးသည့်ရက်စွဲ၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်များထည့်သွင်းရန် ညွှန်ကြားခဲ့ပါကြောင်း၊ ၎င်းအချက်များအား လိုက်နာဆောင်ရွက်နိုင်ပါရန် ခေါ်ယူ တွေ့ဆုံခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ စားသောက်ကုန်ထုတ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌက ဟာလဝါဆိုသည်မှာ ကောက်ညှင်းဆန်ဖြင့်သာ ထုတ်လုပ်ခြင်းဖြစ်ပြီး ပုသိမ်မြို့၏ အဓိကပုံရိပ် လက်ဆောင်အစားအစာ ဖြစ်ပါကြောင်း၊ ပီလောပီနံဖြင့် ထုတ်လုပ်မည်ဆိုပါက ဟာလဝါ နာမည်မပျက်ရေးအတွက် အခြားနာမည်တစ်ခုစဉ်းစားသင့်ကြောင်း၊ ဟာလဝါ ထုတ်လုပ် ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်များ များပြားသည့်အတွက် စားသောက်ကုန် ထုတ်လုပ်ငန်းရှင်များ အသင်းဝင်ရောက်ရေးနှင့် ဟာလဝါလုပ်ငန်းရှင် အစုအဖွဲ့ ဖွဲ့စည်းပြီး ကောင်းမွန်သော ဟာလဝါများ ထုတ်လုပ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ပြောကြားခဲ့ပါသည်။ ဆက်လက်၍ စည်ပင်၊ အသေးစား၊ စက်မှုကြီးကြပ်တို့မှလည်း လုပ်ငန်းအလိုက် လုပ်ဆောင်ရမည့် လုပ်ငန်း လိုင်စင်များအား ပြည့်စုံစွာ လုပ်ကိုင်ကြရန်၊ မရှိပါက ဌာနအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းများအား ရှင်းလင်းခဲ့ပါသည်။

တက်ရောက်လာသော ဟာလဝါလုပ်ငန်းရှင်များ၏ ဆွေးနွေးချက်များအရ ပုသိမ်မြို့ ဟာလဝါလုပ်ငန်းသည် မြို့၏အဓိကပုံရိပ်အစားအစာဖြစ်သဖြင့် ပီလောပီနံဖြင့်ထုတ်လုပ်ခြင်း မပြုဘဲ ကောက်ညှင်းဆန်ဖြင့်သာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရန်၊ လုပ်ငန်း လိုင်စင်များပြည့်စုံစွာ ဆောင်ရွက်ထားရှိရန်၊ ကုန်အမှတ် တံဆိပ်ပြုလုပ်ပြီး ပါဝင်ပစ္စည်း၊ ထုတ်လုပ်ရက်၊ ကုန်ဆုံးရက်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်များ ထည့်သွင်းသွားရန်နှင့် အဆိုပါ လုပ်ငန်းများအား ၂၀၁၈ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် စတင်လုပ်ဆောင်ရန်၊ စားသောက်ကုန်ထုတ်လုပ်ငန်းရှင်များ အသင်းဝင်ရန်၊ ဟာလဝါအစုအဖွဲ့ ဖွဲ့စည်းရန်တို့ကို တက်ရောက်လာသော လုပ်ငန်းရှင်များမှ အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်ပုသိမ်**

## ပုသိမ်မြို့ မြက်တိုသမဝါယမသင်တန်းကျောင်းတွင် JICA ၏ ချေးငွေအစီအစဉ်ဖြင့် ဝယ်ယူသည့် လယ်ယာသုံးစက်ကိရိယာများအား တောင်သူများထံသို့ ပေးအပ်ပွဲအခမ်းအနားကျင်းပ

ပုသိမ်မြို့၊ မြက်တိုသမဝါယမသင်တန်းကျောင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က အကောင်အထည်ဖော်ဆောင်ရွက်မည့် စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးချေးငွေ JICA (Two Step Loan) ဖြင့် ဝယ်ယူသည့် လယ်ယာသုံးစက်ကိရိယာများအား ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တောင်သူများအား ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာလ ၁၈ ရက်က ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်း၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူ၊ JICA Myanmar Office မှ တာဝန်ရှိသူ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းမန်နေဂျာ ဦးသန်းဌေးအောင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းအဆင့်အရာရှိများ၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ကုမ္ပဏီများ၊ တိုင်းဒေသကြီးအတွင်းရှိ တောင်သူများစုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။



ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း JICA Two Step Loan နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ ချေးငွေပမာဏနှင့် ကာလအပိုင်းအခြား၊ ချေးငွေဆိုင်ရာ အချက်အလက် များ၊ တောင်သူများသို့ ချေးငွေထုတ်ချေးမည့်သက်တမ်းနှင့် ဝယ်ယူဆောင်ရွက်နိုင်သည့် လုပ်ငန်းအမျိုးအစား (နှစ်တိုချေးငွေ၊ နှစ်ရှည်ချေးငွေ) ထုတ်ချေးသည့်ချေးငွေအမျိုးအစား၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိက အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ဆောင်ရွက်နေသော တောင်သူလယ်သမားများအတွက် လယ်ယာသုံး စက်ကိရိယာဝယ်ယူရန် လိုအပ်သောရပ်ကွက်/ကျေးရွာ ချေးငွေစိစစ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်၊ တောင်သူများစက်အမျိုးအစားအလိုက် ရွေးချယ်ဝယ်ယူနိုင်မှု၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ကုန်မြှင့်တင်ရေးနှင့် စားနပ်ရိက္ခာဖူလုံစေရေးတို့အပြင် မွေးမြူရေးနှင့် စက်မှုကဏ္ဍတိုးတက်လာစေရန်သာမက စီးပွားရေးလုပ်ငန်းများတိုးတက်ကာ ကုန်ထုတ်လုပ်မှု စွမ်းအားများ ဖွံ့ဖြိုးလျက် ကျေးလက်နှင့် မြို့ပြဒေသ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ JICA ၏ အစီအစဉ်ဖြင့် ဝယ်ယူထားသော လယ်ယာသုံး စက်ကိရိယာများကို တိုင်းဒေသကြီးအတွင်းရှိတောင်သူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါ်လမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါ်နန်းခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Vol: 17, No.46 Monday November 27 2017

# (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၂၇-၁၁-၂၀၁၇ မှ ၃-၁၂-၂၀၁၇ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** အရာရာတွင်ဆန္ဒလွန်ကဲစွာဖြင့် လုပ်ကိုင်ပြောဆိုတတ်သည်။ စီးပွားရေးအတွက်အားတက်စရာ တွေ့ရသော်လည်း မိမိ၏ကြိုးစားအားထုတ်မှုလျော့နည်းနေတတ်သည်။ ပညာရေးတွင်အားနည်းချက်ဝင်လာတတ်သည်။ ကျန်းမာရေးချူချာမှုရှိမည်။ ငွေကြေးဥစ္စာနှင့်ပတ်သက်သောစကားပြောရာတွင် အဆင်ပြေလိမ့်မည်။ အချစ်ရေးတွင် အဆင်ပြေစေရန်သတိထားဆက်ဆံရလိမ့်မည်။

**ယတြာ။ မိမိအိမ်မှဘုရားကို ရေသပ္ပါယ်၍ လိုရာဆုတောင်းပါ။**



**တနင်္လာသားသမီးများအတွက်** လုပ်ငန်းတာဝန်များပြားစွာ ဆောင်ရွက်ရတတ်သည်။ ပင်ပန်းမှုအတွက်ရလဒ်ကောင်းများ နှင့်လည်းဆုံဆည်းရလိမ့်မည်။ ပညာရေးတွင်အားတက်စရာ တွေ့ရတတ်သော်လည်း၊ မိမိ၏ကြိုးစားအားထုတ်မှုလျော့နည်းနေတတ်သည်။ နှလုံးသားအရေးတွင် သံသယအတွေးစိတ်ဝင်နေတတ်သည်။ အိမ်ထောင်ရှိသူဆို လျှင် အိမ်တွင်းရေးပြဿနာဖြစ်ရတတ်သည်။ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းနေတတ်သည်။

**ယတြာ။ ။ဘုရားဖူးသွားမည့်ခရီးသည်အား ခရီးစရိတ်ဒါန ပြုလိုက်ပါ။**



**အင်္ဂါသားသမီးများအတွက်** လုပ်ငန်းခွင်တွင်စိတ်သောက ဖြစ်စရာကြုံလာတတ်သည်။ တစ်ပါးသူအတွက်အကူအညီ ပေးရတတ်သည်။ မမျှော်လင့်သောပစ္စည်းဥစ္စာဝင်လာတတ်သည်။ ပညာရေးတွင်ကြိုးစားမှုအားကောင်းလာတတ်သည်။ မေတ္တာရေးနယ်ပယ်တွင် လက်တွေ့ဆန်သောအချစ်ဒဿနမျိုးဖြစ်လာတတ်သည်။ မတူကွဲပြားသောစိတ်သဘောရှိသူကို ဆက်ဆံရတတ်သည်။ ကျန်းမာရေးလိုက်စားမှု ကျင့်ကြံအားထုတ်မှုကောင်းလာတတ်သည်။

**ယတြာ။ ။အကြံအစည်များ အောင်မြင်ရန် အောင်သပြေလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** မိမိ၏လုပ်ဆောင်ချက် အပေါ် အားပေးသူ၊ အသိအမှတ်ပြုသူများရှိလာတတ်သည်။ ငွေကြေးကိစ္စနှင့်ပတ်သက်၍ လူလိမ်နှင့်တွေ့ရတတ်သည်။ ပညာရေး၊ စီးပွားရေးအတွက် အောင်မြင်မှုရရှိရန် အခွင့်အလမ်းတွေ့လာတတ်သည်။ အထက်လူကြီး၏ ငြိုငြင်ခံရမှုရှိတတ်သည်ကို သတိရှိပါ။ ကျန်းမာရေးသင့်တင့်နေမည်။ အချစ်ရေးအတွက် အဆင်ပြေနေလိမ့်မည်။

**ယတြာ။ ။ထမနဲဆွမ်းကပ်ပါ။**



**ကြာသပတေးသားသမီးများအတွက်** တစ်ပါးသူ၏စကားကို ယုံလွယ်နေတတ်သည်။ စီးပွားရေးတိုးတက်မှုရှိနေမည်။ လုပ်ငန်းကို အောင်မြင်အောင်ဆောင်ရွက်နိုင်လိမ့်မည်။ ရာထူးတက်ရန် အလားအလာကောင်းနေလိမ့်မည်။ ပညာရေးကောင်းနေမည်။ အချစ်ရေးအတွက် အလေးအနက်ထားစဉ်းစားလိမ့်မည်။ ကျန်းမာရေးဂရုစိုက်သင့်သည်။ ခွဲစိတ်ကုသမှုခံရကိန်းရှိသည်။ အချစ်ရေးနှင့်ပတ်သက်၍မတင်မကျမှု များနေမည်။

**ယတြာ။ ။ပင်လယ်ကမ်းခြေလေဝအောင်ရှုပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ကိုင်ရာတွင် အကြောင်းတရားနှင့်အကျိုးတရားကို ဆက်စပ်တွေးခေါ် နိုင်လိမ့်မည်။ ကြီးကျယ်ခမ်းနားသောလုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်နိုင်လိမ့်မည်။ ပညာရေးကံကောင်းနေမည်။ အချစ်ရေးတွင် ပတ်ဝန်းကျင်စွက်ဖက်မှုရှိလာတတ်သည်။ အိမ်ထောင်ရေး အဆင်ပြေနေမည်။ ကျန်းမာရေးသင့်တင့်လိမ့်မည်။ တစ်ခါတရံသွေးသား မမှန်ခြင်းကြောင့် ယားယံခြင်းဖြစ်တတ်ပါသည်။

**ယတြာ။ ။သစ်သီးဆွမ်းကပ်လှူပါ။**



**စနေသားသမီးများအတွက်** မိမိ၏ဘဝအတွေ့အကြုံများ အပေါ်ပြန်လည်စဉ်းစားမိတတ်သည်။ လုပ်ငန်းကိုအောင်မြင်အောင်ဆောင်ရွက်နိုင်လိမ့်မည်။ စီးပွားရေးအတွက် အောင်မြင်မှုရှိရန် အခွင့်အလမ်းတွေ့တတ်သည်။ မင်းမှုထမ်း အထက်လူကြီးများနှင့်ပြေလည်မည်။ စီးပွားရေး၊ လူမှုရေးတို့အတွက်ဆက်ဆံရေးသင့်တင့်နေမည်။ ပညာရေး၊ ကျန်းမာရေးကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေး သင့်တင့်နေမည်။

**ယတြာ။ ။ ထန်းလျက်နှင့်ပြုလုပ်သောအာဟာရမုန့် လှူဒါန်းပါ။**

# ၂၀၁၈-၂၀၁၉ခုနှစ် ပဲစင်းငုံ၊ ပဲတီစိမ်း၊ မတ်ပဲ စိုက်ပျိုးထုတ်လုပ်ရာတွင် တောင်သူများ ထိခိုက်နစ်နာမှုမရှိစေရေးအတွက် ဆောင်ရွက်မည့် ရေရှည်လုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်

အိန္ဒိယနိုင်ငံမှ ပဲဝယ်ယူတင်သွင်းမှု ကန့်သတ်ခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့်အကျိုးဆက်များအပေါ် ပြောင်းလဲ စိုက်ပျိုးနိုင်ရန် မြင်းခြံခရိုင်တွင် ရေရှည်စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရှိရပါသည်။ မြင်းခြံခရိုင်၌ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ပဲစင်းငုံဧက ၁၈၂၀၀၊ မိုးပဲတီစိမ်း ၅၁၀၈၃ ဧက၊ ဆောင်းပဲတီစိမ်းဧက ၅၀၀၀ နှင့် ဆောင်းမတ်ပဲ ၅၈၇ ဧကစိုက်ပျိုးဆောင်ရွက်ရန်လျာထား သတ်မှတ်ထားပါသည်။ ၂၀၁၈-၂၀၁၉ခုနှစ်တွင် ပဲစင်းငုံ အစား ပြောင်းလဲစိုက်ပျိုးမည့် သီးနှံများမှာ မိုးမြေပဲ၊ ပဲလွန်း၊ မိုးငရုတ်၊ မိုးကြက်သွန်နီ၊ မိုးနှမ်း၊ မိုးအစေ့ထုတ်ပြောင်းသီးနှံများဖြစ်ပြီး မိုးပဲတီစိမ်းအစား ပြောင်းလဲစိုက်ပျိုးမည့်သီးနှံများမှာ မိုးမြေပဲ၊ မိုးအစေ့ထုတ်ပြောင်း၊ မိုးစွန်တာနီ၊ မိုးပဲကြီး၊ မိုးနှမ်းသီးနှံများ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ၂၀၁၈-၂၀၁၉ ခုနှစ်ဆောင်း သီးနှံပဲတီစိမ်းအစား ပြောင်းလဲ စိုက်ပျိုးမည့်သီးနှံများမှာ ဆောင်းအခြားပဲ၊ ဆောင်းနှမ်း၊ ဆောင်းနေကြာ၊ ဆောင်းအစေ့ထုတ်ပြောင်း၊ ဆောင်းကုလားပဲ၊ ဆောင်းပဲပုပ် သီးနှံများဖြစ်ပါသည်။ ဆောင်းမတ်ပဲအစား ပြောင်းလဲစိုက်ပျိုးမည့် သီးနှံများမှာ ဆောင်းပဲပုပ်၊ ဆောင်း အစေ့ထုတ်ပြောင်း သီးနှံများဖြစ်ပါသည်။

မျိုးလိုအပ်မှုကိုဖြည့်ဆည်းရန် မျိုးသန့်ခြံများနှင့် ချိတ်ဆက်ပေးခြင်း၊ မျိုးစေ့ဘဏ်စနစ်ဖြင့်လည်းကောင်း၊ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ တောင်သူလက်ဝယ်ရှိပြီးဖြစ်၍ တောင်သူအချင်းချင်း ချိတ်ဆက်ပေးခြင်းဖြင့်လည်းကောင်း ဆောင်ရွက်သွားမည် ဖြစ်ပြီး နည်းပညာပေးဆွေးနွေးပွဲများအား မြို့နယ်အလိုက်၊ ရွှေတန်းနယ်မြေအလိုက် ပြုလုပ်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရှိရပါသည်။

**ဦးမိုးကင်း(မြင်းခြံ)**

# ရေဦးမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် စာသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပြီး ကုန်စုံဆိုင်များအား ကွင်းဆင်းစစ်ဆေး

ရေဦးမြို့နယ်၊ စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးအောင်ညွှန့်၊ အငယ်တန်းစာရေး ဒေါ်ပြည့်ဖြိုးဝေတို့သည် မိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ နိုဝင်ဘာလ ၈ ရက်က ဗိုလ်အောင်ဇေယျရပ်ကွက်ရှိ အားမာန်သစ်ကိုယ်ပိုင် အထက်တန်းကျောင်းတွင်လည်းကောင်း၊ နိုဝင်ဘာလ ၁၅ ရက်တွင် ကုက္ကိုစုကျေး ရွာအုပ်စု၊ ကုက္ကိုစုကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင်လည်းကောင်း၊ နိုဝင်ဘာလ ၁၇ ရက်က အောင်ချမ်းသာရပ်ကွက်ရှိပညာရဲရင့်ကိုယ်ပိုင် အထက်တန်းကျောင်းတွင်လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောခဲ့ပါသည်။ အဆိုပါ ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန အပါအဝင် မိတ်ဖက်ဦးစီးဌာနအသီးသီးမှ တာဝန်ရှိသူများက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ၊ မီးဘေးနှင့် သဘာဝဘေးဆိုင်ရာ သိကောင်းစရာများနှင့် စာပေဖတ်ရှုရခြင်း၏ အကျိုးကျေးဇူးများကို အသီးသီး ဟောပြောဆွေးနွေးခဲ့ကြသည်။ ဟောပြောပွဲသို့ ဆရာ/ဆရာမ ၅၀ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၃၀၁ ဦး၊ ပေါင်း ၃၅၁ ဦး တက်ရောက်ခဲ့ပြီး ပညာပေးလက်ကမ်းစာစောင် ၂၀၉ စောင်ဖြန့်ဝေ ပညာပေးခဲ့ပါသည်။ အဆိုပါအဖွဲ့သည် နိုဝင်ဘာ ၁၅ ရက်က ရေဦးမြို့ ဗိုလ်အောင်ဇေယျရပ်ကွက်ရှိ ဒေါ်ခင်မာဌေး၏ ကုန်စုံဆိုင်သို့ ကွင်းဆင်းစစ်ဆေးရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သတင်းစာများတွင် စားသုံးရန်မသင့်ကြောင်း ကြေညာထားသည့် စားသောက်ကုန်များ၊ ရက်လွန်အစားအစာများ၊ မှိုတက်အစားအစာများ ရောင်းချမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနမှ သတင်းစာများတွင် ကြေညာထားသည့် စားသုံးရန်မသင့် စားသောက်ကုန်များ စာရင်းစာရွက်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**အောင်ညွှန့်(ရေဦး)**

# မအူပင်မြို့နယ်တွင် ကောက်စောစပါးများရိတ်သိမ်းလျက်ရှိပြီး ဝယ်လိုအားကောင်း၍ဈေးကောင်းရနေ



မအူပင်မြို့နယ်အတွင်းရှိကျေးရွာအချို့တွင် ကောက်စောစပါးများ ရိတ်သိမ်းလျက်ရှိပြီး ဝယ်လိုအားကောင်း၍ ဈေးကောင်းရနေကြောင်းသိရသည်။

မအူပင်မြို့နယ် သိုက်ကုန်းကျေးရွာတွင် ရိတ်ခြွေစက်များ ငှားရမ်းကာ တစ်ကွက်မှည့် တစ်ကွက်ရိတ်စနစ်ကို ကျင့်သုံးနေကြောင်း၊ ကျေးရွာအရောက် ဧည့်မထ စပါးတင်း ၁၀၀ လျှင်ကျပ် ၅၉၀၀၀၀ ဖြင့် ဝယ်ယူလျက်ရှိကြောင်း သိုက်ကုန်းကျေးရွာ မှ တောင်သူတစ်ဦးက ပြောကြားခဲ့သည်။

ယခုအခါ မအူပင်မြို့နယ်အတွင်းရှိ ကျေးရွာအတော်များများတွင် ကောက်စောစပါးများ ပိုမိုများပြားစွာထွက်ပေါ်လျက်ရှိပြီး မအူပင်လှေဆိပ်ဆန်စက်တန်းတွင် တစ်စက်လျှင် တစ်နေ့စပါးတင်း ၁၀၀၀ ခန့် ဝယ်ယူရရှိနေကြောင်းနှင့် ကြိတ်ခွဲပြီး ဆန်များကို ဧည့်မထ တစ်အိတ်လျှင်ကျပ် ၂၁၀၀၀ နှင့် ဆင်းသုခ၊ မနောသုခ ဆန် တစ်အိတ်လျှင် ကျပ် ၂၃၅၀၀ ဖြင့် အမှာစာများ ရရှိထားကြောင်း ဆန်စက်ပိုင်ရှင်များ၏ ပြောကြားချက်အရ သိရှိရပါသည်။

**CONSUMER- MT**

# ဇေယျာသီရိမြို့နယ် ရေဆင်းဈေးရှိ မုန့်ဆိုင်များ၊ ကုန်စုံဆိုင်များအား ကွင်းဆင်းစစ်ဆေး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးငြိမ်းနှင့်မိတ်ဖက်အဖွဲ့ဝင်များပူးပေါင်း၍ နိုဝင်ဘာလ ၂၃ ရက်တွင် ဇေယျာသီရိမြို့နယ် ရေဆင်းဈေးအတွင်းရှိ မုန့်မျိုးစုံအရောင်းဆိုင်များ၊ ကုန်စုံဆိုင်များ၊ ဆေးအရောင်းဆိုင်များအား ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန် စစ်ဆေးခဲ့သည်။ ယင်းသို့စစ်ဆေးရာတွင် သက်တမ်းလွန်မုန့်များ၊ သက်တမ်းလွန်ဆေးဝါးများ၊ ထောက်ခံချက်မပါရှိသော တရုတ်ကြက်အူချောင်းများ၊ ကျင်းထုံခြင်ဆေးဗူးများတွေ့ရှိခဲ့ရာ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့စုံ ရှေ့မှောက်တွင် မြေကျင်းတူး၍ မြေမြှုပ်ဖျက်ဆီးခြင်းကို ရေဆင်းအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

**စိုးထင်လင်း(နေပြည်တော်၊ တပ်ကုန်း)**

# Myanmar Cyber Security Challenge 2018 ပြိုင်ပွဲ ကျင်းပမည်

Myanmar Cyber Security Challenge 2018 ပြိုင်ပွဲကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်တွင် ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲ ကျင်းပရခြင်းမှာ မြန်မာနိုင်ငံအတွင်းရှိ လူငယ်လူရွယ်များ Cyber Security ပိုင်းဆိုင်ရာ အသိအမြင်နှင့် ကျွမ်းကျင်မှုများ တိုးတက်လာစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

"အခုနောက်ပိုင်းမှာ ကမ္ဘာတစ်ဝန်းမှာ Cyber Crime နဲ့ ပတ်သက်ပြီး ခြိမ်းခြောက်မှုတွေ များပြားလာပါတယ်။ အဲဒီအတွက် မြန်မာနိုင်ငံက လူငယ်တွေကို ဆိုက်ဘာလုံခြုံရေးရဲ့ အရေးပါမှုကိုသိရှိအောင်၊ နောက်ပြီး Information Security နဲ့ Cyber Security ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုတွေ၊ Cyber Attack နဲ့ ပတ်သက်ပြီး ကာကွယ်နိုင်မယ့်နည်းလမ်းတွေ သိရှိလာအောင် ရည်ရွယ်ပြီး ကျင်းပပေးတာပါ။ အဲဒီလိုလုပ်တဲ့အခါမှာလည်း နိုင်ငံတကာ စံသတ်မှတ်ချက်တွေနဲ့အညီ ထုတ်ထားတဲ့ Problem Set တွေကို ဖြေဆိုခြင်းဖြင့် အတွေ့အကြုံကောင်း ရရှိအောင် လုပ်ဆောင်ပေးတာပါ"ဟု Organizer Team မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် အတွက် Web Security, Reverse Engineering, Cryptography + Steganography, Pwn, Forensics, Miscellaneous စသည့် ဘာသာရပ်များကို လေ့လာရမည်ဖြစ်ပြီး အသက် ၃၀ နှစ်ထက်မကြီးသူများသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ယှဉ်ပြိုင်ရာတွင် သုံးယောက်တစ်ဖွဲ့နှုန်းဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး လျှောက်ထားသူအဖွဲ့ ၂၀ ထက် ကျော်လွန်ပါက အွန်လိုင်းစာမေးပွဲစစ်ဆေး၍ ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်း၊ ဇန်နဝါရီ ၁၂ ရက်ကို လျှောက်လွှာပိတ်ရက်အဖြစ် သတ်မှတ်ထားပြီး ၂၀ ရက်တွင် ပြိုင်ပွဲဝင်ခွင့်ရရှိသူစာရင်းကို ကြေညာမည်ဖြစ်ကြောင်း သိရသည်။

ဆုချီးမြှင့်ရာတွင် ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ၇ သိန်းနှင့် တတိယဆုငွေကျပ် ၅ သိန်းတို့အပြင် Trophy နှင့် Certificate များကိုလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါပြိုင်ပွဲကိုလည်း ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်တွင် ရန်ကုန်မြို့ရှိ MICT Park, ညီလာခံခန်းမ၌ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

# BarCamp Yangon 2018 ကို လာမည့်ဇန်နဝါရီလတွင် ကျင်းပမည်

BarCamp Yangon 2018 ကို လာမည့်ဇန်နဝါရီလ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘားကမ့်ပွဲကျင်းပရခြင်းမှာ လူငယ်များ၏ တီထွင်ဖန်တီးမှု ပိုမိုတိုးတက်လာစေရန်၊ ဝါသနာတူများစုစည်း၍ အောင်မြင်သော အနာဂတ်အခွင့်အလမ်းများ ဖန်တီးရရှိစေရန်နှင့် အဆင့်အတန်းမခွဲခြားဘဲ မတူကွဲပြားမှုနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"တစ်ကမ္ဘာလုံးမှာ ဘားကမ့်ပွဲကျင်းပနေပေမယ့် မြန်မာနိုင်ငံကဘားကမ့်က နိုင်ငံတကာက ပွဲတွေအနက် လူဦးရေအများဆုံး တက်ရောက်တဲ့ပွဲလည်းဖြစ်ပါတယ်။ နောက်ပြီးဘားကမ့်ပွဲက နည်းပညာတစ်ခုတည်းအတွက် ရည်ရွယ်ပြီး ကျင်းပတာမဟုတ်တဲ့အတွက် တခြားကဏ္ဍကအကျိုးကျေးဇူးရှိမယ့် ဘယ်အကြောင်းအရာကိုမဆို ဝင်ရောက် ဆွေးနွေးနိုင်ပါတယ်"ဟု Organizer Team မှ ဦးသောင်းစုငြိမ်းက ပြောသည်။

"ဒီနှစ်မှာ Theme design ပြိုင်ပွဲကိုလည်း လုပ်သွားမှာပါ။ ပြိုင်မယ့်သူက Theme အရေးအတွက် အကန့်အသတ်မရှိ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါတယ်။ အဓိက,က ကိုယ်တိုင်ရေးဆွဲထားပြီး မသုံးရသေးတဲ့ ဒီဇိုင်းဖြစ်ဖို့ပါပဲ။ နောက်ပြီး ဘားကမ့်ရန်ကုန်ပွဲကိုလာဖို့ အားလုံးကိုလည်း ဖိတ်ပါတယ်။ နည်းပညာနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေကို သိရှိဖို့အတွက် ဝင်ရောက်နားထောင်ကြပါ။ လေ့လာကြပါလို့ အကြံပြုပါတယ်"ဟု ၎င်းက ထပ်မံပြောသည်။

ဘားကမ့်ရန်ကုန်ကို ၂၀၁၁ ခုနှစ်မှစတင်ကာ ပထမဆုံးအကြိမ် ကျင်းပခဲ့ခြင်းဖြစ်ပြီး တက်ရောက်လေ့လာသူအများဆုံးဘားကမ့်တစ်ခုအဖြစ် နိုင်ငံတကာတွင်စံချိန်တင်နေကြောင်း၊ ယင်းအတွက် လာမည့်နှစ်ဘားကမ့်တွင်လည်း ပြောကြားမည့်သူများပြီး နည်းပညာအသစ်များ၊ ဗဟုသုတအသစ်များ၊ အသိပညာအသစ်များစသည့် အကြောင်းအရာများကို မျှဝေနိုင်မည့် ပွဲတစ်ပွဲဖြစ်ရန် မျှော်မှန်းထားကြောင်း သိရသည်။

ဘားကမ့်ရန်ကုန် ၂၀၁၈ ၏ Theme ကို "Awesome Yangon" စာသားဖြင့် အဓိပ္ပာယ်ဖော်ရမည်ဖြစ်ပြီး မူလ Logo ကို မပျောက်ပျက်စေဘဲ ထည့်သွင်းအသုံးပြုရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကာလမှာ ဒီဇင်ဘာလ ၁၀ ရက် အထိ သတ်မှတ်ထားပြီး ပြိုင်ပွဲဝင်ရန်အတွက် logo. barcampyangon. org တွင် ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း၊ ဆုရရှိသည့် Theme Design ကို ဒီဇင်ဘာလ ၂၄ ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။

# Nok Air မှ ဝန်ဆောင်မှု အသွင်သစ်ကို ပြောင်းလဲမိတ်ဆက်

ထိုင်းနိုင်ငံ၏ လေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းတစ်ခု ဖြစ်သည့် Nok Air အနေဖြင့် အသစ်ပြန်လည်ဖန်တီးထားသော ဝန်ဆောင်မှုများပါဝင်သည့် ဝက်ဘ်ဆိုဒ်ကို ပြောင်းလဲမိတ်ဆက်လိုက်သည်။

အဆိုပါ ပြောင်းလဲပြင်ဆင်ထားသည့် ဝက်ဘ်ဆိုဒ်တွင် လေယာဉ်လက်မှတ်များနှင့် ဝန်ဆောင်မှုများကို ခရီးသည်မှ လွတ်လပ်စွာရွေးချယ်နိုင်စေရန် ပြုလုပ်ထားပြီး ပြည့်စုံရှင်းလင်းသော သတင်းအချက်အလက်များကိုထောက်ပံ့ပေးနိုင်ရန် စီစဉ်ရေးဆွဲထားကြောင်း သိရသည်။

ခရီးသည်များအနေဖြင့် ဝက်ဘ်ဆိုဒ်၊ အက်ပလီကေးရှင်း၊ Call Center 1318 နှင့်အရောင်းစင်တာများမှတစ်ဆင့် ပြုလုပ်သည့် ကြိုတင်မှာယူမှုအားလုံးအတွက် အမျိုးအစား ၃ မျိုး ရွေးချယ်ဝယ်ယူနိုင်ပြီး လက်ဆွဲအိတ် သို့မဟုတ် ကျောပိုးအိတ်တစ်လုံးတည်းနှင့် ခရီးသွားလိုသူများအနေဖြင့် ဈေးနှုန်းသက်သာသည့် Nok Lite ကို ဝယ်ယူနိုင်သည်။ ပြည်တွင်းခရီးစဉ်များအတွက် ၁၅ ကီလိုဂရမ်ရှိ ခရီးဆောင်အိတ်သယ်ယူခွင့်နှင့် ပြည်ပခရီးစဉ်များအတွက် ၂၀ ကီလိုဂရမ်ရှိခရီးဆောင်အိတ် သယ်ယူခွင့်အတွက် Nok X-tra ကို ရွေးချယ်နိုင်ပြီး ခရီးဆောင်အိတ်သီးသန့်သယ်ယူခြင်းနှင့် ပူပူနွေးနွေး အရည်အသွေးမြင့်အစားအစာများကို သုံးဆောင်လိုသူများအနေဖြင့် Nok Max ကို ရွေးချယ်နိုင်မည်ဖြစ်သည်။

သို့ရာတွင် ခရီးသည်အနေဖြင့် နောက်ထပ်ပြင်ဆင်ညှိနှိုင်းမှုများဖြင့် ခရီးသွားလိုပါက ဦးစားပေးကြိုတင် Check-in အခွင့်အရေးအပြင် သီးသန့်ကြိုတင်မှာယူခြင်းများကို ပြောင်းလဲနိုင်သည့် Nok Flexi ကို ရွေးချယ်နိုင်ကြောင်း သိရသည်။

"ခရီးသည်တွေအတွက် ပွင့်လင်းမြင်သာမှုရှိတဲ့ သတင်းအချက်အလက်မှတစ်ဆင့် နေထိုင်မှုပုံစံတွေနဲ့ ကိုက်ညီတဲ့ ရွေးချယ်မှုမျိုးကိုပြုလုပ်နိုင်ဖို့ ပုံစံသစ်ကိုမိတ်ဆက်နိုင်တဲ့အတွက် ဝမ်းသာမိပါ တယ်။ လူတိုင်း မတူညီတဲ့ပုံစံရှိတဲ့အတွက် အမျိုးအစားအလိုက် ဈေးနှုန်းသတ်မှတ်ပေးတာဖြစ်ပြီး လေယာဉ်လက်မှတ်မှာတဲ့အခါမှာလည်း လွတ်လပ်စွာရွေးချယ်နိုင်အောင် ရည်ရွယ်ပြီး လုပ်ပေးတာပါ"ဟု Nok Air မှ အမှုဆောင်အရာရှိချုပ် Mr.Piya Yodmani က ပြောသည်။

Nok Air သည် ပြည်တွင်းထိုင်းဈေးကွက်တွင် နေရာရယူရန်ကြိုးပမ်းနေသည့်အပြင် ဒေသတွင်း ဈေးကွက်လုပ်ဆောင်ချက်များကို ချဲ့ထွင်ရန် ကြိုးစားနေသည့်အပြင် ၎င်း၏ စံသတ်မှတ်ချက်များနှင့် ဝန်ဆောင်မှုများကို အဆင့်မြှင့်တင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

# The Pizza Company ၏ နှစ်သစ်ကူးအထူးအစီအစဉ်တွင် ကျပ် သိန်း ၅၀၀ တန်ဖိုးရှိပစ္စည်းများ မဲဖောက်ပေးမည်

The Pizza Company မှ နှစ်သစ်ကူး အထူးအစီအစဉ်အနေဖြင့် ကျပ်သိန်း ၅၀၀ တန်ဖိုးရှိပစ္စည်းများကို ကံစမ်းမဲဖောက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကံစမ်းမဲအစီအစဉ်ကို The Pizza Company ဆိုင်ခွဲတိုင်းတွင် ကျပ် ၂၉၀၀၀ ဖိုး စားသုံးရုံနှင့် ပါဝင်နိုင်မည်ဖြစ်ပြီး ကံစမ်းမဲကာလမှာ နိုဝင်ဘာလ ၁၅ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ သတ်မှတ်ထားကြောင်းသိရသည်။

"ကျွန်တော်တို့အနေနဲ့ အမြဲတမ်း အားပေးနေတဲ့ Customer တွေကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ဒီလိုမျိုးအစီအစဉ်ကို လုပ်ပေးတာပါ။ တခြားသော ပရိုမိုးရှင်းတွေထက် ရင်ခုန်စရာကောင်းတဲ့ Lucky Draw တွေကို စီစဉ်ပေးထားပါတယ်။ ဆိုင်ခွဲတိုင်းမှာ ကံစမ်းလို့ရပါတယ်။ ဆုမဲပေါင်းကလည်း တစ်ရာကျော်ပါဝင်ပါတယ်။ အဲဒီထဲမှာ ဗီယက်နမ်ကို စရိတ်ငြိမ်း သွားရောက်လည်ပတ်ဖို့ဆုလည်း ပါပါတယ်။ လက်ရှိမှာလည်း တစ်နိုင်ငံလုံးအနေနဲ့ ဆိုင်ခွဲပေါင်း ၇ ဆိုင် ဖွင့်ထားပြီးပါပြီ"ဟု The Pizza Company မှ Marketing Manager ကိုရဲထွန်းနိုင် က ပြောသည်။



ကံစမ်းမဲအစီအစဉ်တွင် Grand Price အတွက် Ford Fiesta 2017 Brand New ကားသစ် အပါအဝင် LG Electronics အမျိုးအစားများ၊ Vietnam Halong Bay Full Package Trip ၄ ညအိပ် ၅ ရက်ခရီးစဉ် (၂ ယောက်စာ)၊ Karcher အမှတ်တံဆိပ် သန့်ရှင်းရေးသုံးစက်ပစ္စည်းများ၊ The Pizza Company နှင့် Swensen's Gift Voucher များကို ကံစမ်းနိုင်မည် ဖြစ်ပြီး ကံထူးသူများစာရင်းကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ကြေညာမည်ဖြစ်ကြောင်း သိရသည်။

# ဂျာမနီနိုင်ငံထုတ် GROHE တံဆိပ် ရေချိုးခန်းသုံးပစ္စည်းများ စတင်မိတ်ဆက်

ဂျာမနီနိုင်ငံထုတ် GROHE တံဆိပ် ရေချိုးခန်းသုံးပစ္စည်းများကို ပြည်တွင်း၌ စတင်မိတ်ဆက်လိုက်ပြီဖြစ်သည်။ အဆိုပါ GROHE အမှတ်တံဆိပ်ကို Premium Home Co.,Ltd မှ တင်သွင်းဖြန့်ချိခြင်းဖြစ်ပြီး တပ်ဆင်အသုံးပြုရာတွင်လည်း လွယ်ကူကြောင်း သိရသည်။

GROHE Brand သည် ဂျာမနီနိုင်ငံအခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးသို့ တင်ပို့ရောင်းချပေးနေသလို ထုတ်ကုန်များနှင့် အပိုပစ္စည်းများကိုလည်း ကိုယ်ပိုင်စက်ရုံ ၆ ရုံမှ ထုတ်လုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"ဒီအမှတ်တံဆိပ်က ပြည်တွင်းကို ၂၀၁၁ ခုနှစ်ထဲက တင်သွင်းတာပါ။ တင်သွင်းတာကြာပေမယ့် အခုမှ မိတ်ဆက်ရတာပါ။ အဓိကကတော့ အရည်အသွေးကောင်းကြိုက်ပြီး ဒီဇိုင်းပိုင်းကို ရွေးချယ်အသုံးပြုချင်တဲ့သူတွေအတွက် သင့်တော်ပါတယ်"ဟု Premium Home ကုမ္ပဏီ၏ Head of Sale & Marketing ပိုင်းမှ မခိုင်ဇာလင်းက ပြောသည်။

GROHE Product သည် ကိုယ်ပိုင်ဒီဇိုင်းဖြင့် ကမ္ဘာ့ဈေးကွက်ထဲတွင် ရပ်တည်နေသည့်ကုမ္ပဏီတစ်ခုဖြစ်ပြီး ဟိုတယ်များတွင် အသုံးပြုမှုအတွက် အာမခံချက် နှစ်နှစ်ပေးထား၍ လူနေအိမ်သုံးအတွက် အာမခံချက် ၁၀ နှစ်ပေးထားကြောင်း သိရသည်။

ချောစု စုစည်းတင်ပြသည်

# ထူးဆန်းထွေလာ ခရစ္စမတ်ကမ္ဘာ ပွဲတော်ကို မြန်မာပလာဇာ၌ ဒီဇင်ဘာလဆန်းမှ စတင်ပြုလုပ်သွားမည်

မြန်မာနိုင်ငံ၏ ပထမဆုံး သုံးဖက်မြင်နည်းပညာဖြင့် အလှဆင်ထားသော ထူးဆန်းထွေလာ ခရစ္စမတ်ကမ္ဘာ ပွဲတော်ကြီးကို ဒီဇင်ဘာ ၁ ရက်မှ ၂၀၁၈ ဇန်နဝါရီ ၃ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ခရစ္စမတ်ရာသီဖြစ်တဲ့ ဒီလိုအချိန်အခါမျိုးမှာ ခရစ္စမတ်ရဲ့ အနှစ်သာရကို ပေးနိုင်ဖို့အတွက် မြန်မာပလာဇာ ပရဝုဏ်အတွင်း ခရစ္စမတ်သစ်ပင်ကြီးတွေ၊ နှင်းလူသားနဲ့ နှင်းလျှော၊ ခရစ္စမတ်ဘိုးဘိုးကြီးနဲ့ ခရစ္စမတ်လက်ဆောင်ဘူးတွေ ဒါတွေနဲ့ အလှဆင်ထားမှာဖြစ်ပါတယ်။ ဒါ့အပြင် သုံးဘက်မြင်ရုပ်လုံးကြွ နည်းပညာနဲ့ လုပ်ထားတဲ့ 3D LED အပြင်အဆင်တွေကို အလှဆင်သွားမှာ ဖြစ်ပါတယ်" ဟု မြန်မာပလာဇာ၏ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နေ့ရက်အလိုက် စီစဉ်ထားမှုများအဖြစ် ခရစ္စမတ်ဈေးရောင်းပွဲကိုဒီဇင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ မြန်မာပလာဇာ ရေပန်းဥယျာဉ်နေရာတွင် လည်းကောင်း၊ ခရစ္စမတ်ပွဲတော်ကို ဒီဇင်ဘာ ၁၆ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ လည်းကောင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ခရစ္စမတ်အကြိုညများဖြစ်သော ဒီဇင်ဘာ ၂၃ ရက်၊ ဒီဇင်ဘာ ၂၄ ရက်နှင့် ခရစ္စမတ်ညများတွင် အစီအစဉ်တင်ဆက်သူ ကောင်းထက်ဇော်နှင့်အတူ တေးသံရှင် ဖြူဖြူကျော်သိန်း၊ ချစ်သုဝေ၊ နေမင်းအိမ်တို့က ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာ ၈ ရက်မှ ခရစ္စမတ်နေ့အထိ အပတ်စဉ်သောကြာ၊ စနေနှင့် တနင်္ဂနွေနေ့ ည ၇ နာရီခွဲတွင် Every Nation Church Yangon အဖွဲ့က ခရစ္စမတ်တေးသီချင်းများဖြင့် တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၁ ရက်မှ စတင်ကာ မြန်မာပလာဇာတွင် ကျပ်နှစ်သောင်းဖိုးနှင့်အထက် ဝယ်ယူသူတိုင်းအတွက် အမှတ်တရလက်ဆောင်များ ရရှိနိုင်မည့် ကံစမ်းမဲကူပွန်များ ပေးအပ်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၃ ရက်၊ ၂၄ ရက်နှင့် ၂၅ ရက်များတွင် ကံထူးရှင်များကို ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ၂၀၁၈ နှစ်သစ်ကို ကြိုဆိုမည့် New Year Eve Countdown Party ကိုလည်း ဒီဇင်ဘာ ၃၁ ရက် ညနေ ၅ နာရီမှစတင်ကာ မြန်မာပလာဇာအပြင်ဘက် ရေပန်းဥယျာဉ်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

■

# အူရီဒူး၏ တစ်မိနစ်ပြော တစ်ကျပ်လျှော့အစီအစဉ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်သုံးခုတွင် ထပ်မံပြုလုပ်

အူရီဒူး၏ တစ်မိနစ်ဖုန်းပြောပြီးပါက တစ်ကျပ်လျှော့ဒါန်းမည့်အစီအစဉ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်သုံးခု၌ နိုဝင်ဘာ ၂၁ ရက်တွင် စတင်ပြုလုပ်နေပြီဖြစ်ကြောင်း အူရီဒူးမြန်မာမှ သိရသည်။

အူရီဒူးမြန်မာမှ 'မိနစ်များများပြောလေ အူရီဒူးက များများလှူပေးလေ' လူမှုအကျိုးပြုအစီအစဉ်သစ်ကို မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် ၃ လကြာ ပြုလုပ်သွားမည်ဖြစ်ပြီး ယခုအစီအစဉ်တွင် အူရီဒူးဖုန်းအသုံးပြုသူအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ မည်သည့် မိုဘိုင်းဖုန်းကိုမဆို ဖုန်းခေါ် ဆိုလိုက်သည့် မိနစ်တိုင်းအတွက် အူရီဒူး၏ ဝင်ငွေထဲမှ တစ်ကျပ်ကို တိုက်ရိုက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဟာ သုံးစွဲသူတွေ စိတ်ကျေနပ်ဖို့အတွက် ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်သွားမှာပါ။ ဒါက စည်းမျဉ်း စည်းကမ်းသတ်မှတ်ထားတဲ့မူအရ လိုင်စင်ရရှိထားတဲ့အတွက် လုပ်ပေးရတဲ့ တာဝန်တစ်ခုထက်ပိုပြီး လုပ်ဆောင်ပေးနေတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ကျေးလက်နေပြည်သူတွေအတွက် ရင်းနှီးမြှုပ်နှံမှုတွေပိုလုပ်ပေးချင်လို့ အခု အစီအစဉ်ကို လုပ်ပေးတာပါ။ ပထမအဆင့် မကွေးတိုင်းဒေသကြီး၊ ဒုတိယအဆင့် ဧရာဝတီတိုင်းဒေသကြီးတို့မှာ စတင်ဆောင်ရွက်ခဲ့တော့ သုံးစွဲသူတွေဆီက အားတက်သရော ပူးပေါင်းပါဝင်တာကို တွေ့ရပါတယ်။ ဒီရလဒ်အနေနဲ့ အူရီဒူးရဲ့ လူမှုအကျိုးပြုအစီအစဉ်ကို မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု အူရီဒူးမြန်မာ၏ Acting CEO Mr.Vikram Sinha ကပြောသည်။

အူရီဒူးဝန်ဆောင်မှုရယူထားသူများအနေဖြင့် လှူဒါန်းမှုအစီအစဉ်အတွက် မည်သည့်အပိုဝန်ဆောင်ခမျိုး ထပ်မံပေးစရာမလိုသည့်အပြင် ဖုန်းလက်ကျန်ငွေထဲမှ ပေးရန် (သို့မဟုတ်)အသုံးပြုခွင့်ထဲမှ ထုတ်နှုတ်ပေးရန်လည်း မလိုအပ်ကြောင်း သိရသည်။

၂၀၁၃ ခုနှစ်တွင် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ခွင့်ပြုချက် ရရှိခဲ့သော အူရီဒူးမြန်မာသည် ၂၀၁၄ ခုနှစ် ဩဂုတ်လမှ စတင်ကာ ဆက်သွယ်ရေးဝန်ဆောင်မှုများကို စတင်ပေးအပ်ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းတွင် သုံးစွဲသူများကို 3G/4G ဝန်ဆောင်မှုများ ပေးနေကြောင်းသိရသည်။

# ၂၀၁၇-၁၈ဘဏ္ဍာနှစ်စမှ အောက်တိုဘာလကုန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံကျော် စီးဝင် အမှန်တကယ် ဝင်ရောက်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံရှိဟု ဆို

၂၀၁၇-၁၈ ဘဏ္ဍာနှစ်အစမှ အောက်တိုဘာလကုန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံကျော် စီးဝင်ခဲ့ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံ မှုကော်မရှင်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း အောက်တိုဘာလကုန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၅၃ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံ ဝင်ရောက်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံ စီးဝင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် သီလဝါအထူးစီးပွားရေးဇုန် ဥပဒေအရ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ ၂၁၄ ဒသမ ၀၈ သန်းခွင့်ပြုပေးခဲ့သဖြင့် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံကျော် စီးဝင်ခဲ့ခြင်း ဖြစ်သည်။

၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးခဲ့မှုမှာ အောက်တိုဘာလကုန်အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၅၈ ခု၊ အမေရိကန်ဒေါ်လာ ၄၉၀ ဒသမ ၄၉၅ သန်းအပါအဝင် ကျပ် ၁ ဒသမ ၂၉၈ ထရီလီယံဖြစ်ကြောင်း သိရသည်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန် ဒေါ်လာ ၅၆၁ ဒသမ ၆၁ သန်းအပါအဝင် ကျပ် ၁ ဒသမ ၄၉၀ ထရီလီယံ စီးဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စီးဝင်လာသည့် ရင်းနှီးမြှုပ်နှံမှုပဏာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံအနက် အမှန်တကယ် ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

■

သန်းထိုက်အောင် စုစည်းတင်ပြသည်။

# နာမည်ကြီးအမှတ်တံဆိပ် ကုန်ပစ္စည်းများကို အထူးလျှော့ဈေးဖြင့် ဝယ်ယူနိုင်မည့် Black Friday ၂၀၁၇ ကျင်းပနေ

နာမည်ကြီးအမှတ်တံဆိပ်ကုန်ပစ္စည်းများကို အထူးလျှော့ဈေးနှုန်းဖြင့် အွန်လိုင်းမှတစ်ဆင့်ဝယ်ယူနိုင်မည့် Black Friday 2017 အွန်လိုင်းဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၂၂ရက်မှ ၃၀ရက်အထိ ကျင်းပပြုလုပ်နေပြီဖြစ်ကြောင်း Shop.com.mm မှ သတင်းရရှိသည်။

Shop.com.mm ၏ Black Friday အွန်လိုင်းဈေးရောင်းပွဲတော်တွင် နာမည်ကြီး အမှတ်တံဆိပ်ကုန်ပစ္စည်းများကို အများဆုံးလျှော့ဈေး ၉၀ ရာခိုင်နှုန်းအထိ ရောင်းချပေးသွားမည်ဖြစ်ပြီး Visa Card အသုံးပြု၍ ငွေပေးချေပါက ၅ ရာခိုင်နှုန်းအပိုလျှော့ဈေးကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

"အခုနှစ်မှာ ပိုမိုများပြားတဲ့ ကုန်ပစ္စည်းမျိုးစုံကို အများဆုံးလျှော့ဈေးတွေနဲ့ သေချာပြင်ဆင်ထားတာကြောင့် ဈေးဝယ်သူတွေအနေနဲ့ ရွေးချယ်စရာတွေအများကြီးရှိမှာဖြစ်ပါတယ်။ ဈေးပွဲတော်ရဲ့ အကောင်းဆုံးအရာတွေရယူနိုင်ဖို့အတွက် ဈေးဝယ်သူတွေဟာ Shop.com.mm မှာ စောင့်ကြည့်ရှာဖွေသွားဖို့ အကြံပြုချင်ပါတယ်။ ပစ္စည်းတွေကို အော်ဒါတင်ဝယ်ယူတဲ့အခါမှာ အငြင်းပွားမှုတွေ ရှုပ်ထွေးမှုတွေမဖြစ်အောင် Shop.com.mm app ကို ဒေါင်းလုတ်ဆွဲထားပြီး ကိုယ်တိုင်စာရင်းသွင်းထားနိုင်ပါပြီ။ www.shop.com.mm ကို ဝင်ရောက်ပြီးတော့လည်း အကြီးကျယ်ဆုံး အွန်လိုင်းဈေးရောင်းပွဲတော်ကြီးကိုပါဝင်ဆင်နွှဲနိုင်ပြီဖြစ်ပါတယ်"ဟု Shop.com.mm ၏မန်နေဂျင်း ဒါရိုက်တာ Mr. Harsh Nathany က ပြောသည်။

Shop.com.mm ၏ ဝယ်ယူမှုစနစ်မှာ အိမ်အရောက်ဝန်ဆောင်မှုဖြစ်၍ အော်ဒါမှာယူထားသောပစ္စည်းများကို လက်ခံရရှိမှသာ ငွေပေးချေရမည်ဖြစ်ပြီး ဝယ်ယူသူများအဆင်ပြေစေရန် ဝယ်ယူပြီးပစ္စည်းများအား စိတ်ကျေနပ်မှုမရှိပါက ခုနစ်ရက်အတွင်း လဲလှယ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

Black Friday အွန်လိုင်းဈေးရောင်းပွဲတော်ကို နှစ်စဉ်နိုဝင်ဘာလ နောက်ဆုံးပတ်အတွင်း ကမ္ဘာတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိပြီး မြန်မာနိုင်ငံတွင် Black Friday အွန်လိုင်းဈေးရောင်းပွဲတော်ကို Shop.com.mmက ၂၀၁၅ ခုနှစ်မှ စတင်ကာ ကျင်းပပေးခဲ့ကြောင်း သိရသည်။

# VOICES FOR MOMOS လှုပ်ရှားမှု ရန်ပုံငွေအတွက် စက္ကူဆင်ရုပ်များ ရောင်းချပေးနေ

မြန်မာနိုင်ငံရှိ ဆင်များတရားမဝင် သတ်ဖြတ်ခံနေရသည်ကို အဆုံးသတ်စေရန် VOICES FOR MOMOS လှုပ်ရှားမှုရန်ပုံငွေအတွက် စက္ကူဆင်ရုပ်လေးများကို နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း VOICES FOR MOMOS ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြန်မာနိုင်ငံတွင် ရက်သတ္တတစ်ပတ်တိုင်း၌ မြန်မာ့ဆင်တစ်ကောင် အမဲလိုက်သတ်ဖြတ်ခံနေရပြီး ယခုနှုန်းအတိုင်း ဆက်သွားပါက ၂၀၃၅ ခုနှစ်အရောက်တွင် မြန်မာ့တောဆင်ရိုင်းများ မျိုးတုန်းပျောက်ကွယ်သွားမည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များက ဆိုထားပြီး VOICES FOR MOMOS လှုပ်ရှားမှုသည် လူထုကို အသိပညာပေးလုပ်ဆောင်ခြင်းဖြင့် မြန်မာနိုင်ငံရှိ ဆင်နှင့် တောရိုင်းတိရစ္ဆာန်များ တရားမဝင် သတ်ဖြတ်ရောင်းချနေခြင်းကို အဆုံးသတ်စေရန်ကြိုးပမ်းသည့် လှုပ်ရှားမှုဖြစ်ကြောင်း သိရသည်။

VOICES FOR MOMOS လှုပ်ရှားမှုအတွက် စက္ကူဆင်ရုပ်များမှာ အရွယ်အစားမျိုးစုံရှိပြီး ရန်ကုန်မြို့အခြေစိုက် Visual Artist အာကာကျော်မှ ဒီဇိုင်းထုတ်လုပ်ပေးထားခြင်းဖြစ်ကြောင်း၊ VOICES FOR MOMOS စက္ကူဆင်ရုပ်များကို လမင်း(လူမှုလုပ်ငန်း)မှ ထုတ်လုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့တောဆင်ရိုင်းများကို ကာကွယ်စောင့်ရှောက်ရန်အတွက် စက္ကူဆင်ရုပ်ရောင်းရငွေများကို VOICES FOR MOMOS တွင် ပြန်လည်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။



## မြို့ကြီးများ၏ ၂၇-၁၁-၂၀၁၇ မှ ၁-၁၂-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၇-၁၁-၂၀၁၇) | အင်္ဂါ(၂၈-၁၁-၂၀၁၇) | ဗုဒ္ဓဟူး(၂၉-၁၁-၂၀၁၇) | ကြာသပတေး(၃၀-၁၁-၂၀၁၇) | သောကြာ(၁-၁၂-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F |
| ရန်ကုန်မြို့ | တိမ်အသင့်အတင့် ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၄°C/၉၃°F | တိမ်အသင့်အတင့် ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F |
| မန္တလေးမြို့ | တိမ်အသင့်အတင့် ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၀°C/၈၆°F | တိမ်အသင့်အတင့် ၂၉°C/၈၄°F | တိမ်အသင့်အတင့် ၂၉°C/၈၄°F |
| မြစ်ကြီးနား | နေသာ ၂၇°C/၈၀°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F |
| လားရှိုး | တိမ်အသင့်အတင့် ၂၄°C/၇၆°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၆°C/၇၈°F |
| ကျိုင်းတုံ | နေသာ ၂၆°C/၇၈°F | နေသာ ၂၇°C/၈၀°F | တိမ်အသင့်အတင့် ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F |
| လွိုင်ကော် | တိမ်အသင့်အတင့် ၆°C/၈၀°F | တိမ်အသင့်အတင့် ၂၇̊C/၈၁°F | တိမ်အသင့်အတင့် ၂၈°C/၈၂°F | တိမ်အသင့်အတင့် ၂၇°C/၈၁°F | တိမ်အသင့်အတင့် ၂၈°C/၈၂°F |
| တောင်ကြီး | နေသာ ၁၂°C/၅၁°F | တိမ်အသင့်အတင့် ၁၅°C/၅၁°F | တိမ်အသင့်အတင့် ၁၄°C/၅၀°F | တိမ်အသင့်အတင့် ၁၄°C/၄၉°F | တိမ်အသင့်အတင့် ၁၂°C/၄၈°F |
| မော်လမြိုင် | တိမ်အသင့်အတင့် ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၄°F | တိမ်အသင့်အတင့် ၃၄°C/၉၄°F |
| ဘားအံ | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၆°F |
| တောင်ငူ | တိမ်အသင့်အတင့် ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F |
| မုံရွာ | တိမ်အသင့်အတင့် ၃၁°C/၈၈°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F |
| ပုသိမ် | တိမ်အသင့်အတင့် ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F |
| မြိတ် | တိမ်အသင့်အတင့် ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | ၄၀% ၃၂°C/၉၀°F | ၄၀% ၃၂°C/၉၀°F | ၄၀% ၃၂°C/၉၀°F |
| စစ်တွေ | နေသာ ၂၉°C/၈၄°F | တိမ်အသင့်အတင့် ၂၉°C/၈၄°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F |
| မကွေး | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F |
| ဖလမ်း | တိမ်အသင့်အတင့် ၂၀°C/၆၈°F | နေသာ ၂၁°C/၆၉°F | တိမ်အသင့်အတင့် ၂၁°C/၇၀°F | တိမ်အသင့်အတင့် ၂၁°C/၆၉°F | နေသာ ၂၁°C/၇၀°F |

# အပူပိုင်းမုန်တိုင်း ကီရိုဂီ ဗီယက်နမ်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်

အပူပိုင်းမုန်တိုင်း ကီရိုဂီသည် ဗီယက်နမ်နိုင်ငံ တောင်ပိုင်းဒေသများသို့ နိုဝင်ဘာ ၂၀ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ရာ တစ်လအတွင်း ဒုတိယအကြိမ်အဖြစ် အပူပိုင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခြင်းဖြစ်ကြောင်း သိရသည်။

မုန်တိုင်းကီရိုဂီသည် တစ်နာရီလျှင် ၅၅ ကီလိုမီတာနှုန်းဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့ကာ ဗီယက်နမ်နိုင်ငံ တောင်ပိုင်းကမ်းရိုးတန်း တစ်လျှောက်ရှိ မြို့များတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။

အဆိုပါမုန်တိုင်း မတိုက်ခတ်မီ တောင်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ကာ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သည်။

မုန်တိုင်း၏အရှိန်ကြောင့် Quy Nhon တွင် မိုးရေချိန် ၁၈၂ မီလီမီတာအထိ ရွာသွန်းခဲ့ပြီး ဗီယက်နမ်နိုင်ငံ၏ ရှေးဟောင်းမြို့တော်ဖြစ်သည့် ဟွေ့မြို့တွင် မိုးရေချိန် ၁၄၂ မီလီမီတာအထိ ရွာသွန်းခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးရွာသွန်းမှုသည် မိုးရာသီအတွင်း ရွာသွန်းခဲ့သည့် မိုးများအနက် မိုးရေချိန်အများဆုံးရွာသွန်းသည့်မိုး ဖြစ်ခဲ့သည်ဟုဆိုသည်။

မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ရကြောင်း၊ သို့သော် စိုးရိမ်ရလောက်သည်အထိ မဖြစ်ပေါ်ခဲ့ကြောင်း၊ နင်သွန်းပြည်နယ်တောင်ပိုင်းရှိ ဆားလုပ်ကွက်များတွင် ရေလွှမ်းမိုးမှုများကြောင့် ပြဿနာများ ဖြစ်ပေါ်ခဲ့ရကြောင်း ဗီယက်နမ်နယူးစ်တွင် ဖော်ပြထားသည်။

"ကျွန်တော်တို့ရွာက ဆားလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုနေတာပါ။ မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးရွာသွန်းတဲ့ပမာဏ များလာပြီဆိုရင် ကျွန်တော်တို့ရဲ့လုပ်ငန်းတွေမှာ ထိခိုက်မှုရှိခဲ့ပါတယ်။ ဒါကြောင့် မုန်တိုင်းတွေ မြန်မြန်ထွက်သွားပါစေလို့ပဲ ဆုတောင်းနေရတယ်"ဟု ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် နှစ်စဉ် အပူပိုင်းမုန်တိုင်း ၁၀ ကြိမ်ထက်မနည်း ဝင်ရောက်တိုက်ခတ်လေ့ရှိသည့်နိုင်ငံဖြစ်ပြီး ကီရိုဂီမုန်တိုင်းသည် ဆဋ္ဌမမြောက်တိုက်ခတ်သည့် မုန်တိုင်းဖြစ်သည်။

လွန်ခဲ့သည့်လအတွင်းက တိုက်ခတ်ခဲ့သည့် ဒမ်ရေမုန်တိုင်းကြောင့် အနည်းဆုံးလူ ၁၉ ဦး သေဆုံးခဲ့ရသည်။ အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၃၀ အထိ တိုက်ခတ်ခဲ့သည်။ မုန်တိုင်းဒဏ်ခံစားခဲ့ရသည့် ဗီယက်နမ်နိုင်ငံအား စင်ကာပူနိုင်ငံက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအဖြစ် စင်ကာပူဒေါ်လာ ၂၆၉၄၈ ကို ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း စီအန်န်အေသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**



# အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းပေါ်ရှိ မောင့်တ်အန်းဂုမီးတောင် ပေါက်ကွဲ

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းပေါ်ရှိ မောင့်တ်အန်းဂုမီးတောင်သည် နိုဝင်ဘာ ၂၂ ရက်က စတင်ပေါက်ကွဲခဲ့ရာ အဆိုပါမီးတောင်အနီးတွင်နေထိုင်ကြသည့်ဒေသခံများ ထွက်ပြေးခဲ့ကြရကြောင်း ဂျကာတာပို့စ်သတင်းတွင် ဖော်ပြထားသည်။ ယခုကဲ့သို့ပေါက်ကွဲမှုသည် နှစ်ပေါင်း ၅၀ ကျော်အတွင်း ပထမဦးဆုံးအကြိမ်အဖြစ် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

အဆိုပါမီးတောင်သည် နိုဝင်ဘာ ၂၁ ရက် နေ့လယ်ပိုင်းက မီးခိုးများကို မီတာ ၇၀၀ အမြင့်အထိ မှုတ်ထုတ်ခဲ့ကြောင်း၊ မီးတောင်အနီးတွင်နေထိုင်ကြသူများသည် မီးတောင်စတင်ပေါက်ကွဲလာမှုကြောင့် ထွက်ပြေးခဲ့ကြရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

၁၉၆၃ ခုနှစ်က မောင့်တ်အန်းဂု မီးတောင်ပေါက်ကွဲခဲ့စဉ်က လူပေါင်း ၁၆၀၀ နီးပါး သေဆုံးခဲ့ရသည်။ မီးတောင်ပေါက်ကွဲမှုကြောင့် ချော်ရည်ပူများ စီးဆင်းခဲ့ပြီး မီးခိုးပြာများ ဖုံးလွှမ်းခဲ့ရသည်။ မောင့်တ်အန်းဂုမီးတောင်သည် စက်တင်ဘာလအတွင်းက ပေါက်ကွဲမည့်အရိပ်အယောင်များပြသခဲ့ရာ အဆိုပါမီးတောင်၏အနီးတစ်ဝိုက်တွင် နေထိုင်ကြသည့် ပြည်သူပေါင်း ၁၄၀၀၀၀ ခန့်ကို နေရာရွှေ့ပြောင်းပေးခဲ့ရသည်။

သို့သော် အချို့သောသူများမှာ မီးတောင်ပြန်လည်ငြိမ်သက်သွားသော်လည်း ပေါက်ကွဲမည်ကိုစိုးရိမ်ပူပန်လျက်ရှိသဖြင့် ပြန်လည်ရွှေ့ပြောင်းလာခြင်းမရှိဘဲ အချို့သောသူများမှာ ထိုနေရာသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

မီးတောင်အနီးတစ်ဝိုက်တွင် နေထိုင်သူများအတွက် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိရာ ကယ်ဆယ်ရေးစခန်းပေါင်း ၂၇၈ ခုတွင် ယနေ့အချိန်အထိ လူပေါင်း သုံးသောင်းခန့် ကျန်ရှိနေသေးသည်ဟုဆိုသည်။

မီးတောင်ပေါက်ကွဲမှုအဆင့်ကို အဆင့်-၃ အဖြစ် အင်ဒိုနီးရှားနိုင်ငံ မီးတောင်ဗေဒဆိုင်ရာစင်တာက နိုဝင်ဘာ ၂၁ ရက်က သတင်းထုတ်ပြန်ခဲ့သည်။ ယခုအချိန်အထိ လေကြောင်းခရီးစဉ်များအား ထိခိုက်မှုမရှိသေးကြောင်း၊ သို့သော် ဘာလီကျွန်းသည် နိုင်ငံခြားသားများ အများအပြား လာရောက်လည်ပတ်သည့်ဒေသတစ်ခုဖြစ်ရာ လွန်ခဲ့သည့် လအနည်းငယ်ကတည်းက နိုင်ငံခြားသားခရီးသည်များ ဝင်ရောက်မှု လျော့နည်းသွားကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၁၀ ခန့်နစ်နာဆုံးရှုံးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

**မယ်သီတာ**

## ကျောက်ဆည်ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောဆွေးနွေးပွဲများကျင်းပ

ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည်နိုဝင်ဘာလ ၉ ရက်တွင် တံတားဦးမြို့နယ်၊ ညောင်ဝန်း အ. ထ. က-ခွဲ နှင့် မြစ်သားမြို့နယ်၊ ပျော်ရွာ(အ. ထ. က-ခွဲ)၌လည်းကောင်း၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် မေတ္တာ (ကိုယ်ပိုင်အထက်တန်းကျောင်း)၌ လည်းကောင်း၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် မြစ်သားမြို့နယ်၊ မင်းဝံ (အ. ထ. က-ခွဲ)၌ လည်းကောင်း ဟောပြောဆွေးနွေးပွဲများကျင်းပခဲ့ရာ ဆရာ/ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ ကျောင်းမုန့်ဈေးတန်းမှဈေးသည်များ၊ စုစုပေါင်း ၁၄၅၀ ဦးကိုစားသုံးသူ အကာအကွယ်ပေးရေး ဟောပြော ဆွေးနွေးခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများက စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း၊ ကျောက်ဆည်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနရုံး၌ ဖွင့်လှစ်ထားသည့် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ CICC ရုံးခန်းဖွင့်လှစ်ထားရှိမှု၊ CICC ရုံးသို့ လာရောက်တိုင်ကြားသည့်အမှုကိစ္စများ ဖြေရှင်းဆောင်ရွက်မှု၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏လုပ်ငန်း တာဝန်များနှင့် အရေးယူဆောင်ရွက်မှုများကို အသေးစိတ်ရှင်းလင်း ဆွေးနွေး ဟောပြောခဲ့ပါသည်။

ထို့နောက် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာလက်ကမ်းစာစောင်များ၊ စားသုံးသူပြည်သူများ ပဲစားသုံးမှုမြင့်မားစေရန်အတွက် ပဲချက်ပြုတ်နည်း လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။ **နှင်းလဲ့လဲ့ (ကျောက်ဆည်)**

## ဟသ်ာတခရိုင် ရဲတပ်ဖွဲ့မှူးရုံးတွင် စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ဟသ်ာတခရိုင် ဦးစီးမှူး ဦးကြည်ဟန်နှင့်အဖွဲ့သည် နိုဝင်ဘာလ ၁၄ ရက် တွင် ဟသ်ာတခရိုင်အတွင်းရှိ ဟသ်ာတ၊ ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်များရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိနှင့် တပ်ဖွဲ့ဝင် ၁၁၀ ဦးတို့အား ဟသ်ာတခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ပြုလုပ်ခဲ့ပါသည်။

ဟောပြောပွဲတွင် ဟသ်ာတခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင့်ဝေက အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန ဟသ်ာတခရိုင် ဦးစီးမှူး ဦးကြည်ဟန်က စားသုံးသူအကာအကွယ်ပေးရေးလုပ်ဆောင်ရန် လိုအပ်မှုနှင့် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ဒုတိယခရိုင်ဦးစီးမှူး ဦးစောကေးလက်က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအကြောင်းကို လည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးမြင့်ကြိုင်က ဌာနဖွဲ့စည်းပုံအကြောင်း ကိုလည်းကောင်း၊ စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားစာလက်ခံ ဆောင်ရွက်ရေးဌာန(CICC)အ ကြောင်းနှင့် တိုင်ကြားစာလက်ခံ ဆောင်ရွက်မှု၊ ဟသ်ာတခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းမှုနှင့် ဖြေရှင်းမှုနည်းလမ်းများကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်မောင်မြတ်ခိုင်**

## ပြည်မြို့နယ်ရှိ ကျေးရွာများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ပြည်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှဝန်ထမ်းများ၊ ပြည်မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများသည် နိုဝင်ဘာလ ၁၅ ရက်တွင် ပြည်မြို့နယ် ကုန်းသလင်းကျေးရွာအုပ်စု နဝဒေး သကြားစက်အနီးရှိ မြရွာကျေးရွာခွဲသို့ သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်းသိရှိရပါသည်။

အဆိုပါဟောပြောပွဲတွင်ပြည်ခရိုင် ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ဝင်းလဲ့ဝါက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ စားသုံးသူများရရှိမည့် အခွင့်အရေးများနှင့် လိုက်နာရမည့်တာဝန်များအကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ ရရှိမည့်အခွင့်အရေးများနှင့် လိုက်နာရမည့် တာဝန်များအကြောင်း၊ စားသုံးသူများအနေနဲ့ မိမိတို့ရရှိမည့် အခွင့်အရေးများကို သိရှိပြီးဖြစ်သဖြင့် ဆုံးရှုံးနစ်နာမှု တစ်စုံတစ်ရာရှိခဲ့ပါက တိုင်ကြားနိုင်ရန် ဆက်သွယ်ရမည့် လိပ်စာ၊ ဖုန်းနံပါတ်များအား ဖြန့်ဝေထားရှိသည့် လက်ကမ်းစာစောင်များတွင် ပါဝင်သည့်အတွက် အလွယ်တကူတိုင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့တိုင်ကြားရာတွင် လိုအပ်သည့် အထောက်အထား ဖြစ်သော ကုန်စည်ဝန်ဆောင်မှုနှင့် ပတ်သက်သည့် ပြေစာများအား သိမ်းဆည်းထားကြရန် လိုအပ်ကြောင်း၊ အမှန်တကယ်နစ်နာမှုရှိကြောင်း စစ်ဆေးတွေ့ရှိပါက စီမံခန့်ခွဲမှု ပြစ်ဒဏ်အရ အရေးယူဆောင်ရွက်နိုင်မည့် နည်းလမ်းများအကြောင်း စသည့် အချက်များကို အသေးစိတ်ရှင်းလင်း ဆွေးနွေးဟောပြောခဲ့ပါသည်။ ဆက်လက်၍ ပြည်မြို့နယ်တာဝန်ခံဦးစည်သူက ပြည်ပပို့ကုန်မြှင့်တင်ရေး အထောက်အကူပြုရန်အတွက် ကန့်သတ်ထားသည့် ပဲသုံးမျိုးဖြစ်သော မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း သီးနှံများအစား မိမိဒေသနှင့်ကိုက်ညီပြီး ပြည်ပနိုင်ငံများမှ ဝယ်လိုအားကောင်း၍ ဈေးကွက်အလားအလာရှိသော ပဲတီရွှေဝါ၊ ကုလားပဲ၊ ပဲလွန်းဖြူ၊ မြေပဲ၊ နေကြာ၊ နှမ်း၊ ပဲရာဇာ၊ ပဲနီလေး၊ စားတော်ပဲစသည့် သီးနှံများအား ရွေးချယ် ပြောင်းလဲတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း စသည်ဖြင့် ဆွေးနွေးဟောပြောခဲ့ကြောင်း သိရပါသည်။

**ဝင်းလဲ့ဝါ (ပြည်)**

## မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ( ၆/၂၀၁၇) ကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ ၆/၂၀၁၇ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာလ ၁၆ ရက်တွင် စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ အောင်မြင့်၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးမြင့်ဇော်ဦး၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ နှစ်ရပ်တို့မှ ကော်မတီဝင်များ တက်ရောက်ခဲ့ပါတယ်။

စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ (ကိုယ်စား) ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာအောင်မြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးမြင့်ဇော်ဦးက မန္တလေးတိုင်းဒေသကြီးစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ဆောင်ချက်များ ၅/၂၀၁၇ အစည်းအဝေးဆုံးဖြတ်ချက်များမှ လုပ်ဆောင်ပြီးသည့် အချက်များ၊ တိုင်ကြားမှုများ အပေါ်တွင် အရေးယူဆောင်ရွက်နေမှုအခြေအနေများ၊ ဈေးကွက်အတွင်းကွင်းဆင်းစစ်ဆေးခဲ့ရာတွင် လုံခြုံစိတ်ချရမှု မရှိသော ကုန်ပစ္စည်းများ တွေ့ရှိခဲ့မှုအပေါ် အဖွဲ့နှင့် ပူးပေါင်းကာအရေးယူဆောင်ရွက်မည့် အခြေအနေများ၊ ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား အကျယ်တဝင့် ရှင်းလင်း ဆွေးနွေးခဲ့ပါတယ်။

စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာအောင်မြင့်က စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူများကို အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်နေသလိုလုပ်ငန်းရှင်များအား အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်သည့်နေရာတွင် သက်ဆိုင်ရာဌာနများမှ မိမိတို့ဌာနနှင့်ပတ်သက်သည့်အချက်အလက်များအား အသိပညာပေး ဆောင်ရွက်ရာတွင် အဖွဲ့နှင့် ပူးပေါင်းကာ နည်းပညာပိုင်း၊ ထုတ်လုပ်မှုအပိုင်းများကို ပိုမိုတိုးချဲ့ကာ ဆောင်ရွက်သင့်ကြောင်း၊ ကုန်ပစ္စည်းများ ထုတ်လုပ်မှုနှင့် ပတ်သက်၍ ကုန်ပစ္စည်းထုတ်လုပ်ရာတွင် ပါဝင်ရမည့် အချက်များ၊ Packing ပိုင်း၊ Labelling ပိုင်းကိုအာဆီယံနိုင်ငံများတွင် လုပ်ဆောင်နေသောပုံစံများ၊ နည်းစနစ်များ ရယူကာလုပ်ငန်းရှင်များကို သက်ဆိုင်ရာဌာနများမှ မိမိတို့နှင့် သက်ဆိုင်သော အချက်များအား ပူးပေါင်းကာ အသိပညာပေးစေလိုကြောင်း စသဖြင့်ပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**နေခြည်ဦး**



## ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့၏ (၁၀/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ၁၀/၂၀၁၇ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာလ ၉ ရက်တွင် ကျင်းပခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများတက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းမင်းက အဖွင့်အမှာ စကားပြောကြားခဲ့ပါသည်။ ထို့နောက် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကျင်ဌေးက လစဉ်တစ်လတစ်ကြိမ်ပုံမှန် အစည်းအဝေးတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြညှိနှိုင်းခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ဈေးကွက်အတွင်းရှိ စားသောက်ကုန်၊ လူသုံးကုန်များ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ စားသုံးသူအနေဖြင့် နစ်နာမှုရှိ၍တိုင်ကြားလျှင် ဖြေရှင်းဆောင်ရွက်ခြင်း၊ ခရိုင်အတွင်းမြို့နယ် ၁၃ ခုတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်နေမှုအခြေအနေအား ရှင်းလင်းခြင်း၊ နိုဝင်ဘာလအတွင်းဆောင်ရွက်ရန် လျာထားချက်ကို အတည်ပြုနိုင်ရန်တင်ပြခြင်း၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အနေဖြင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန်အတွက် စမ်းချောင်းမြို့နယ် ရှမ်းလမ်းဈေးတွင် ကွင်းဆင်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းခြင်း၊ စားသောက်ကုန်၊ လူသုံးကုန်များနှင့်ပတ်သက်၍ သတိပြုဝယ်ယူရမည့် အချက်အလက်များကို ရှင်းလင်းဆွေးနွေးခြင်း၊ ဥပဒေပြဋ္ဌာန်းချက်အရ မြေပြင်တွင်ဆောင်ရွက်ရာတွင် အခက်အခဲရှိသည့်အတွက် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များအရ အဖွဲ့ဝင်များနှင့် ညှိနှိုင်း၍ စည်ပင်သာယာဥပဒေအရ အရေးယူမှုများအား ရှင်းလင်းခြင်း၊ စားသုံးသူအငြင်းပွားမှုအဖွဲ့၏ ဥပဒေပါလုပ်ငန်းတာဝန်များကို ဆွေးနွေး တင်ပြခဲ့ပါသည်။

ထို့နောက် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဆောင်ရွက်မှုသည် လက်တွေ့တွင် အခက်အခဲများရှိနိုင်ကြောင်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**သန်းအေး (စားသုံးသူ)**

# UNIQUE BROTHERS CO., LTD.

**(EXPORT- IMPORT)**

**AGENT & DISTURIBUTOR OF**

**M.J Biopharm Pvt.Ltd.**

No.100-102,52th Street,Yangon,Myanmar.
Tel: 01-290055,9010243 Fax:0951-290055
E-mail:ubwin@mptmail.net.mm

# ALLWIN CO., LTD

ALLWIN




No.325, Pansodan Road (Upper Block),Kyauktada Tsp, Yangon
No. (274,276), Seikkanthar Street, Kyauktada Tsp, Yangon
Ph : 248239, 09421163941
E-mail:allwin.otto@gmail.com

**www.otto.co.th**

# TAUNG THA GENERAL TRADING Co., LTD.

Exporters & Importers
Trucks, Engines & Car Spare Parts

**Office :**
No. 64, Shan Gon Street,
Sanchaung Tsp., Yangon, Myanmar.
Tel : 534792, 500786,
Fax : 095-1-501156
e-mail : taungtha@yangon.net.mm

**Sale Centre :**
B/1 (Main), Zay Pat Street,
Ba Yint Naung Market,
Yangon, Myanmar.
Tel : 682122, 642163
642095, 680613

ဗုဒ္ဓ ဓမ္မ သံဃ

# MOUNT TREASURE CO.,LTD

# ရတနာတောင်

ဘိလပ်မြေ၊ သံချောင်း၊ တင်လန်၊ ယူဘင့်၊ အိတ်(ချ်)ဘင့်၊ သံပိုက်၊ ဂျီအိုင်ပိုက်၊ ပေါ်လို၊ သံပြား၊
ဖလပ်ပြား၊ သံထည်ပစ္စည်းအမျိုးမျိုး၊ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးနှင့်
ကာလာစတီးအမိုးပြား၊ သွပ်ပြား၊ စီချန်နယ်ပါလင်၊ ဒတ်ကင်ရှိအမျိုးမျိုးထုတ်လုပ်ဖြန့်ချိရေး



ရုံးနှင့်အရောင်းပြခန်း - အမှတ် (ယ၊င၊စ၊ဆ)၊ အဆောင် (ဂ/၆)၊ ရွှေဝါလမ်းမကြီး၊ စော်ဘွားကြီးကုန်း၊ ရန်ကုန်။
01- 9640555, 9640666,9640777, 9640888, 9640999, 09 420719000, 09 4500 99999. Fax : 01 9640777

အမိုးပြား အရောင်းပြခန်း - အမှတ်(၄၅)၊ အဆောင်(၂၀)၊ ပတ္တမြား(၅)လမ်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်၊ ရန်ကုန်။
01 9640323.

နေပြည်တော် - အမှတ်(စ-၃၅/၃၆)၊ ဘောဂသီရိပွဲရုံတန်း၊ ပျဉ်းမနားမြို့၊ နေပြည်တော်။
067 26304,09 964609999,09 5056150.

စက်ရုံ - အမှတ်(၁၅၇)၊ ဥဿာဝရားလမ်း၊ သာဓုကန်စက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်။
01 9615111, 9615222, 9615333, 9615444.

E-mail : yadanartaung@gmail.com

# မှန်ကန်သော ဝန်ဆောင်မှုသည် စားသုံးသူအတွက် ဖြစ်စေရမည်

[ ခမ်လျှန်စွမ်း ]

<u>ယခင်တစ်ပတ်မှအဆက်</u>

ဒါ့ကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံသားတိုင်းဟာ တိုင်းပြည်ချစ်စိတ်၊ နိုင်ငံချစ်စိတ်နဲ့ မိမိတို့တတ်နိုင်တဲ့ Entertainment ဝန်ဆောင်မှုကနေပြန်ပြီး ကမ္ဘာကသိအောင် ဝန်ဆောင်မှုဖြင့် ပြန်လည်တိုက်ထုတ်ကြပါစို့လို့ တိုက်တွန်းလိုပါတယ်။

**အခြားဝန်ဆောင်မှုလုပ်ငန်းများ**

ယခင်တစ်ချိန်တုန်းက နိုင်ငံခြားမှာသာ ဝန်ဆောင်မှုများကြားနေရပေမယ့် ယခုအချိန်မှာတော့ ကျွန်တော်တို့နိုင်ငံမှာ ဝန်ဆောင်မှု အများအပြား ပေါ်ပေါက်လာနေပြီဖြစ်ပါတယ်။ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ၊ အိမ်ထောင်ရေး အတိုင်ပင်ခံလုပ်ငန်း၊ အလှပြင်ခြင်းနှင့် အကြောအနှိပ်ခန်းဝန်ဆောင်မှု၊ စာချုပ်စာတမ်း ဝန်ဆောင်မှု၊ စီးပွားရေးအကြံပေးဝန်ဆောင်မှုလုပ်ငန်း၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်စည်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု၊ အိမ်ခြံမြေရောင်းဝယ်ရေးဝန်ဆောင်မှု၊ စိုက်ပျိုးရေးလုပ်ငန်းဝန်ဆောင်မှု၊ အထွေထွေရောင်းဝယ်ရေးဝန်ဆောင်မှု၊ ဟိုတယ်ဝန်ဆောင်မှု၊ ဧည့်လမ်းညွှန်ဝန်ဆောင်မှု၊ ပင်မင်းဝန်ဆောင်မှု၊ ငွေကြေးဝန်ဆောင်မှု စသဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ပေါ်လာနေပြီဖြစ်ပါတယ်။

စားသုံးသူတွေကို ဝန်ဆောင်မှုပေးတဲ့ လုပ်ငန်းရှင်တွေဟာ လူ့ကျင့်ဝတ်၊ လူ့သိက္ခာကို ထိခိုက်စေမယ့် အကြောင်းအချက်တွေကို ရှောင်ကြဉ်ဖို့လိုပါတယ်။ အထူးသဖြင့် အနောက်တိုင်းယဉ်ကျေးမှုနဲ့ မြန်မာ့ဓလေ့ထုံးတမ်းတွေ သဟဇာတ မဖြစ်တာတွေကို ရှောင်ကွင်းတတ်ဖို့ လိုအပ်လှပါတယ်။ ဥပဒေအရပြောရမယ်ဆိုရင် လုပ်ငန်းရှင်တွေက စားသုံးသူတွေကို မလိမ်ကြပါနဲ့ပေါ့ဗျာ။ လုံခြုံမှုပေးပါ။ ဒီလိုပဲတိုက်တွန်းလိုပါတယ်။ ပြီးတော့ စားသင့်တာပဲစားပါ။ မစားသင့်တာမစားပါနဲ့လို့ ဥပဒေနဲ့ လူ့ကျင့်ဝတ်အချုပ်ကို အတိုဆုံးစကားလေးနဲ့ တိုက်တွန်းပါရစေ။

ယနေ့အွန်လိုင်းပေါ် ဈေးရောင်းတဲ့ ဝန်ဆောင်မှုလုပ်ငန်းကတော့ အတော်လေး ခေတ်စားလာပါတယ်။ အချို့ကျတော့ သက်ဆိုင်ရာဌာနတွေဆီကို သူတို့ရဲ့ကုန်ပစ္စည်း အစစ်ဆေးမခံတဲ့အတွက် အွန်လိုင်းပေါ်ကနေ ကြော်ငြာတာမျိုး လုပ်ကြပါတယ်။ အထူးသဖြင့် ဆေးဝါးကြော်ငြာဝန်ဆောင်မှုတွေမှာ တွေ့ရပါတယ်။ အချို့သော ဆေးဝါးများဆိုရင် နယ်မြို့များအထိ အိမ်တိုင်ရာအရောက်ပို့ဆောင်ပေးတဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကို တွေ့ရပါတယ်။ ဆေးမှာတဲ့ ပုဂ္ဂိုလ်တွေဆီရောက်မှပဲ ကျသင့်ငွေတောင်းခံတာမျိုးဆိုတော့ စားသုံးသူအတွက် ဒီဝန်ဆောင်မှုကို အဆင်ပြေတယ်လို့ သိရပါတယ်။ အဆင်ပြေတယ်ဆိုပေမယ့် စိတ်ချလုံခြုံရမှု ရှိမရှိကိုတော့ စစ်ဆေးပြီးမှ အသုံးပြုသင့်ပါတယ်။ ယနေ့ခေတ် Multi Level Marketing စနစ်နဲ့ အွန်လိုင်းပေါ်မှာရော၊ တိုက်ရိုက်ဆက်သွယ်နည်းနဲ့ပါ ဝန်ဆောင်မှုနဲ့အရောင်းမြှင့်တင်ကြတာ တွေ့ရပါတယ်။ ဒီလိုဝန်ဆောင်မှု ပေးတာဟာ လိမ်လည်မှုကင်းရဲ့လား၊ စားသုံးသူများအတွက် လုံခြုံစိတ်ချရမှု ဖြစ်စေရဲ့လား၊ လုံခြုံစိတ်ချရမှုကို သက်သေပြနိုင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ထောက်ခံချက်ကို ပြနိုင်ရဲ့လား၊ လူ့ကျင့်ဝတ်၊ သိက္ခာပိုင်း ထိခိုက်မှု ကင်းပါရဲ့လား၊ နိုင်ငံတော်ကို ကျသင့်တဲ့အခွန်ပေးဆောင်ပြီးပြီလားဆိုတာကို ဝန်ဆောင်မှုပေးတဲ့ လုပ်ငန်းရှင်ကတာဝန်ယူရမှာ ဖြစ်ပါတယ်။ ဒီလိုမှ တာဝန်မယူနိုင်ရင်တော့ သူလုပ်နေတဲ့ ဝန်ဆောင်မှုကို တရားဥပဒေအရ ခွင့်ပြုဖို့ မသင့်ဘူးပေါ့။

ဒီအွန်လိုင်းဈေးရောင်းခြင်း ဝန်ဆောင်မှုဟာ ခေတ်သစ်ဈေးရောင်းတဲ့ ပုံစံသစ်တစ်ခုဖြစ်နေတဲ့အတွက် တဖြည်းဖြည်းနဲ့ တရားဝင်ဖြစ်အောင်ရယ်၊ စားသုံးသူပြည်သူများအတွက် လုံခြုံစိတ်ချရတဲ့ဝန်ဆောင်မှု ဖြစ် နိုင်ဖို့ရယ် ပညာပေးပြီး လမ်းကြောင်းပေါ် တင်ပေးဖို့ ကျွန်တော်တို့ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

**ဝန်ဆောင်မှုနှင့် စားသုံးသူရေးရာဦးစီးဌာန၏ အခန်းကဏ္ဍ**

ကျွန်တော်တို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများဟာ စားသုံးသူပြည်သူတွေကို ထိရောက်တဲ့ ကာကွယ်မှုဆောင်ရွက်တဲ့နေရာမှာ အခက်အခဲတွေနဲ့ ကြုံတတ်ရပါတယ်။ မိမိက စေတနာပါပါနဲ့ အခြားဝန်ကြီးဌာနတွေရဲ့ အလုပ်ကိုပါ သိမ်းကြုံးပြီးဆောင်ရွက်တဲ့အခါ သူတို့က အသာအယာပဲ နေလိုက်တဲ့ပြဿနာပေါ့။ တကယ့်ပြဿနာတွေ ရှိလာတဲ့အခါ ( ဥပမာ- သောက်ရေသန့်ကိစ္စတွေ) အသေးစိတ်စစ်ဆေးပြီး အောင်လက်မှတ်ပေးတာ ကျွန်တော်တို့ မဟုတ်ဘူး။ ဒါပေမဲ့ လူအများသိတာက ကျွန်တော်တို့အဖွဲ့က စစ်ဆေးပေးရမယ်ဆိုတာမျိုး ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ဌာနဟာ Software အပိုင်းကို ပိုမိုစစ်ဆေးပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ အစားအသောက်ဆိုရင် သက်ဆိုင်ရာဌာနက Hardware အပိုင်းကို စစ်ဆေးပေးရမှာဖြစ်ပါတယ်။ ဒါမှလည်း အခြားဌာနတွေနဲ့လည်း အဆင်ပြေပြေ လုပ်ငန်းဆောင်ရွက်နိုင်ပြီး ကိုယ့်လုပ်ငန်းလည်း အောင်မြင်မှာဖြစ်ပါတယ်ဆိုတာ အကြံပေးချင်ပါတယ်။

ပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာ ဖွင့်လှစ်ပြီးဖြစ်တဲ့ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (Consumer Information & Complaint Center-CICC ) တွေဟာ ရုံးခန်းတွေဖွင့်လှစ်ရုံနဲ့ မပြီးပါ။ ထိုက်သင့်တဲ့ ဟောပြောခြင်း၊ အသိပေးခြင်း၊ စားသုံးသူများက သူတို့ရဲ့ မပြေလည်တဲ့ အငြင်းပွားဖွယ်ရာကိစ္စတွေ လာရောက်တိုင်ကြားချင်လောက်အောင် စည်းရုံးရေးအသွင်ပါဆောင်ပြီး ဆောင်ရွက်နိုင်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဒီစင်တာဟာ စားသုံးသူရဲ့ အငြင်းပွားဖွယ်ကိစ္စများကို သက်ဆိုင်ရာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ထံ မရောက်မီ ကနဦးစေ့စပ် ဖျန်ဖြေပေးရမယ်။ စင်တာဖြစ်ပြီး လူမှုရေးအရ စိတ်ရှည် သည်းခံနားလည်ပေးနိုင်တဲ့ အရည်အချင်းတွေလည်း လိုအပ်မှာဖြစ်ပါတယ်။ အဲဒီကနေမှ မပြေလည်နိုင်ရင်တော့ သက်ဆိုင်ရာအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ထံ ဒီပြဿနာကို တင်ပြရမှာ ဖြစ်ပါတယ်။

**နိဂုံး**

စားသုံးသူရေးရာဦးစီးဌာနဟာ စားသုံးသူများရဲ့ မပြေလည်တဲ့ကိစ္စကို လုပ်ငန်းရှင်နဲ့ စေ့စပ်ဖျန်ဖြေပေးတဲ့ လုပ်ငန်းလုပ်ခြင်းဟာ တစ်နည်းအားဖြင့် စားသုံးသူပြည်သူတွေကို အကောင်းဆုံးဝန်ဆောင်မှုပေးနေတာ ဖြစ်ပါတယ်။ လက်ရှိအနေအထားမှာတော့ တိုင်းပြည်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်များဝင်ရောက်မှုနည်းနေသေးတဲ့အတွက် တိုင်ကြားမှု (Complaint) တွေ နည်းနေသေးတာဖြစ်ပါ တယ်။ နိုင်ငံရဲ့စီးပွားရေးလုပ်ငန်း ပမာဏများလာတာနဲ့အမျှ တိုင်ကြားမှုတွေ မလွဲမသွေ ရှိလာတော့မှာဖြစ်တဲ့အတွက် လက်ရှိစားသုံးသူရေးရာဦးစီးဌာနက တည်ဆောက်နေတဲ့ စားသုံးသူအငြင်းပွားမှုရဲ့ မဏ္ဍိုင်ကြီးကို လေ့လာသင်ကြားရင်း ဖြေရှင်း၊ ဖြေရှင်းရင်း သင်ယူဆိုသလို ဆောင်ရွက်နိုင်မှ အနာဂတ်မှာ လုပ်ငန်းဆောင်ရွက်တဲ့အခါ အဆင်ပြေချောမွေ့နိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတကာ ကုန်သွယ်ရေးလောကထိပ်တန်းဘက်မှာ မရှိမဖြစ်ပါလေ့ရှိတဲ့ ဝန်ဆောင်မှုလုပ်ငန်းဟာ ဘယ်သောအခါမှ တိမ်ကောပပျောက်မှာ မဟုတ်သလို တဖြည်းဖြည်းနဲ့ ကျယ်ပြန့်အရေးပါလာမှာ ဖြစ်ပါတယ်။ ဒီဌာနမှာ တာဝန်ထမ်းဆောင်တဲ့ ဝန်ထမ်းများအပြင် မြန်မာနိုင်ငံသားတိုင်းဟာ ဒီစားသုံးသူ အကာအကွယ်ပေးရေးမှာပါတဲ့ ဝန်ဆောင်မှုကို မဖြစ်မနေပါဝင်ပတ်သက်နေရမှာဖြစ်တဲ့အတွက် လုပ်ငန်းစဉ်များကို လေ့လာရင်း စားသုံးသူပြည်သူတွေကို အကောင်းဆုံးဝန်ဆောင်မှုပေးကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ပါတယ်။

## ကယားပြည်နယ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါးတင်ပို့သူများ အသင်းနှင့် တွေ့ဆုံဆွေးနွေး

ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်မှူးဦးစီးသော ဝန်ထမ်းများသည် လွိုင်ကော်မြို့၊ မိုင်းလုံးရပ်ကွက်ရှိ ဆွေမျိုး ဆန်စက်သို့ နိုဝင်ဘာလ ၁၅ ရက်တွင် သွားရောက်၍ အသင်းဖွဲ့စည်းရေး၊ ဆန်စပါးထုတ်လုပ်သူ အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ဈေးကွက်၊ ဈေးနှုန်းကောင်းများပုံမှန်ရရှိရေး၊ ဆန်စပါးစိုက်ပျိုး ထုတ်လုပ်သူများကို အထွက်နှုန်းကောင်းသော၊ အရည်အသွေးကောင်းသော မျိုးကောင်း မျိုးသန့်စပါးများ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ အဆင့်မြင့်စက်မှုလယ်ယာများ ဖော်ထုတ်နိုင်ရေး နှင့် ဒေသထွက်ကုန်များ ပြည်တွင်းသာမက ပြည်ပဈေးကွက် တိုးချဲ့ထွင်နိုင်ရေးတို့တွင် ပံ့ပိုးကူညီရန်တို့အတွက် ဆက်စပ်ညှိနှိုင်းပေးရန် သွားရောက် ဆွေးနွေးခဲ့ပါသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာ၌ စက်ပိုင်ရှင် ဦးလင်းအောင်သက်က ကယားပြည်နယ်အတွင်းတွင် ယခင်နှစ်ထက် ထူးခြားသည်မှာ ယခုနှစ်တွင် ဆန်စက်တိုင်း၌ စပါးများ ပြည့်လျှက်ရှိပြီး ရှမ်းပြည်တောင်ပိုင်း မှ ယခုရက်ပိုင်းအတွင်း စပါး ၁၁၀၀ ကီလိုဂရမ် ဆန်အိတ် အရေအတွက် ၆၀၀ ခန့်ဝင်ရောက်လာသဖြင့် ကြိတ်ခွဲလျက်ရှိကြောင်း၊ ယခင်က ရှမ်းပြည်နယ် တောင်ပိုင်းမှ စပါးများအား ကယားပြည်နယ်သို့ သယ်လာသည့် ဖြစ်စဉ်သည် မကြားဘူးသည့် ဖြစ်စဉ်တစ်ခုဖြစ်ပါကြောင်း၊ အကြောင်းမှာ ဆန်စက်၏ အရည်အသွေး ကြောင့်ထွက်ရှိလာသည့် ဆန်၏ အရည်အသွေးကြောင့်ပင် ဖြစ်ပါကြောင်း၊ နိုင်ငံခြားမှ နည်းပညာနှင့် စက်ပစ္စည်းများကို အသုံးပြုခဲ့သဖြင့် ယခုလိုလာရောက်ကြိတ်ခွဲကြခြင်းဖြစ်ပါကြောင်းနှင့် ကယားပြည်နယ်မှ ထွက်ရှိသည့် ဆန်စပါးများကို ရှမ်းပြည်မြောက်ပိုင်းနှင့် မူဆယ်မြို့များသို့ တင်ပို့ပြီး တရုတ်နိုင်ငံက ဝယ်ယူကြောင်း၊ ကယားပြည်နယ်၏ ဆန်စပါးများသည် စေးထန်သည့် ဆန်အမျိုးအစားဖြစ်သဖြင့် တရုတ် လူမျိုးများနှင့် ရှမ်းလူမျိုးများ အကြိုက်ဖြစ်ကြောင်း၊ ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရန် ဆန်စက်လုပ်ငန်းရှင်များက အရည်သွေးမြင့်သော ခေတ်မီဆန်စက်များ တိုးချဲ့ရန်လိုအပ်ပါကြောင်း၊ တင်ပို့ရောင်းချသူ ကုန်သည်များနှင့် စိုက်ပျိုးသူများ စည်းလုံးညီညွတ်မှသာ တည်ငြိမ်သောပုံမှန်ဈေးကွက်ကို ရရှိမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။



ဆက်လက်၍ပြည်နယ်ဦးစီးမှူး ဦးခမ်လျှန်စွမ်းက ကယားပြည်နယ်၏ လက်ရှိအခြေအနေမှာ စပါး စိုက်ပျိုးသည့် တောင်သူများအနေဖြင့် လုပ်သာလုပ်နေရသော်လည်း ၎င်းတို့၏လက်ထဲတွင် အမြတ်အစွန်း မတွေ့မမြင်ရပါကြောင်း၊ ဤအချက်ကို စေ့စေ့စပ်စပ်လေ့လာ၍ မိမိတို့အနေဖြင့် ညှိနှိုင်းဖြေရှင်းပေးလိုပါကြောင်း၊ ဆန်စက်ပိုင်ရှင်များသည် ဆန်စပါးထုတ်လုပ်သူလုပ်ငန်းရှင်များဖြစ်လာပါကြောင်း၊ ရေရှည်တွင် ဤပုံစံသည် တောင်သူများအတွက် အလားအလာမကောင်းပါကြောင်း၊ တောင်သူများ အဆင်ပြေကာမှ စက်ပိုင် များလည်း ပြေလည်မည်ဖြစ်ကြောင်းစသည်ဖြင့် ဆွေးနွေးခဲ့ကြောင်း သတင်း ရရှိပါသည်။

**ကယားပြည်နယ်**
**စားသုံးသူရေးရာဦးစီးဌာန**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားကုန်သွယ်မှုဥပဒေနှင့် နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

■ သန်းသန်းနိုင်

ယခင်တစ်ပတ်မှအဆက်

**ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးချုပ်ရုံး၊ နိုင်ငံတော်အခွန်ဦးစီးချုပ်ရုံးတို့မှ နယ်စပ်ဖြတ်ကျော် လက်ကားရောင်းချနေသည့် (E-business) လုပ်ငန်းနှင့်ပတ်သက်၍ သွင်းကုန်အခွန်ကောက်ခံရေး ပေါ်လစီ ကြော်ငြာချက်**
**(ဘဏ္ဍာအခွန်စာအမှတ် ၂၀၁၆/၁၈)**

ပြည်နယ်တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်မှုရဒေသ/မြို့၊ ဗဟိုမှ တိုက်ရိုက်ချုပ်ကိုင်သည့်ဌာန၊ နိုင်ငံတော်အခွန်ဦးစီးချုပ်ရုံး၊ ရှင်းကျန်းထုတ်လုပ်မှုအဖွဲ့ ဘဏ္ဍာရေးဌာန၊ အကောက်ခွန်ဌာနချုပ် ကွမ်တုန်းဌာနခွဲ၊ အခြားတိုက်ရိုက် ချုပ်ကိုင်သည့် အကောက်ခွန်ဌာနများ။ တန်းတူသော ဈေးကွက်ယှဉ်ပြိုင်မှု ပတ်ဝန်းကျင်တစ်ခုတည်ဆောက်ရန်၊ နယ်စပ်ဖြတ်ကျော် လက်ကားရောင်းချနေသည့် (E-business) လုပ်ငန်းကောင်းမွန်စွာတိုးတက်လာစေရန် အလို့ငှာ နိုင်ငံတော်ကောင်စီ၏ ခွင့်ပြုချက်အရ နယ်စပ်ဖြတ်ကျော်လက်ကားရောင်းချနေသည့် (E-business)လုပ်ငန်းများအပေါ် ကောက်ခံမည့် တင်ပို့ခွန်သတ်မှတ်ချက်ပေါ်လစီများကို ထုတ်ပြန်လိုက်သည်။ အသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်သည်-

၁။ နယ်စပ်ဖြတ်ကျော် လက်ကားရောင်းချနေသည့် (E-business) ကို အကောက်ခွန်၊ သွင်းကုန်အမြတ်တော်ခွန်၊ စားသုံးခွန်များ ကောက်ခံသွားမည်ဖြစ်ပြီး နယ်စပ်ဖြတ်ကျော် လက်ကားရောင်းချနေသည့် (E-business) မှ ကုန်ဝယ်ယူသူအနေဖြင့် ထိုအခွန်များကို ပေးဆောင်ရမည်။ လက်တွေ့ဈေးနှုန်းတွင်ကုန်ပစ္စည်း လက်ကားဈေး၊ သယ်ပို့စရိတ်၊ အာမခံစရိတ်များပါဝင်၍ ထိုကုန်ကျစရိတ်စုစုပေါင်းကို အခွန်ကောက်မည့် ဈေးနှုန်းအဖြစ် သတ်မှတ်မည်။ (E-business) လုပ်ငန်းလုပ်ကိုင်သည့်ကုမ္ပဏီ၊ ဝန်ဆောင်မှုစင်တာ၊ ကုန်စည် သယ်ယူပို့ဆောင်ရေးကုမ္ပဏီတို့မှ ထိုအခွန်များအတွက် ကိုယ်စားကောက်ခံပေးရန် တာဝန်ရှိသည်။

၂။ နယ်စပ်ဖြတ်ကျော်လက်ကားရောင်းချနေသည့်(E-business) ကုန်ပစ္စည်းအပေါ် သွင်းကုန်အခွန် ကောက်ခံသည့်စနစ်တွင် အခြားနိုင်ငံ (သို့မဟုတ်) ဒေသများမှ တင်သွင်းလာမှုများ အကျုံးဝင်သည်။ အသေးစိတ်ကို (နယ်စပ်ဖြတ်ကျော်လက်ကား ရောင်းချနေသည့် (E-business) ကုန်ပစ္စည်းစာရင်း)တွင် ကြည့်ရှုနိုင်သည်-

(က) အကောက်ခွန်ဦးစီးဌာနဝက်ဘ်ဆိုက်ပေါ်တွင် တင်ပို့ရောင်းချသော (E-business)ကုန်ပစ္စည်းမှာ ရောင်းချခြင်း၊ ငွေချေခြင်း၊ ကုန်သယ်ပို့ခြင်းဟူသော အချက်(၃)ချက်ပြုလုပ်နိုင်သော နယ်စပ် ဖြတ်ကျော် လက်ကား ရောင်းချနေသည့် (E-business) လုပ်ငန်းရှင်၏ကုန်ပစ္စည်း။

(ခ) အကောက်ခွန်ဦးစီးဌာနဝက်ဘ်ဆိုက်ပေါ်တွင် တင်ပို့ရောင်းချခြင်းမရှိသော်လည်း ကုန်သယ်ပို့မှု၊ စာတိုက်မှ ပေးပို့မှုလုပ်ငန်းကို လုပ်ကိုင်နိုင်သည့်၊ ရောင်းချခြင်း၊ ငွေချေခြင်း၊ ကုန်သယ်ပို့ခြင်းများကို တစ်ချိန်တည်း လုပ်ပေးနိုင်သည့်၊ တရားဥပဒေနှင့်အညီ တာဝန်ယူပေးမည်ဟု ကတိပြုထားသည့် နယ်စပ်ဖြတ်ကျော် လက်ကားရောင်းချနေသည့် (E-business) လုပ်ငန်းရှင်၏ ကုန်ပစ္စည်း။ နယ်စပ် ဖြတ်ကျော်လက်ကား ရောင်းချနေသည့် (E-business) ကုန်ပစ္စည်းမဟုတ်ဘဲ တစ်ဦးချင်းပိုင်ပစ္စည်းနှင့်ရောင်းချခြင်း၊ ငွေချေခြင်း၊ ကုန်သယ်ပို့ခြင်းစသည့် (E-business) အချက်အလက်များမရှိသော နယ်စပ်ဖြတ်ကျော် လက်ကားရောင်းချနေသည့် (E-business) ကုန်ပစ္စည်းများကို လက်ရှိသတ်မှတ်ချက်များအတိုင်း ကြီးကြပ်သွားမည်။

၃။ နယ်စပ်ဖြတ်ကျော်လက်ကားရောင်းချနေသည့်(E-business) သွင်းကုန် ကုန်ပစ္စည်းတစ်ခုချင်း၏ ရောင်းငွေမှာ ယွမ် ၂၀၀၀ မရှိလျှင် လူတစ်ဦးချင်း၏တစ်နှစ်ဝယ်ယူမှုမှာ ယွမ် ၂၀၀၀၀ မရှိလျှင် အကောက်ခွန်ဌာန၏ ခွန် (သုညရာခိုင်နှုန်း)ဟု သတ်မှတ်မည်။ သွင်းကုန်အမြတ်တော်ခွန်၊ စားသုံးခွန်တို့ကို ယခုလက်ရှိ ကျင့်သုံးနေသည့် ၇၀ ရာခိုင်နှုန်းဖြင့် ကောက်ခံမည်။ တစ်ကြိမ်ဝယ်ယူမှုတန်ဖိုး၊ တစ်နှစ် ဝယ်ယူမှုတန်ဖိုးများ သတ်မှတ်ချက် ထက်ကျော်လွန်ပါက ပေးဆောင်ခွန်များ ယွမ် ၂၀၀၀ အထက်တွင် ရှိပါက ပုံမှန်ကုန်သွယ်ရေးအဖြစ် ကြည့်မြင်ကာ အခွန်ကောက်ခံသွားမည်ဖြစ်သည်။

၄။ နယ်စပ်ဖြတ်ကျော်လက်ကားရောင်းချနေသည့်(E-business) ကုန်ပစ္စည်းသည် အကောက်ခွန်ဌာနမှ တင်သွင်းခွင့်ကျသည့်နေ့မှစ၍ ရက် ၃၀အတွင်း ရောင်းချသူကို ပစ္စည်းပြန်အပ်လျှင် ထို့အတွက် ကောက်ခံထားသော အခွန်များပြန်ပေးမည်ဖြစ်သလို လူတစ်ဦးချင်း တစ်နှစ်ဝယ်ယူမှု ကိန်းဂဏန်းကိုလည်းပြင်ပေးမည်ဖြစ်သည်။

၅။ နယ်စပ်ဖြတ်ကျော်လက်ကားရောင်းချနေသည့်(E-business) ကုန်ပစ္စည်းဝယ်ယူသူ၏ မှတ်ပုံတင်အချက်အလက်များကို စိစစ်ရမည်။ ထိုသို့စိစစ်မှုမပြုခဲ့သော် ငွေပေးချေသူသည် ကုန်ပစ္စည်းဝယ်ယူသူဟုမှတ်ယူမည်။

၆။ (နယ်စပ်ဖြတ်ကျော်လက်ကားရောင်းချနေသည့်(E-business) ကုန်ပစ္စည်းစာရင်း)ကို ဘဏ္ဍာရေးဝန်ကြီးဌာနမှ သီးသန့်ထုတ်ပြန်သည်။

၇။ ဤထုတ်ပြန်ကြော်ငြာချက်ကို ၂၀၁၆ ခုနှစ် ဧပြီလ ၈ ရက်မှ စတင်ကျင့်သုံးသည်။

**ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးချုပ်ရုံး၊**
**နိုင်ငံတော်အခွန်ဦးစီးချုပ်ရုံး**
**၂၀၁၆ ခုနှစ် မတ်လ ၂၄ ရက်**

**နိုင်ငံတော်အခွန် ဦးစီးချုပ်ရုံးမှ ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှု အခွန်ကဏ္ဍခွဲခြင်းနှင့် ကုတ်နံပါတ်ခွဲခြင်း စမ်းသပ်လုပ်ငန်း အကြောင်းကြားစာ**
**(အခွန်ချုပ်ရုံးစာအမှတ်-၂၀၁၆/၅၆)**

အခွန်ကောက်ခံမှုစနစ်များကို ခေတ်မီစွာကောက်ခံနိုင်ရန်၊ အခွန်ပေးဆောင်သူအနေဖြင့် အခွန်များ အလွယ်တကူပေးဆောင်နိုင်ရန်၊ အမြတ်တော်ခွန်ပြေစာများစနစ်တကျထုတ်ပေးနိုင်ရန်၊ အခွန်ဦးစီးဌာနမှ အမြတ်တော်ခွန်ကောက်ခံမှုများကောက်ခံမှု ကြီးကြပ်နိုင်ရန်၊ အခွန်ဦးစီးချုပ်ရုံးမှ (ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှု အခွန်ကဏ္ဍခွဲခြင်းနှင့် ကုတ်နံပါတ်ခွဲခြင်းစမ်းသပ်လုပ်ငန်း) (အောက်တွင် ကုတ်နံပါတ်ဟုခေါ်ဆိုမည်။)ကို ရေးသားထုတ်ပြန်ထားသည်။ ထို့အတူ အမြတ်တော်ခွန်မှတ်တမ်းတင်သည့် ဆော့ဖ်ဝဲလ်တွင် ကုတ်နံပါတ်သွင်းသည့် စနစ်ကိုပါ ရေးထည့်သွင်းထားသည်။ သို့ပါ၍ ထိုကုတ်နံပါတ်သွင်းသည့် လုပ်ငန်းကို တစ်နိုင်ငံလုံးတွင် အကောင်အထည်ဖော်နိုင်ရန် အခွန်ဦးစီးချုပ်ရုံးမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှစ၍ ပီကင်း၊ ရှန်ဟဲ၊ ကျန်းစူး၊ ကွမ်တုံးတို့တွင် စမ်းသပ်သွားမည်ဖြစ်သည်။ အသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်သည်-

**၁။ စမ်းသပ်မည့်နေရာများ**

စမ်းသပ်ဒေသရှိ ပြည်နယ် အကောက်ခွန်ဦးစီးဌာနမှ စမ်းသပ်မည့်ဒေသကိုရွေးချယ်ကာ အမြတ်တော်ခွန်ပြေစာတွင် ကုတ်နံပါတ်ရိုက်နှိပ်သည့် ဆော့ဖ်ဝဲလ်ကို စမ်းသပ်မည်ဖြစ်သည်။

(က) ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်မှစ၍ စမ်းသပ် ဒေသတွင်းရှိအမြတ်တော်ခွန်ပေးဆောင်မည့်သူမှ အမြတ်တော်ခွန်ပြေစာတွင် ကုတ်နံပါတ်ရိုက်နှိပ်သည့် စနစ်ကို အသုံးပြုတတ်ရမည်။

(ခ) ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်မှစ၍ စမ်းသပ်ဒေသတွင်းရှိ အမြတ်တော်ခွန်ပြေစာများတွင် ကုတ်နံပါတ်ရိုက်နှိပ်သွားရမည်။ အမြတ်တော်ခွန် ပေးဆောင်မည့်သူတွင်ရှိသော အခွန်ပေးဆောင်မည့်သူအနေဖြင့် အမြတ်တော်ခွန်ပြေစာတွင် ကုတ်နံပါတ်ရိုက်နှိပ်သည့်စနစ်ကို သုံးကာ အမြတ်တော်ခွန် အထူးပြေစာ၊ အမြတ်တော်ခွန်ရိုးရိုးပြေစာ၊ ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေးပြေစာ၊ မော်တော်ယာဉ်ရောင်းဝယ်ရေး ပြေစာတို့ကို ရိုက်နှိပ်သွားမည်။

**၂။ ဆော့ဖ်ဝဲအဆင့်မြှင့်ခြင်း**

(က) စမ်းသပ်ဒေသတွင် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့ သန်းခေါင်မတိုင်မီ အခွန်ဦးစီးဌာနတွင် အခွန် ပြေစာအတု တားဆီးရေးစနစ်၊ ကုန်သယ်ယူပို့ဆောင်ရေးပြေစာအတု တားဆီးရေးစနစ်၊ လုပ်ငန်း လက်ခံသည့်စနစ်၊ ကွန်ပျူတာစာရင်းမှူရင်းစနစ်များကို အဆင့်မြှင့်တင်ပေးရမည်။ ထို့အတူ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် အခွန်ပေးဆောင်မည့်သူများကို စုဝေး၍ တပ်ဆင်ပေးခြင်း၊ အဆင့်မြှင့်ပေးခြင်းများ လုပ်ကိုင်ပေးရမည်။ စမ်းသပ်ဒေသမဟုတ်သည့် ဒေသများအနေဖြင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့ သန်းခေါင်မတိုင်မီ အခွန်ဦးစီးဌာနမှ ကွန်ပျူတာစာရင်းမှူရင်းစနစ်ကို တပ်ဆင်ပေးရမည်။

(ခ) သက်ဆိုင်သည့် ထပ်ဆောင်းပစ္စည်းများနှင့် အသုံးပြုရန်မိတ်ဆက်များကို နိုင်ငံတော်အခွန်ဦးစီးချုပ်ရုံးမှ ဝက်ဘ်ဆိုက် (http://100.16.92.105) တွင် ရယူနိုင်သည်။ အခွန်ဦးစီးဌာနများအနေဖြင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ထပ်ဆောင်းပစ္စည်းများ ဒေါင်းလုပ်လုပ်နိုင်သည်။ အခွန်ဦးစီးဌာနများအနေဖြင့် အဆင့်မြှင့်သည့် လုပ်ငန်းများနှင့် အရေးပေါ် အခြေအနေများကို ဖြေရှင်းနိုင်ရန် ပြင်ဆင်ထားရမည်။ ထို့အတူ လိုအပ်သည်များကို သုံးသပ်ကာ အဆင့်မြှင့်တင်မှုများကို လုပ်ငန်းလိုအပ်ချက်များနှင့်အညီ လုပ်ကိုင်ကာ ပုံမှန်လုပ်ငန်းများမထိခိုက်စေရန် ပြင်ဆင်လုပ်ကိုင်ထားရမည်။

**၃။ အလုပ်တောင်းဆိုချက်**

(က) စမ်းသပ်လုပ်ငန်းမှာအရေးကြီးလှပြီး စမ်းသပ်ဒေသတွင်းရှိ ဌာနများအနေဖြင့် အထူးဂရုပြုလုပ်ကိုင်ရမည်။ ထို့အတူ မိမိဒေသနှင့်ကိုက်ညီသော စမ်းသပ်မှုစနစ်တစ်ခု သတ်မှတ်ကာ အကောင်အထည် ဖော်ရမည်။

(ခ) စမ်းသပ်ဒေသတွင်းရှိဌာနများအနေဖြင့် စမ်းသပ်မှုအတွက် ပြင်ဆင်ထားရမည်ဖြစ်သလို ပညာပေး လုပ်ငန်းများ လုပ်ကိုင်ကာ ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း လုပ်ကိုင်၍ ဆော့ဖ်ဝဲများကိုဒေါင်းလုပ် လုပ်ကာ အဆင့်မြှင့်ခြင်းလုပ်ငန်းများ၊ ကုတ်နံပါတ်ဝန်ဆောင်မှုလုပ်ငန်း စသည်တို့ကို လုပ်ကိုင်ရမည်။

(ဂ) ဒေသများမှ အခွန်ဦးစီးဌာနများအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းလုပ်ကိုင်ရမည်။ အမြတ်တော်ခွန်ကြီးကြပ်ရေးဦးစီးဌာနအနေဖြင့် စမ်းသပ်လည်ပတ်မှုလုပ်ငန်းများကို တာဝန်ယူ လုပ်ကိုင်ရမည်။ ထို့အတူ ဝန်ဆောင်မှုဌာနများကို ကြီးကြပ်ခြင်း၊ နည်းပညာကြီးကြပ်သည့်ဌာနများတွင် အခွန်ကြီးကြပ်ရေး စက်ပစ္စည်းများ လုပ်ကိုင်ထားရမည်။ ထို့အတူ ဆော့ဖ်ဝဲလ် အဆင့်မြှင့်ခြင်းနှင့် နည်းပညာကာကွယ်ရေး စသည့်လုပ်ငန်းများ လုပ်ကိုင်ထားရမည်။ ဤသည်မှာ အမြတ်တော်ခွန် ပေးဆောင်ရေးစနစ် အန္တရာယ်ကင်းလုံခြုံစေရန် လိုအပ်သည်များ လုပ်ကိုင်ထားရှိ လည်ပတ်စေမည်။

(ဃ) ဒေသများမှ အခွန်ဦးစီးဌာနများအနေဖြင့် အခွန်ပေးဆောင်ခြင်းလုပ်ငန်းအဆင့်မြှင့်ခြင်း လုပ်ငန်းများကို လုပ်ကိုင်ရမည်ဖြစ်သလို ကြီးကြပ်ရေးလုပ်ငန်းများ၊ လုပ်ငန်းပုံမှန်လည်ပတ်ရေး လုပ်ငန်းများကိုလည်း လုပ်ကိုင်ထားရမည်။ ထို့အတူ ပြဿနာများတွေ့ရှိပါက အချိန်မီ အခွန်ဦးစီးဌာနချုပ်ရုံး (ကုန်နှင့် လုပ်အား အခွန်ဌာန၊ ဒစ်ဂျစ်တယ်အခွန်ကြီးကြပ်ရေးစင်တာ) သို့ တင်ပြရမည်။

(င) စမ်းသပ်ဒေသတွင်းရှိ ဌာနများအနေဖြင့် ၂၀၁၆ ခုနှစ် မတ်လ ၂၀ ရက်နေ့မတိုင်မီ စမ်းသပ်လုပ်ငန်း အစီရင်ခံစာကို (FTP) အခွန်ဦးစီးဌာနချုပ်ရုံး (ကုန်နှင့်လုပ်အား အခွန်ဌာန၊ ဒစ်ဂျစ်တယ်အခွန်ကြီးကြပ်ရေးစင်တာ) သို့ တင်ပြရမည်။

**နိုင်ငံတော်အခွန်ဦးစီးချုပ်ရုံး**
**၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်**

**ဆက်လက်ဖော်ပြပါမည်။**

# ဖိလစ်ပိုင်နိုင်ငံ၏ စားသောက်ကုန်နှင့် လယ်ယာထွက်ကုန် တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းများ

[ ကျော်စိန်ဝင်း (ပြည်တွင်း/ပြည်ပ) ]

၂၀၁၅ ခုနှစ်မှာ တည်ထောင်ခဲ့တဲ့ အာဆီယံ စီးပွားရေးအသိုက်အဝန်းဟာ လူဦးရေ ၆၃၅ သန်းကျော်ရှိပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ထရီလီယံတန်ဖိုးရှိတဲ့ ကြီးမားလှသော ဈေးကွက်အခွင့်အလမ်းတစ်ရပ်ကို ဖန်တီးပေးထားတဲ့အတွက် အေအီးစီဟာ အာဆီယံဒေသတွင်း စီးပွားရေးပေါင်းစည်းမှုခရီးလမ်းမှာ အဓိကအရေးပါတဲ့ သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့ အညီ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသနဲ့ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများနဲ့ အကောင်အထည်ဖော်နေတဲ့ လွတ်လပ်သောကုန်သွယ်မှုဒေသတွေမှာပါဝင်နေပြီး အာဆီယံစီးပွားရေး အသိုက်အဝန်းကိုလည်း လိုက်ပါအကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အာဆီယံပေါင်းစည်းလာမှုကြောင့် အာဆီယံနိုင်ငံများ အချင်းချင်း ကုန်သွယ်မှုဟာ ၂၀၀၃ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၃၇၆ ဘီလီယံကနေ ၂၀၁၇ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၅၂၀ ဒသမ ၉၆ ဘီလီယံ ရှိလာပြီး အာဆီယံစုစုပေါင်းကုန်သွယ်မှုရဲ့ ၂၃ ဒသမ ၄၈ ရာခိုင်နှုန်းရှိလာပါတယ်။ အခုဆိုရင် အာဆီယံ စီးပွားရေး အသိုက်အဝန်းဟာ အေအီးစီ ၂၀၂၅ Blueprint နဲ့အတူ ရှေ့ဆက်ဖို့ရှိနေပါပြီ။ အာဆီယံဒေသတွင်းနိုင်ငံများ အချင်းချင်း ကုန်စည်နဲ့ ဝန်ဆောင်မှုတွေ လွတ်လပ်စွာစီးဆင်းနိုင်စေရေးဟာ အေအီးစီရဲ့အဓိကရည်မှန်းချက်တွေ အနက်တစ်ခုဖြစ်တာကြောင့် မြန်မာနိုင်ငံအနေနဲ့ ရရှိထားတဲ့ ဈေးကွက်အခွင့်အလမ်းကို အမိအရ ဆုပ်ကိုင်ပြီး အာဆီယံဒေသတွင်း ဈေးကွက်နိုင်ငံများကို မိမိတို့ရဲ့ပို့ကုန်တွေ တိုးတက်တင်ပို့နိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် ယခုတစ်ပတ်မှာဆိုရင်တော့ အာဆီယံနိုင်ငံများအနက် ဖိလစ်ပိုင်နိုင်ငံကို စိုက်ပျိုးရေးထွက်ကုန်နဲ့ စားသောက်ကုန်တွေ တင်ပို့ရာမှာ လိုက်နာဆောင်ရွက်ရမယ့် လုပ်ထုံးလုပ်နည်းနဲ့ စံချိန်စံညွှန်းများကို လက်လှမ်းမီသလောက် ရေးသားတင်ပြလိုပါတယ်။ ဖိလစ်ပိုင်နိုင်ငံဟာ အာဆီယံနိုင်ငံများကဆန်ကို ဝယ်ယူတင်သွင်းနေရတဲ့ နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။

**အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲသည့် ဌာနများ**

ဖိလစ်ပိုင်နိုင်ငံအနေနဲ့ ၂၀၀၉ ခုနှစ်မှာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး အက်ဥပဒေအသစ်ကိုပြဋ္ဌာန်းခဲ့ပြီး နိုင်ငံအတွင်း စားသောက်ကုန်၊ ဆေးဝါးနဲ့ အလှကုန်ပစ္စည်းများ စတဲ့ ထုတ်ကုန်တွေအတွက် လုပ်ထုံးလုပ်နည်းအပိုင်းမှာ တိုးတက်အားကောင်းလာစေဖို့ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာဆိုရင် စားသောက်ကုန်ဘေးကင်းလုံခြုံမှုစံချိန်စံညွှန်းတွေ ဖွံ့ဖြိုး တိုးတက်စေဖို့နဲ့ သက်ဝင်အားကောင်းလာစေဖို့အတွက် ကျန်းမာရေးဝန်ကြီးဌာနမှာရှိတဲ့ အစားအသောက်နှင့် ဆေးဝါးဗျူရို (Bureau of Food and Drugs) နဲ့ စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ လယ်ယာနှင့် ငါးထွက်ကုန်စံချိန်စံညွှန်းဗျူရို (Bureau of Agriculture and Fisheries Product Standards) တို့က အဓိကတာဝန်ယူဆောင်ရွက်တာဖြစ်ပါတယ်။

**စားသောက်ကုန်နှင့် လယ်ယာထွက်ကုန်တင်သွင်းမှုလုပ်ထုံးလုပ်နည်းများ**

ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ တင်သွင်းလာတဲ့ စားသောက်ကုန်နဲ့ လယ်ယာထွက်ကုန်အားလုံးဟာ ဖိလစ်ပိုင်နိုင်ငံရဲ့ အစားအစာနဲ့ အပင်ကျန်းမာရေးဆိုင်ရာ ဥပဒေများနဲ့ ကိုက်ညီမှုရှိဖို့လိုအပ်မှာဖြစ်ပြီး လူသားတွေရဲ့အသက်အန္တရာယ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေခြိမ်းခြောက်မှုရှိနိုင်တဲ့ ကုန်စည်မျိုးကိုတော့ တင်သွင်းခွင့်ပြုမှာမဟုတ်ပါဘူး။ ဒါကြောင့် ဖိလစ်ပိုင်နိုင်ငံအတွင်းကို တင်သွင်းလာမယ့် အပင်ထွက်ကုန်အပါအဝင် စားသောက်ကုန်နဲ့ လယ်ယာထွက်ကုန်တွေကို ရောဂါပိုးမွှားကင်းစင်မှုရှိ/မရှိနဲ့ သုံးစွဲရန်သင့်/မသင့်တို့ကို သတ်မှတ်ထားတဲ့စစ်ဆေးခြင်းနည်းလမ်းများနဲ့အညီ စစ်ဆေးဆောင်ရွက်ခြင်းခံရမှာဖြစ်ပါတယ်။

စားသောက်ကုန်နဲ့ လယ်ယာထွက်ကုန်တွေအတွက် စံချိန်စံညွှန်းတွေနဲ့ပတ်သက်ရင် ဖိလစ်ပိုင်နိုင်ငံဟာ နိုင်ငံတကာအသိအမှတ်ပြု CODEX Alimentarius နဲ့တင်ပို့တဲ့နိုင်ငံတွေရဲ့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (Food and Drug Administration) ကဲ့သို့သော အဖွဲ့အစည်းများရဲ့ စံချိန်စံညွှန်းများကို လက်ခံတာဖြစ်ပါတယ်။ တင်သွင်းလာတဲ့ စားသောက်ကုန်နဲ့ လယ်ယာထွက်ကုန်တွေအတွက် ကျန်းမာရေးနဲ့ ရောဂါပိုးမွှား ကင်းစင်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေကတော့ ထွက်ကုန်အမျိုးအစား အားလုံးအတွက် တူညီ သတ်မှတ်ထားပါတယ်။ ဖိလစ်ပိုင်ရဲ့ သွင်းကုန် ဥပဒေအရ တင်သွင်းလာမယ့် ကုန်ပစ္စည်းတွေ ကျန်းမာရေးနဲ့ ရောဂါပိုးမွှား ကင်းစင်ရေး ပြဋ္ဌာန်းချက်တွေနဲ့ ကိုက်ညီမှုရှိရေးကို ကုန်ပစ္စည်းတင်သွင်းသူ သွင်းကုန်လုပ်ငန်းရှင်ကနေ တာဝန်ယူ ဆောင်ရွက်ရတာဖြစ်ပါတယ်။

**သွင်းကုန်တွေကို ဘယ်လိုထိန်းကျောင်းဆောင်ရွက်သလဲ**

ဖိလစ်ပိုင်နိုင်ငံဟာ သွင်းကုန်တွေကို အမျိုးအစားသုံးမျိုးခွဲခြားထားပါတယ်။ လွတ်လပ်စွာ တင်သွင်းနိုင်သော ကုန်စည်များ (Freely Importable Commodities)၊ စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းချုပ်သော ကုန်စည်များ (Regulated Commodities) နှင့် တားမြစ်ပိတ်ပင်ထားသော ကုန်စည်များ (Prohibited or Banned Commodities) တို့ဖြစ်ကြပါတယ်။

လွတ်လပ်စွာတင်သွင်းနိုင်သောကုန်စည်များကတော့ စည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းချုပ်ထားခြင်း၊ တားမြစ်ပိတ်ပင်ထားခြင်းမရှိဘဲ တင်သွင်းခြင်းမပြုမီ မည်သည့်အစိုးရအဖွဲ့အစည်းထံမှ ကြိုတင်ခွင့်ပြုချက်ရယူရန်မလိုအပ်ဘဲ တင်သွင်းနိုင်သောကုန်စည်များဖြစ်ပါတယ်။ စည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းချုပ်ထားသောကုန်စည်များကတော့ ဖိလစ်ပိုင်ဗဟိုဘဏ်အပါအဝင် သင့်လျော်ရာ အစိုးရအဖွဲ့အစည်းများထံမှ ခွင့်ပြုချက်ရယူ၍ တင်သွင်းနိုင်သောကုန်စည်များဖြစ်ပါတယ်။ တားမြစ်ပိတ်ပင်ထားတဲ့ ကုန်စည်များမှာ ဖိလစ်ပိုင်နိုင်ငံ၏ တည်ဆဲဥပဒေများအရ တင်သွင်းခွင့်မပြုသော ကုန်စည်များပဲဖြစ်ပါတယ်။

ကုန်စည်တစ်မျိုးမျိုးအတွက် မည်သည့်အမျိုးအစားထဲမှာပါဝင်သလဲဆိုတာကို ဖိလစ်ပိုင်နိုင်ငံ၊ စက်မှုနှင့်ကုန်သွယ်ရေးဌာနမှာရှိတဲ့ အကောက်ခွန်ဗျူရို (Bureau of Customs)၊ သွင်းကုန် ဝန်ဆောင်မှုဗျူရို (Bureau of Import Services) နှင့် ဖိလစ်ပိုင်ဗဟိုဘဏ် (သို့မဟုတ်) ဗဟိုဘဏ်ရဲ့ အသိအမှတ်ပြုကိုယ်စားလှယ်ဘဏ်များတွင် စစ်ဆေးနိုင်ကြောင်း သိရပါတယ်။ ဖိလစ်ပိုင် လယ်ယာစိုက်ပျိုးရေးဌာနဟာ လယ်ယာထွက်ကုန်များ တင်သွင်းမှုဆိုင်ရာ အမျိုးအစားကို အတည်ပြုသတ်မှတ်ပေးပြီး တင်သွင်းမည့် ကုန်စည် (ဥပမာ ကြက်/ဝက်စသည်) အတွက် Minimum Access Volume (MAV) သွင်းကုန် လက်မှတ်လိုအပ်ခြင်း ရှိ/မရှိကိုလည်း ဖော်ပြပေးပါတယ်။

**တံဆိပ်ကပ်ခြင်းဆိုင်ရာ လိုအပ်ချက်များ**

ဖိလစ်ပိုင်နိုင်ငံအတွင်းကို တင်သွင်းလာမယ့် စားသောက်ကုန်တွေအတွက် လိုအပ်တဲ့ တံဆိပ်ကပ်ခြင်းဆိုင်ရာ သတင်းအချက်အလက်တွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်-

(က) စားသောက်ကုန်၏ အမည်

(ခ) ထပ်တိုးပစ္စည်း၊ အရောင်တင်ပစ္စည်းနှင့် တာရှည်ခံပစ္စည်းများအပါအဝင် ထုတ်ကုန်တွင် ထည့်သွင်းအသုံးပြုထားသော ပါဝင်ပစ္စည်းများ

(ဂ) စုစုပေါင်းပမာဏနှင့် အရည်ဖယ်ထုတ်ပြီး အလေးချိန်

(ဃ)ဖိလစ်ပိုင်နိုင်ငံမှ တင်သွင်းသူ/ ဖြန့်ချိသူ၏ အမည်နှင့်နေရပ်လိပ်စာ၊ တင်သွင်းကုန်စည်၏ပင်ရင်းနိုင်ငံအပါအဝင် ထုတ်လုပ်သူ/ထုပ်ပိုးသူ (သို့မဟုတ်) ဖြန့်ချိသူ၏ အမည်နှင့် နေရပ်လိပ်စာ

(င) Lot Identification

တံဆိပ်ကပ်ခြင်းဆိုင်ရာ လိုအပ်ချက်များနဲ့ ပတ်သက်ပြီး အသေးစိတ်ကို ထပ်မံသိရှိလိုရင်တော့ www.bfad.gov.ph မှာ ဝင်ရောက်ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

# ICT ဖွံ့ဖြိုးမှုညွှန်းကိန်း IDI အဆင့် ၇၈ နေရာသို့ ထိုင်းနိုင်ငံ ရောက်ရှိ

ထိုင်းနိုင်ငံ၏ ICT ဖွံ့ဖြိုးမှု ညွှန်းကိန်း (ICT Development Index) IDI အဆင့်သည် နိုင်ငံပေါင်း ၁၇၆ နိုင်ငံများထဲမှ ပြီးခဲ့သည့် နှစ်တွင် ၇၉ နေရာမှ ယခုနှစ်တွင် ၇၈ နေရာသို့ ရောက်ရှိခဲ့ပါသည်။ မိုဘိုင်းလ်အင်တာနက် ချိတ်ဆက်မှုသည်လည်း အသုံးပြုမှု စဉ်ဆက်မပြတ် တိုးတက်လာပြီး 4G ကွန်ရက်ချိတ်ဆက်နိုင်မှုအဆင့်ထိ ရောက်ရှိလာပါသည်။

နိုင်ငံတကာ ဆက်သွယ်မှုကွန်ရက် International Telecommunication Unions (ITU) အား ပြန်ကြားရေး သတင်းအချက်အလက် တိုင်းတာချက် Measuring the Information Society Report (MISR) အရ ၂၀၁၇ ခုနှစ်တွင် ထိုင်းနိုင်ငံသည် အာရှပစိဖိတ် ၃၄ နိုင်ငံအတွင်း ၁၀ နေရာသို့ ယခင်နှစ်နှင့် ယခုနှစ်အဆင့်တူညီစွာ ရပ်တည်နေခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် (MISR) သည် နိုင်ငံများ အားလုံးအနက် စိတ်ဝင်စားဖွယ်တိုးတက်လာသော နိုင်ငံများကို ဒစ်ဂျစ်တယ်စနစ်ဖြင့် စိစစ်ခွဲခြားခဲ့ပါသည်။ IDI စနစ်အသုံးပြုမှုနှင့် ကျွမ်းကျင်မှုများကို အခြေခံပြီး ICT နည်းပညာကို အသုံးပြု၍ အခြေခံ အဆောက်အအုံ တည်ဆောက်ခြင်း၊ ICT ညွှန်းကိန်းများ အသုံးပြုခြင်း၊ ICT အတွက်အရေးကြီးသောစွမ်းဆောင်နိုင်စွမ်းနှင့် ကျွမ်းကျင်မှုများ တိုင်းတာခြင်းစသည်ဖြင့် သုံးပိုင်းပိုင်းခြား၍ ခွဲခြားခဲ့ပါသည်။

၂၀၁၇ ခုနှစ် ITU အစီခံစာများအရ အိုက်စလန်သည် ပြီးခဲ့သည့်နှစ်က ဒုတိယနေရာမှ ယခုနှစ်တွင် ထိပ်ဆုံးနေရာသို့ ရောက်ရှိခဲ့ကြောင်း၊ တောင်ကိုရီးယားနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် ထိပ်ဆုံး နေရာမှ ယခုနှစ်တွင် ဒုတိယနေရာသို့ကျဆင်းသွားခဲ့ကြောင်း၊ ထိပ်ဆုံး ၁၀ နိုင်ငံအတွင်းပါဝင်သော အာရှပစိဖိတ်ဒေသတွင်းနိုင်ငံများသည် ရင်းနှီးမြှုပ်နှံမှုနှင့် ဆန်းသစ်တီထွင်မှု အတွေ့အကြုံများ များစွာရှိကြပါကြောင်း၊ တောင်ကိုရီးယား၊ ဟောင်ကောင်နှင့် ဂျပန်နိုင်ငံ သုံးနိုင်ငံတို့သည် ICT ၏ထိပ်တန်း ၁၀ အဆင့်သတ်မှတ်ထားမှုအတွက် အဆင်သင့်ဖြစ်ပြီး၊ ယခင်နှစ် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွင် IDI ၏ အဆင့်သတ်မှတ်ချက်အရ ဟောင်ကောင်သည် ၁၇၆ နိုင်ငံမှ ခြောက်နေရာတွင် ရှိပြီး၊ ဂျပန်နိုင်ငံသည် ယခင်နှစ် ၁၁ နေရာမှ ယခုနှစ် ၂၀၁၇ တွင် ၁၀ နေရာသို့ရောက်ရှိခဲ့ပါကြောင်း၊ အာရှပစိဖိတ်ဒေသဆိုင်ရာ ITU ရုံးညွှန်ကြားရေးမှူး Loane Koroivuki က ပြောကြားပါသည်။

ပြန်ကြားရေး သတင်းအချက်အလက်တိုင်းတာချက် MISR အရ ဒေသတွင်းနိုင်ငံများနှင့် တစ်ဦးချင်း နိုင်ငံများအကြား အဓိက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအဆင့်အတွက် ICT ဖွံ့ဖြိုးမှုညွှန်းကိန်းများတွင် ခြားနားချက်များ ရှိပါကြောင်း၊ ထိုင်းနိုင်ငံသည် ပြီးခဲ့သည့်နှစ်တွင် ၈၁ နေရာမှ ၂၀၁၇ ခုနှစ်တွင် ၇၀ နေရာသို့ရောက်ရှိခဲ့ပြီး ဆက်လက်တိုးတက်မှုများ ဖြစ်ထွန်းပါက နှစ်နှစ်ဆက်တိုက်အတွင်း ၆၈ နေရာအထိသို့ ရောက်ရှိနိုင်ပါကြောင်း Mr Koroivuki က ပြောကြားပါသည်။

၂၀၁၅ ခုနှစ်တွင် ကြိုးမဲ့အင်တာနက်အသုံးပြုမှု 4G စနစ်ကို အစိုးရ၏ ဒစ်ဂျစ်တယ်စီးပွားရေး မောင်းနှင်မှုမူဝါဒအရ ထိုနှစ်အတွင်း မိုဘိုင်းလ်ဖုန်းအသုံးပြုမှု မြင့်မားလာခြင်းကြောင့် ၂၀၁၆ ခုနှစ်အတွက် IDI ၏ အဆင့်သတ်မှတ်ချက်တိုးမြှင့်လာခဲ့ပါကြောင်း၊ ထိုင်းနိုင်ငံအတွက် ဒစ်ဂျစ်တယ် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်စွမ်းရည် တိုးတက်ခြင်းများ ဆက်လက်ဖြစ်ထွန်းနေပါက ၂၀၁၈ ခုနှစ်တွင် IDI ၏ အဆင့်သတ်မှတ်ချက်သည် ၂၀၁၇ ခုနှစ်ထက် သိသိသာသာ ပိုကောင်းလိမ့်မည်ဟု ယုံကြည်ပါကြောင်း ITU အထွေထွေအတွင်းရေးမှူး Houlin Zhao က ပြောကြားပါသည်။ **မင်းအောင်အေး**

# ထိုင်းအစိုးရက အက်စ်အမ်အီးများအတွက် သင်တန်းများပေးမည်

ထိုင်းနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အီးကောမတ်စ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မိုက်ခရိုအက်စ်အမ်အီးလုပ်ငန်းများအား ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ကျေးလက်ဒေသများရှိ ပြည်တွင်းစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ သင်တန်းများ ပို့ချပေးမည်ဖြစ်ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

ထိုင်းအစိုးရအနေဖြင့် ထိုင်းအက်စ်အမ်အီးများအား ၎င်းတို့၏လုပ်ငန်းများအလိုက် အကူအညီများ ပေးသွားမည်ဖြစ်ပြီး ဈေးကွက်အတွင်း အီးကောမတ်စ်လုပ်ငန်းများအား ကျွမ်းကျင်စွာအသုံးပြုနိုင်စေရန် သင်တန်းများပို့ချပေးရခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးအပီရာဒီတန်တရာပွန်က ပြောကြားခဲ့သည်။




“ကျွန်တော်တို့အနေနဲ့ လာမယ့်ရက်သတ္တပတ်ထဲမှာ အစိုးရအဖွဲ့ အစည်းအဝေးပြုလုပ်ဖို့ ရှိပါတယ်။ ဆုခလာပြည်နယ်မှာ သင်တန်းတွေ ပို့ချပေးဖို့ အစီအစဉ်တွေ ရေးဆွဲထားပါတယ်။ ဒီစီမံကိန်းက အက်စ်အမ်အီးတွေရော၊ အသေးစား အက်စ်အမ်အီးတွေရော သူတို့ရဲ့ အီးကောမတ်စ် အခန်းကဏ္ဍတွေမှာ ကျွမ်းကျင်ပိုင်နိုင်ပြီး သူတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေကို မြှင့်တင်ပေးနိုင်ဖို့အတွက် ရည်ရွယ်ပါတယ်”ဟု မစ္စအပီရာဒီက ပြောကြားခဲ့သည်။

ထိုင်းအစိုးရအဖွဲ့အနေဖြင့် အလီဘာဘာနှင့် လာဇာဒါအွန်လိုင်း စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်း၍ ထိုင်းအက်စ်အမ်အီးလုပ်ငန်းများအား ပြည်သူများထံ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေရန် သင်တန်းများ ပို့ချပေးမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

အရှေ့ပိုင်းစီးပွားရေးစင်္ကြံတွင် ရင်းနှီးမြှုပ်နှံမည့်စီမံကိန်းများ ချမှတ်ထားသည့် အလီလီဘာဘာ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် လာဇာဒါသည် အရှေ့ပိုင်းစီးပွားရေးစင်္ကြံ၏ တီထွင်ဖန်တီးမှုပရောဂျက်တွင် စတင်ရင်းနှီးမြှုပ်နှံရန် စဉ်းစားနေပြီဖြစ်သည်။

ထို့ပြင်အလီဘာဘာ၏ Taobao တက္ကသိုလ်သည် ထိုင်းနိုင်ငံတွင် New Economy Academy(NEA) ကို ဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါအကယ်ဒမီသည် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအား သင်တန်းများပို့ချပေးရန် ရည်ရွယ်ထားကြောင်း သိရသည်။

အထူးသဖြင့် ယင်းအကယ်ဒမီတွင် ထိုင်းအက်စ်အမ်အီးလုပ်ငန်းများ၊ အသေးစားအက်စ်အမ်အီးလုပ်ငန်းများအား အီးကောမတ်စ်နယ်ပယ်တွင် ၎င်းတို့၏လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုတတ်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအကယ်ဒမီသည် ယခုနှစ်အတွင်း ထိုင်းကုမ္ပဏီပေါင်း သုံးသောင်းကျော်ကို သင်တန်းများ ပို့ချပေးနိုင်ရန် မျှော်လင့်ထားကြောင်း သိရသည်။

ထိုင်းစီးပွားရေးလုပ်ငန်းများ၏ ၉၉ ရာခိုင်နှုန်းသည် အက်စ်အမ်အီးလုပ်ငန်းများဖြစ်ပြီး ယင်းလုပ်ငန်းများသည် တိုင်းပြည်၏ ဂျီဒီပီကို ၄၂ ဒသမ ၂ ရာခိုင်နှုန်းအထိ အထောက်အကူပြုလျက်ရှိသည်ဟု ဝန်ကြီး မစ္စအပီရာဒီက ပြောကြားခဲ့သည်။

# ဗီယက်နမ်နိုင်ငံက ကော်ဖီအမှတ်တံဆိပ်များအား ဈေးကွက်မြှင့်တင်ရန် စီစဉ်



ဗီယက်နမ်နိုင်ငံသည် ၎င်း၏ကော်ဖီအမှတ်တံဆိပ်များအားအရည်အသွေး မြှင့်တင်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၇ ဒသမ ၅သန်း အသုံးပြုရန် စီစဉ်လျက်ရှိကြောင်း ဗီယက်နမ်နယူးစ် သတင်းတွင် ဖော်ပြထားသည်။

အဆိုပါစီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနက ကြီးမှူး၍ လုပ်ဆောင်ခြင်းဖြစ်ပြီး စီမံကိန်းကာလမှာ ၂၀၂၃ ခုနှစ်အထိဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ယင်းစီမံကိန်းကို လုပ်ဆောင်ရခြင်းမှာ ကော်ဖီ ထုတ်လုပ်သူများနှင့် စားသုံးသူများအကြား ချိတ်ဆက်မှု ပိုမိုကောင်းမွန်စေရန်အတွက်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းတွင် ကော်ဖီ စိုက်ပျိုးသည်မှ အခြောက်ခံသည်အထိ လုပ်ငန်းစဉ်အဆင့်ဆင့် ပါဝင်သည့် အကြီးဆုံးစိုက်ပျိုးသည့် ဧရိယာကြီး တစ်ခု ပါဝင်မည်ဖြစ်သည်။

ယင်းဧရိယာသည် ရိုဘတ်စတာ ကော်ဖီ ၂ ဒသမ ၇ တန်ကိုစိုက်ပျိုး ထုတ်လုပ်နိုင်စွမ်းရှိကြောင်း၊ ဗီယက်နမ် နိုင်ငံတွင် အာရေဗီးကားတစ်ဟက်တာလျှင် နှစ်တန် စိုက်ပျိုးထုတ်လုပ်နိုင်သည့် နေရာများရှိကြောင်း၊ အဆိုပါ ကော်ဖီများသည် ဗီယက်နမ်နိုင်ငံ၏ နာမည်ဂုဏ်သတင်းကျော်စောသည့် ကော်ဖီများဖြစ်ပါကြောင်း အဆိုပါ သတင်းတွင် ဖော်ပြထားသည်။

ယင်းစီမံကိန်းသည်ကော်ဖီစိုက်ပျိုး ထုတ်လုပ်သူများအား ဝင်ငွေများ ပိုမိုတိုးတက်လာစေမည်ဖြစ်သည်ဟု ဆိုသည်။ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ကော်ဖီထုတ်လုပ်မှုမှ ဝင်ငွေ ငါးရာခိုင်နှုန်းတိုးတက်ရရှိမည်ဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် ခုနစ်ရာခိုင်နှုန်းတိုးတက်ရရှိနိုင်မည်ဖြစ်သည်ဟု ဆိုသည်။

ယင်းကဲ့သို့ပြုလုပ်ရခြင်းမှာ ဗီယက်နမ်နိုင်ငံမှ ထွက်ရှိသည့်ကော်ဖီများသည် အခြားသောနိုင်ငံများမှ ထွက်ရှိသည့် ကော်ဖီများ၏ တန်ဖိုးနှင့် နှိုင်းယှဉ်ပါက ပြည်တွင်းဈေးကွက်မှာသာမက ပြည်ပဈေးကွက်မှာပင် ယှဉ်ပြိုင်မှုများ များပြားနေခြင်းကြောင့် သိသာထင်ရှားသည့် ကော်ဖီအမှတ်တံဆိပ်တစ်ခုကို ပြုလုပ်ရခြင်းဖြစ်သည်ဟု ဆိုသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမ ၁၀ လအတွင်း ကော်ဖီတန်ချိန် ၁ ဒသမ ၁၇သန်းကို တင်ပို့ခဲ့ရာ အမေရိကန်ဒေါ်လာ ၂ဒသမ ၆၉ ဘီလီယံ ရရှိခဲ့ကြောင်း ဗီယက်နမ်လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

# ကမ္ဘောဒီးယားနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှုန်း နှေးကွေးခြင်းမရှိဟု ကမ္ဘာ့ဘဏ်က သုံးသပ်

ကမ္ဘောဒီးယားနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် နှေးကွေးနေခြင်းမရှိဟုကမ္ဘာ့ဘဏ်က သုံးသပ်လျက်ရှိကြောင်း ဖနွမ်းပင်သတင်းစာတွင်ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏စီးပွားရေးသည် လာမည့်နှစ်တွင် ၆ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းထားရာ ယခု ၂၀၁၇ခုနှစ်တွင် တိုးတက်ခဲ့သည့် ၆ ဒသမ ၈ ရာခိုင်နှုန်းနှင့်နှိုင်းယှဉ်ပါက နှေးကွေးနေသေးကြောင်း၊ သို့သော် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် လာမည့်နှစ်တွင် ရွေးကောက်ပွဲကျင်းပမည့်ကိစ္စနှင့်ပတ်သက်၍ မရေရာမသေချာမှုများရှိနေသဖြင့် ယခုပမာဏအထိ တိုးတက်လာသည်မှာ နှေးကွေးသည်ဟု ပြော၍ မရကြောင်း ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူတစ်ဦးက နိုဝင်ဘာလ ၂၂ ရက်က ပြောကြားခဲ့သည်။



ကမ္ဘောဒီးယားနိုင်ငံ၏နိုင်ငံရေး မငြိမ်မသက်မှုများသည် နိုင်ငံ၏စီးပွားရေးကိုအနည်းငယ် ထိခိုက်စေခဲ့ကြောင်း၊ လွန်ခဲ့သည့်ခြောက်နှစ်ခန့်က နိုင်ငံ၏ စီးပွားရေးသည် ခုနစ်ရာခိုင်နှုန်းခန့် တိုးတက်ခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ချည်မျှင်နှင့် အထည်လုပ်ငန်းများ၏ ပို့ကုန်တင်ပို့မှုသည် အတန်အသင့်သာ ရှိခဲ့ပြီး ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍသည် နှေးကွေးနေသည့် လက္ခဏာများ ပြသခဲ့ကြောင်း၊ သို့သော် အခြားသော ကုန်ထုတ်လုပ်ငန်းများမှ ပို့ကုန်တင်ပို့မှုများသည် တိုးတက်လျက်ရှိကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်လျက်ရှိသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ အထူးသဖြင့် တရုတ်လူမျိုးများအား ဆွဲဆောင်လျက်ရှိသည့် ဒေသတစ်ခုဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ သုံးသပ်ချက်တွင် ဖော်ပြထားသည်။

“ကျွန်တော်တို့ရဲ့ သဘောထားကတော့ အပေါင်းလက္ခဏာဆောင်ပါတယ်။ ဒေသတွင်းစီးပွားရေးနှေးကွေးနေရတဲ့ အခြေခံအကြောင်းကတော့ မရေရာတဲ့ရွေးကောက်ပွဲနဲ့ ဆက်စပ်နေပါတယ်”ဟု ကမ္ဘာ့ဘဏ်၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးဆုံးသောအကူအညီပေးနေသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် ရင်းနှီးမြှုပ်နှံမှုအများအပြားပြုလုပ်နေသည့်နိုင်ငံလည်းဖြစ်သည်။

## အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ် ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ် ပါသည်။

အကြံဉာဏ်များကို ပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည်မဟုတ်ပါ။

မယ်သီတာ စုစည်းတင်ပြသည်။










ရန်ကုန် : Golden Glory Int'l Co., Ltd.
01 8398543, 01 8398544, 01 8392959,09 420060363
ထားဝယ် : 059 23186 , 09 5179833
တောင်ငူ : 09 428116739
မန္တလေး : 09 449003086, 09 49289215
မော်လမြိုင် : 09 5321494 , 09 425267152
မကွေး : 063 23339 , 09 43071551



# Myanmar Essential World

09 515 7337, 09 517 4546

Email: koaye@myanmaressential.com

အမှတ် (၂၉)၊ ပုညဝန္နလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်

Ph : 09 5157337, 09  73015624, 09 5174546, 09 450007097, 01 209461, 01 554703. Fax : 01 209320

Email : myanmaressentialworld2011@gmial.com.  Website : www.myanmaressentialworld.com

M.E.W Co., Ltd. ပိုင်မြေပေါ်တွင် တည်ဆောက်မည့် သီလဝါစီမံကိန်းအတွင်း ကိုယ်ပိုင်မြေဂရန်အမည်ပေါက်ဖြင့် လုံးချင်းသီးသန့်နေထိုင်ချင်သူများအတွက် မိမိတို့ကုမ္ပဏီမှ ပေ ၄၀ × ၆၀ မြေကွက်ပေါ်တွင် ဝယ်ယူသူစိတ်တိုင်းကျ လုပခေတ်မီသော အဆင့်မြင့် လုံးချင်းအိမ်ယာများ တည်ဆောက်၍ ချိုသာသောဈေးနှုန်း အရစ်ကျငွေပေးချေစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး အိမ်နှင့်မြေတန်ဖိုး၏ 50% ပေးသွင်းပြီးပါက ဝယ်ယူသည့် Customer များအား လုံးချင်းတိုက်ပေါ် နေထိုင်ခွင့်ပြုမည်ဖြစ်ပြီး ကျန်ငွေအား ဘဏ်တိုးမပါ အရစ်ကျငွေပေးသွင်းစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။ လူကြီးမင်းတို့၏ အဖိုးတန်လှသော အဆောက်အဦများ၊ ရုံးများ၊ နေအိမ်များတွင် အခန်းတွင်းအလှဆင်ခြင်း၊ ပြန်လည်ပြုပြင် ပြင်ဆင်ခြင်း၊ အခန်းဖွဲ့ပေးခြင်း၊ အဆောက်အဦများ ဆောက်လုပ်လိုခြင်းစသည့် လုပ်ငန်းများကို စိတ်တိုင်းကျ ခေတ်မီဆန်းသစ်စွာ အလှဆင်ဆောင်ရွက်ပေးကြောင်း အထူးသတင်းကောင်းထပ်မံပါးအပ်ပါသည်။

Myanmar Trade Center Co., Ltd.

DAEWOO BUS

BEYOND the BEST

TOUR & RENTAL

CLARK

THE FORKLIFT









Myanmar Trade Center Co., Ltd. : Phone - 01 503864, 09 73 500 331, 09 73 500 333

Myanmar Coach Center Co.,Ltd.  : Phone - 09 79 723 44 55, 09 79 723 44 66, 09 79 723 44 77.

COMMERCE INTERNATIONAL

# ကမ္ဘာ့အကြီးဆုံးဘက်ထရီကို ဩစတြေးလျ နိုင်ငံ တောင်ပိုင်းတွင် တည်ဆောက်

ကမ္ဘာ့အကြီးဆုံး ဘက်ထရီကြီးတစ်ခုကို ဩစတြေးလျနိုင်ငံ တောင်ပိုင်းတွင် အမေရိကန်စွမ်းအင်ကုမ္ပဏီတစ်ခုဖြစ်သည့် Telsa Inc.(TSLA) က တည်ဆောက်ခဲ့ကြောင်းစီအန်န်အေသတင်းတွင် ဖော်ပြထားသည်။TSLA သည် အဆိုပါဘက်ထရီကို လီသီယံအိုင်းယွန်းကို အသုံးပြုကာ ကမ္ဘာ့အကြီးဆုံးဘက်ထရီကို ဖန်တီးပြုလုပ်ထားခြင်းဖြစ်ကြောင်းဩစတြေးလျနိုင်ငံအစိုးရက နိုဝင်ဘာလ ၂၃ ရက်က ထုတ်ဖော်ကြေညာခဲ့သည်။

TSLA သည် အဆိုပါဘက်ထရီကို ပြုလုပ်နိုင်ရန်အတွက် ပြင်သစ်နိုင်ငံ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ဩစတြေးလျနိုင်ငံအစိုးရတို့ပူးပေါင်း၍ ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဘက်ထရီကို စာချုပ်ချုပ်ဆိုပြီး ရက်ပေါင်း ၁၀၀ အတွင်း ပြုလုပ်ရန် ကတိပြုခဲ့ကြောင်း၊ ယခုအခါတွင် အဆိုပါဘက်ထရီမှာ ပြီးစီးနေပြီဖြစ်ကြောင်း ဘက်ထရီကို တီထွင်ဖန်တီးခဲ့သူ Elon Musk က ၎င်း၏တွစ်တာတွင် ပြောကြားခဲ့သည်။

"Telsa အဖွဲ့နဲ့ ဩစတြေးလျတောင်ပိုင်းက အာဏာပိုင်တွေကို အထူးဂုဏ်ပြုပါတယ်။ စွမ်းအင်တွေ ကုန်ခမ်းခြင်းကနေ လွတ်မြောက်သွားအောင် စွမ်းဆောင်ပေးခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်"ဟု Musk က ပြောကြားခဲ့သည်။

အဆိုပါဘက်ထရီသည် ဩစတြေးလျနိုင်ငံတောင်ပိုင်းအတွက် လိုအပ်နေသည့် လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။ ယင်းဘက်ထရီကြီးကို ဩစတြေးလျနိုင်ငံတောင်ပိုင်းရှိ လယ်ကွင်းများတွင် တည်ဆောက်ထားခြင်းဖြစ်ပြီး ဒေသ၏လိုအပ်ချက်နှင့်အညီ တိုးချဲ့တည်ဆောက်သွားမည်ဖြစ်သည်။

အဆိုပါဘက်ထရီမှ စွမ်းအင်ထုတ်လွှတ်မှုသည် အနီးပတ်ဝန်းကျင်ရှိဒေသများတွင် လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှုထက် သုံးဆခန့်ပိုမိုများပြားမည်ဖြစ်ကြောင်း၊ ယခုအခါတွင် ပြည်နယ်များနှင့်ဒေသအသီးသီးမှ စွမ်းအင်လိုအပ်ချက်အပေါ်မူတည်၍ လျှပ်စစ်ဓာတ်အားကို ထုတ်လွှတ်ပေးမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ယင်းစီမံကိန်းသည် ဘက်ထရီအတွင်း စွမ်းအင်များကို သိုလှောင်ထားပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြုခြင်းဖြစ်ကြောင်း ဩစတြေးလျနိုင်ငံတောင်ပိုင်းမှ အာဏာပိုင်များ၏ ထုတ်ပြန်ကြေညာချက်တွင်ဖော်ပြထားသည်။



မယ်သီတာ စုစည်းသည်



# ဖိလစ်ပိုင် မိုဘိုင်းဖုန်းဈေးကွက်သို့ဝင်ရောက်ရန် တရုတ်နိုင်ငံအား ဖိလစ်ပိုင်သမ္မတ ဖိတ်ခေါ်

ဖိလစ်ပိုင်နိုင်ငံ၏ မိုဘိုင်းဖုန်းဈေးကွက်သို့ ဝင်ရောက်ရန် ဖိလစ်ပိုင်သမ္မတရိုဒရီဂိုဒူတာတေးက တရုတ်နိုင်ငံမှ ကုမ္ပဏီများအား ဖိတ်ခေါ်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနတွင် ဖော်ပြထားသည်။

နိုင်ငံ၏ ကြိုးမဲ့ဆက်သွယ်ရေးလုပ်ငန်းများအား မြှင့်တင်ပေးရန်နှင့် ဖိလစ်ပိုင်နိုင်ငံတွင်း၌ တတိယမြောက် ဆက်သွယ်ရေးကုမ္ပဏီအဖြစ် ဝင်ရောက်လာရန် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ယခုအခါ၌ တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းတွင် PLDT Inc. နှင့် Globe Telecom Inc. တို့က ဈေးကွက်နေရာကို ရယူထားသည်။

လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်းက တရုတ်နိုင်ငံဝန်ကြီးချုပ် လီခချန်းနှင့် ဖိလစ်ပိုင်သမ္မတ ဒူတာတေးတို့ တွေ့ဆုံ၍ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စများအား ဆွေးနွေးစဉ်အတွင်း ဖိလစ်ပိုင်သမ္မတဒူတာတေးက ပြောကြားခဲ့ခြင်းဖြစ်သည်ဟု ဖိလစ်ပိုင် သမ္မတ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဟယ်ရီရော့ခ်က သတင်းထောက်များအား နိုဝင်ဘာ ၂၀ ရက်က ပြောကြားခဲ့ခြင်းဖြစ်သည်။

"တရုတ်နိုင်ငံရဲ့ ဘယ်ကုမ္ပဏီကို လာခဲ့ပါလို့ ဖိတ်ခေါ်တာမျိုးမဟုတ်ဘဲ တရုတ်နိုင်ငံအစိုးရက အဆိုပြုလွှာ တင်သွင်းတဲ့ကုမ္ပဏီတွေကို ရွေးချယ်သွားမှာပါ"ဟု ရော့ခ်က ပြောကြားခဲ့သည်။

သို့သော် တရုတ်နိုင်ငံဝန်ကြီးချုပ် လီခချန်း၏ရုံးမှ တာဝန်ရှိသူများကမူ အဆိုပါကိစ္စနှင့်ပတ်သက်၍ မည်သည့် ဝေဖန်ချက်မှမပေးခဲ့ဟုဆိုသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ခေါင်းဆောင်များအနေဖြင့်မူ တောင်တရုတ်ပင်လယ်အတွင်း နှစ်နိုင်ငံနယ်မြေပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုများရှိနေသော်လည်း တရုတ်နိုင်ငံနှင့် နွေးထွေးစွာဆက်ဆံရေးကို ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် မိုဘိုင်းဆက်သွယ်ရေးကဏ္ဍ ပိုမိုတိုးတက်ရေးအတွက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် San Miguel Corp သည်၎င်း၏ ကြိုးမဲ့ဆက်သွယ်ရေး လုပ်ငန်းများအားလုံးကို PLDT Inc. နှင့် Globe Telecom Inc. တို့ထံသို့ ပီဆိုဘီလီယံ ၇၀ ဖြင့် ရောင်းချခဲ့ပြီးနောက် PLDT Inc. နှင့် Globe Telecom Inc. တို့သည် နိုင်ငံ၏ မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းကို လက်ဝါးကြီးအုပ်ထားသည့် ကုမ္ပဏီများအဖြစ် ရပ်တည်ခဲ့သည်။

"အခုဆိုရင် ကျွန်တော်တို့အနေနဲ့ ကုမ္ပဏီနှစ်ခုတည်းက နိုင်ငံရဲ့မိုဘိုင်းဖုန်းဈေးကွက်ကို ချုပ်ကိုင်ထားတာမျိုးကို အဆုံးသတ်ပါတော့မယ်"ဟု ရော့ခ်က ပြောကြားခဲ့သည်။

PLDT Inc. သည် ဂျပန်နိုင်ငံ Nippon Telegraph & Telephone Corp ၏ လက်အောက်ခံကုမ္ပဏီ တစ်ခုဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကဏ္ဍ၌ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုကို ၄၀ရာခိုင်နှုန်းသာ အကန့်အသတ်ဖြင့် ခွင့်ပြုပေးကြောင်း သိရသည်။

